www.burmeseclassic.com

T H E S A N G

# တောက်ရိလျောက်ရိလေးပဲချစ်ခဲ့သည်

လုံးချင်းဝတ္ထုသစ်

## သိုးဆောင်း

BURMESE CLASSIC .com

SHWE T AMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassic.com

# သိုးဆောင်း

# တောရလော်ရီလေးပဲချစ်ခဲ့သည်

[illegible]ချင်းဝတ္ထုရှည်

ရွှေသမီးစာပေ
အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား၊ ရန်ကုန်မြို့
ဖုန်း ၊ ၀၁ ၂၄၂၂၇၉ ၊ ၀၉ ၅၁၀၀၀၈၉၈။

www.burmeseclassic.com

www.burmeseclassic.com

[redacted]

သားသား စိတ်ညွှ

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၉၂၊ ၃၉လမ်း၊ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၂ ခုနှစ် ၊ နိုဝင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

ဆောင်း ၈၉၅.၈၃

( တော်ရိုလျော်ရိုလေးပဲချစ်ခဲ့သည် ) သိုးဆောင်း ၊ ရန်ကုန်၊
ရွှေသမီး စာပေ၊ ၂၀၁၂

-အ၁၂၅၊ ၁၉.၅စင်တီ၊ (၁) တော်ရိုလျော်ရိုလေးပဲချစ်ခဲ့သည်

BURMESE CLASSIC .com

# တော်ရိုလျော်ရိုလေးပဲချစ်ခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com

# ောက်ရိပ်ပျော်ရိပ်လေးပဲချစ်ခဲ့သည်

## I

"မင်းနာမည် ဘယ်သူလဲ"

"ဂျီယာ . . ."

"အားပါး . . . နာမည်က အမိုက်စားပါလား။ နာမည်ရင်းတော့ ဟုတ်မယ်မထင်ဘူး"

"ဟုတ်မလား။ ရှင်ကလည်း မေးပဲမေးတတ်တယ်။ ဂျီယာဆိုတာ ကျွန်မကိုယ်တိုင်ပေးထားတဲ့ တစ်ဦးပိုင်နာမည်"

"ဘာလဲ . . . တစ်ဦးပိုင်နာမည်ဆိုတာ"

"ဒီလိုလေ . . . ကျွန်မကိုယ်တိုင်ပေးထားပြီး ကျွန်မ တစ်ဦးတည်း ပိုင်တဲ့နာမည်ကို ပြောတာ"

"မင်းဟာက ဘယ်လိုကြီးလဲကွ"

"ရှင်းရှင်းလေးပါ။ အခု ကျွန်မတို့နှစ်ယောက် သစ်ပင်အောက်မှာ ထိုင်နေတယ်။ ဟုတ်လား . . ."

"ဟုတ်တယ် ထင်တာပဲ"

ကောင်မလေးက 'ခစ်'ခနဲ ရယ်သည်။

"ထားပါတော့ . . . ။ ကျွန်မ ပြောသလို သစ်ပင်အောက်မှာ ထိုင်နေတယ်ပဲ ထားလိုက်ပါ။ အဲဒီသစ်ပင်ဆိုတဲ့နာမည်ကို ဘယ်သူ့ပေးခဲ့တာလို့ ရှင်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"သိမလားကွ"

"အဲလိုပဲ ဒီခြံထဲမှာရှိတဲ့ အိမ်ဆိုတဲ့ ဝေါဟာရကိုရော၊ ခပ်လှမ်းလှမ်းမှာဖိုထားတဲ့ မီးဖိုဆိုတာကိုရော။ ကျွန်မတို့ နှစ်ယောက်လုံးရဲ့မျက်လုံးမှာ စည်းထားတဲ့ အဝတ်ကိုရော၊ ပြီးတော့ ရှင်ဟာ ယောကျ်ား။ ကျွန်မက မိန်းမ၊ လူ၊ တိရစ္ဆာန်၊ အိုးခွက်ပန်းကန်စတဲ့ ကျွန်မတို့အသုံး အဆောင်ပစ္စည်းအားလုံးမှာ နာမည့်တွေရှိကြတယ်။ အဲဒါကို ဘယ်သူတွေ မှည့်ခေါ်ခဲ့တာလဲ၊ ရှင်ရော၊ ကျွန်မရော မသိဘူး။ သေချာတာကတော့ ကျွန်မတို့ပေးထားတဲ့နာမည်တွေ တစ်ခုမှမဟုတ်တာပဲ။ ယုတ်စွအဆုံး . . . ကျွန်မတို့နာမည်တောင် ကျွန်မတို့ မပိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"မိဘတွေပေးထာတဲ့ နာမည်လေ။ ဒါမှမဟုတ် ဘုန်းကြီးတွေ၊ ဗေဒင်ဆရာတွေ ပေးခဲ့တာ။ ဒီတော့ ကျွန်မတို့ နာမည်ကအဖေ၊ အမေပိုင်တဲ့နာမည်။ ကျွန်မတို့ပိုင်တဲ့ နာမည်မဟုတ်ဘူး။ အဲဒါကြောင့် ကျွန်မနာမည် ကျွန်မပိုင်ချင်လို့ ဂျိယာဆိုတာကို ကိုယ့်ကိုယ်ကိုယ် ပြန်ပေးထားတာပဲ"

အနည်းငယ်တော့ စဉ်းစားလောက်၏။ ဟုတ်တော့လည်း ဟုတ်သည်။ အရာအားလုံးက ဘယ်သူတွေပေးထားခဲ့မှန်း မသိသောနာမည် ကိုယ်စီနဲ့။ သူမပြောသလိုပင် အများခေါ်နေသော ကိုယ့်နာမည်တောင် အမှန်က မိဘတွေပေးထားသော နာမည်။ ကိုယ်တိုင်ပေးထားသော နာမည်မဟုတ်။

"ကျွန်မကတော့ စဉ်းစားထားတယ်။ အိမ်ထောင်ရက်သားကျလို့ သားသမီးမွေးရင်လည်း ကျွန်မသား၊ သမီးကို ကျွန်မကိုယ်တိုင်ပဲ နာမည်ပေးမှာ။ ဘယ်သူ့ကိုမှ မပေးခိုင်းဘူး။ လောကကြီးထဲမှာ အများသူငါ ခေါ်တွင်ဖို့ ကျွန်မကိုယ်တိုင် ပေးထားလို့ရတဲ့နာမည်က အနည်းအကျဉ်းပဲရှိတာလေ။ ကျွန်တာတွေအားလုံးက သူများတွေပေးပြီးသား"



ဟုတ်နေပြန်ပါသည်။

"ဒါဆို မင်းက အိမ်ထောင်မရှိသေးဘူးပေါ့"

သူ့အမေးကြောင့် သူမ ခစ်ခနဲ ရယ်သည်။ ရယ်လိုက်ချိန်တွင် သူမ နားသီးဖျားလေးမှ ဆည်းလည်းသံလေးများ တချွင်ချွင်မြည်သံကို ကြားရပါသည်။ နားဆွဲရှည်ရှည်လှလှလေးများကို ခေတ်နှင့်လျော်ညီစွာ ဝတ်ဆင်တတ်သော မိန်းကလေးတစ်ယောက် ဖြစ်မည်ထင်၏။ သည်းသည်းလှုပ်ရယ်နေတာမို့ တချွင်ချွင်မြည်သံလေးက အဆက်မပြတ် ကြားနေရသည်။

မျက်လုံးမှာ အဝတ်စည်းထားရသည်မို့ သူမ ဘယ်လိုပုံစံရှိနေသနည်းဆိုတာကိုတော့ မမြင်ရ။

"ရှိစရာလားရှင့် . . . အိမ်ထောင်ရှိမှတော့ ဒီလိုကစားပွဲမျိုး ဝင်ကစားပါ့မလား"

"ရည်းစားတွေ၊ ဘာတွေရော ရှိလား"

"ရှင်က ဘာလုပ်မလို့လဲ"

"ဒီလိုပါပဲ . . . ဘာရယ်မဟုတ်ပါဘူး။ အိမ်ထောင်မရှိသေးဘူးဆိုတော့ ရည်းစားတွေ၊ ဘာတွေများ ရှိလား မေးကြည့်တာပါ။ မင်းက

အသံချိုတယ်လေ"

"ဘာဆိုင်လို့လဲ"

"အသံချိုတော့ ရုပ်လည်း ချောမှာပဲလို့ ထင်မိလို့ပါ"

"ခစ် . . . ခစ် . . . ခစ် . . ."

ရယ်နေပြန်ပါသည်။ သူမ ရယ်နေသမျှ ကာလပတ်လုံး နားဆွဲသံလေးကိုလည်း အဆက်မပြတ်ကြားနေရ၏။ မိန်းကလေးဆိုတာမျိုးက ဘီလူးမလောက်ပဲ ရုပ်ဆိုးနေပါစေ၊ သူတို့ကို ချောသည်ဟုပြောလျှင်တော့ သွေးနားထင်ရောက်ကာ တော်လေးဝအလောင်းလျာများလောက် ကိုယ့်ကိုယ်ကိုယ် ထင်သွားတတ်ကြသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးအုံအတက်ကို ဖယ်ကြည့်လျှင်တော့ ဘေးမှ မဒီလည်း ဖင်နှဲမြောကြီး တစ်တောင်လောက်မြင့်နေမှာ သေချာသည်။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"စစ်ရိုပ် . . . "

"ရှင်ကရော နာမည်ဝှက်ပဲလား"

"မဟုတ်ပါဘူး။ ဒီလိုကစားပွဲမျိုး ဝင်ကစားပေမဲ့ ကျွန်တော်ကတော့ နာမည်မှန်ကိုပဲ သုံးပါတယ်"

"ကဲ . . . ကိုစစ်ရိုပ်၊ ရှင်ကချည်းပဲ မေးနေတယ်။ ကျွန်မလည်း ရှင့်ကို မေးပါဦးမယ်"

"မေးပါဗျာ"

"ရှင်ကရော ရည်းစားရှိလား"

"ဒီအသက်အရွယ်ရောက်နေပြီဗျာ။ နည်းနည်းပါးပါးတော့ ထားဖူးတာပေါ့"

"ဟုတ်ပြီ . . .။ အဲဒါဆို ရှင်ချစ်သူအပေါ် ရှင် ဘယ်လောက်ထိ မျှော်လင့်ခဲ့လဲ"

သူ အနည်းငယ် စဉ်းစားသွားသည်။

"ဘာကိုဆိုလိုတာလဲ"

"ချစ်သူတစ်ယောက်အပေါ် ရှင်မျှော်လင့်ထားသမျှ အားလုံးပေါ့။ ဥပမာ ရှင့်ချစ်သူဖြစ်လာမဲ့ လူဟာ ရုပ်ချောရမယ်တို့၊ ပညာတတ်ရမယ်တို့၊ ချမ်းသာရမယ်တို့ စသဖြင့်ပေါ့"

စစ်ရိုပ် 'တဟားဟား' အော်ရယ်လိုက်သည်။ သူ့ရယ်သံကြောင့် ဘေးကမိန်းကလေး အနည်းငယ်ကြောင်သွားသည်ထင်၏။ ပြီးတော့ နားမလည်သော မေးခွန်းတစ်ခု ချက်ချင်းဆိုသလို ထွက်လာသည်။

"ရှင် . . . ဘာလို့ ရယ်တာလဲ"

"မင်း မေးခွန်းက ရယ်စရာကောင်းနေတာကိုး။ အဲလိုမေးခွန်းမျိုးက အရည်အချင်းမရှိတဲ့ ယောကျ်ားတွေကို မေးရမှာ"



"ဘာကြောင့်လဲ"

"ဒါမှ သူတို့အခန့်သား ထိုင်စားလို့ရမှာလေ"

"ရှင်ကရော . . ."

"ငါကတော့ တစ်ခုပဲ မျှော်လင့်တယ်"

"ဘာလဲ"

"ငါ့ကို တစ်သက်လုံးချစ်နေဖို့"

"အဲ . . ."

တိုးသဲ့သဲ့ အာမေဋိတ်သံတစ်ခု သူမဆီမှ ထွက်လာပါသည်။ သူ့စကားကို ကြားပြီး အနည်းငယ်ဖျားသွားသည်ထင်၏။

"ဟုတ်ပါပြီ။ အဲဒါဆို နောက်တစ်ခု ထပ်မေးဦးမယ်။ ဒုက္ခရောက်သူတစ်ယောက်ကို ရှင် ဘယ်လောက်ထိ ကူညီဖူးလဲ"

စဉ်းစားသွားရ၏။ ဒါပေမဲ့ ခဏချင်းပင် အတိတ်မှ ဖြစ်ရပ်တချို့က ခေါင်းထဲမှာ ပေါ်လာသည်။

"အမှန်အတိုင်း ပြောရမှာလား"

"ပြောပေါ့"

"တော်တော်တော့ ကြာနေပြီ။ လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်လောက်ကပေါ့။ ဒီလိုညမှာပဲ လမ်းထိပ်မှာ သူငယ်ချင်းတွေနဲ့ကစားပြီး အိမ်ကိုပြန်လာတော့ ညဆယ်နာရီကျော်နေပြီ။ ဆယ်နာရီဆိုပေမဲ့ ငါတို့ ဒီမြို့လေးကသေးတော့ အိမ်တိုင်းလိုလို တံခါးပိတ် အိပ်နေကြပြီ။

ပြန်လာရင်း လမ်းတစ်ဝက်မှာ မျက်နှာချင်းဆိုင်က အမောတကောပြေးလာတဲ့ လူကြီးတစ်ယောက်နဲ့ ဆုံတယ်။ ပခုံးပေါ်မှာ အိတ်မည်းကြီးတစ်လုံးကို မနိုင်တနိုင်ထမ်းလို့။ ငါ့ကိုတွေ့တော့ အဲဒီလူကြီးက ပြောတယ်။ 'ညီလေး . . .' ဒီအနီးအနားမှာ ပုန်းလို့ရတဲ့ နေရာကောင်းကောင်း မရှိဘူးလားတဲ့။ နောက်မှာ သူ့ကိုသတ်မဲ့လူတွေ လိုက်လာလို့တဲ့။ ငါလည်း ကလေးပဲရှိသေးတာဆိုတော့ ပထမ လန့်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဆက်ပါဦး"

စကားကို ရပ်ကာ တံတွေးမျိုတော့ သူမက ထောက်ပေးသည်။

"လူကြီးပုံစံကြည့်ရတာလည်း တကယ်ပဲ သူ့ကို သတ်မယ့်လူတွေ နောက်ကလိုက်လာလို့ ငါ့ဆီက အကူအညီတောင်းပုံမျိုးဖြစ်နေတော့ ချက်ချင်းပဲ သူ့ကို တစ်နေရာ ခေါ်သွားလိုက်တယ်။ ဒါ ငါတို့ရပ်ကွက်လေ။

ပြီးတော့ အဲဒီအနီးအနားမှာ ငါတို့ကစားနေကျ ရေတွင်းပျက်ကြီးတစ်ခုရှိတယ်။ ဒီအတိုင်း မဟုတ်ဘူး။ အတွင်းမှာ ငါတို့ တူတူပုန်းတမ်းကစားရင် ဝင်ပုန်းလို့ရအောင် ကျင်းလေးတစ်ကျင်း တူးထားသေးတော့ အဲဒီလူကြီး အဆင်ပြေသွားတယ်။

တစ်အောင့်ကြာတော့ ရပ်ကွက်ထဲကလူတွေ တကယ်ပဲ တုတ်တွေ၊ ဓားတွေကိုင်ပြီး ရောက်လာပါလေရော။ ငါ့ကိုတွေ့တော့ ခုန ဒီနားကို လူတစ်ယောက် ရောက်လာသေးလားတဲ့။ ငါလည်း ရောက်လာတယ်ဆိုပြီး လမ်းကို လွှဲပြောလိုက်တယ်ဟ"

"အဲဒီတော့ . . ."

"အဲဒီတော့ ငါ ညွှန်လိုက်တဲ့လမ်းအတိုင်း လူအုပ်ကြီး လိုက်သွားကြပေါ့။ တစ်အောင့်ကြာပြီးတော့ စိတ်ချရတော့မှ အဲဒီလူကြီးကို အပေါ်ပြန်တက်ခိုင်းလိုက်တယ်။ အပေါ်ရောက်ရောက်ချင်း လူအုပ်ကြီး ပြေးထွက်သွားတဲ့ ဆန့်ကျင်ရာကို လူကြီးတစ်ချိုးတည်း ပြေးတော့တာပဲ။

အဲဒီလူကြီး ပြေးထွက်သွားတော့မှ ငါလည်း ရေတွင်းပျက်ထဲကို ငုံ့ကြည့်မိတော့ အထုပ်လေးတစ်ထုပ် ကျန်ခဲ့တာကို တွေ့ရတယ်။ ဆင်းယူကြည့်တော့ အဝတ်ပတ်ထားတဲ့ ဘူးလေးတစ်ဘူး ဖြစ်နေတယ်ဟ။ ငါလည်း ချက်ချင်းပဲ လူကြီးနောက်ကို ပြေးလိုက်တာပေါ့။ တော်တော်နဲ့ မမီပါဘူးဟာ။ နာရီဝက်နီးနီးကြာပြီးတော့မှ အရိပ်အယောင်



တွေ့ရတယ်။ ဒါနဲ့ ငါလည်း မီအောင်လိုက်ပြီး သူကျန်ခဲ့တဲ့ အထုပ်လေးကို ပြန်ပေးတာပေါ့"

"အင်း . . ."

"လူကြီးက ငါ့ကို အကြာကြီး ကြောင်ကြည့်နေတယ်ဟ။ ပြီးတော့မှ ကျေးဇူးပဲ . . . ညီလေးရာ။ မင်းကျေးဇူးကို ဒီတစ်သက်မမေ့ပါဘူးလို့ပြောတယ်။ ပြီးတော့ ငါပေးတဲ့အထုပ်လေးကို ယူပြီး ပြန်လှည့်ပြေးသွားတယ်။ ဘာကြောင့်မှန်းမသိဘူး၊ ငါ တော်တော်ပျော်သွားတယ်ဟာ။ လူတစ်ယောက်ရဲ့အသက်ကို ကယ်နိုင်ရုံတင်မဟုတ်ဘူး၊ သူကျကျန်ခဲ့တဲ့ ပစ္စည်းကိုပါ မနေမနား ပြန်ပေးလိုက်နိုင်တယ်ပေါ့။

ဒါနဲ့ ငါလည်း အပျော်တွေ တသီတတန်းကြီးနဲ့ အိမ်ပြန်လာခဲ့တယ်။ ခြံထဲရောက်ရင်ပဲ အိမ်ဝမှာထိုင်ပြီး ရှိုက်ကြီးတငင်ငိုနေတဲ့ အမေ့ကို တွေ့ရတယ်။ ဘာဖြစ်လို့လဲလို့ ငါမေးကြည့်တော့ အိမ်ကို သူခိုးဝင်ခိုးသွားလို့တဲ့။ သူခိုးနောက်ကို ရပ်ကွက်ထဲကလူတွေ တုတ်၊ ဓားတွေစွဲပြီး လိုက်သွားကြတယ်တဲ့"

"ဟယ် . . ."

တအံ့တဩအသံလေး သူမထံမှ ထွက်လာသည်။

"တစ်လျှောက်လုံး ပျော်လာတဲ့အပျော်တွေ ခဏလေးနဲ့ လွင့်ထွက်သွားတယ်။ အမေက ငါ့ကိုဖက်ပြီး ငိုပါလေရော။ ပြီးတော့ တစ်ခွန်းပြောတယ်။ သားမုန့်ဖိုးလေးတွေနဲ့ နည်းနည်းချင်းစီစုထားတဲ့ စုဘူးလေးကို အမေ မထိန်းသိမ်းလိုက်နိုင်ဘူး။ အမေ့ကို ခွင့်လွှတ်ပါတဲ့။ ငါ တကယ်ပဲ အရပ်ကြီးပြတ် လဲကျသွားတော့မလို ခံစားလိုက်ရတယ်ဟာ။

တကယ်တော့ ငါကူညီလိုက်တဲ့လူက ငါ့အိမ်ကို ဝင်ခိုးသွားတဲ့သူခိုးဖြစ်နေတယ်။ ငါအမောတကော လိုက်ပေးခဲ့တဲ့ အဝတ်ပတ်ဘူးလေးက မုန့်ဖိုးလေးတွေကို တစ်နေ့ နည်းနည်းချင်းစီစုထားတဲ့ ငါ့ရဲ့စုဘူးလေးဖြစ်နေတယ်။ ဘယ်လောက် ဝမ်းနည်းဖို့ကောင်းလဲ။ ငါ အဲဒီလောက်ထိ လူတစ်ယောက်ကို ကူညီခဲ့ဖူးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဝန်းအတွင်းက ခဏတာ တိတ်ဆိတ်သွားသလို ခံစားလိုက်ရသည်။ သူတို့နှင့် ခပ်လှမ်းလှမ်း မီးပုံဆီမှ တဖျစ်ဖျစ်အသံများကို ကြားရ၏။ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသော ခြံဝန်းကြီးတွင်းမှာ အေးစိမ့်စိမ့် [illegible] တစ်စထက်တစ်စ မင်းမူလာနေသည်။

ဒီဇင်ဘာ ညတစ်ညဖြစ်သည်။

အတော်ကြီးကြာမှ သက်ပြင်းချသံတစ်ခုနှင့်အတူ သူမ အသက်ဝင်လာကာ . . .

"အေးဟာ . . . စိတ်မကောင်းပါဘူး"

စစ်ရိုပ် ခြောက်ကပ်ကပ်ရယ်ကာ . . .

"ကြာနေပါပြီ။ ဘာမှ မခံစားရတော့ပါဘူး"

ပြီးတော့ တိတ်သွားပြန်ပါသည်။ တိတ်ဆိတ်မှုကို ဒီလိုညမျိုးမှာ မနှစ်မြို့သည့်ကြောင့် . . .

"ကဲ . . . ဂျီယာ . . . မေးစရာ ကုန်ပြီလား"

"ဟင့်အင်း . . . တစ်ခုကျန်သေးတယ်"

"ဘာမေးမှာလဲ . . . မေး . . ."

"ရည်းစားတစ်ယောက်ကို ဖြတ်မယ်ဆို ရှင် ဘယ်လိုနည်းနဲ့ဖြတ်မလဲ"

"လာပြန်ပြီ။ ဘာကိစ္စ ငါက ရည်းစားကို ဖြတ်ရမှာလဲ"

"ဒီလိုရှင် . . . ။ ရှင်က မချစ်ဘဲနဲ့ ကောင်မလေးတစ်ယောက်ကို တွဲနေတယ်။ အဲဒီကောင်မလေးကတော့ ရှင့်ကို တကယ်ချစ်နေတယ်။ တစ်နေ့ ရှင်တစ်ကယ်ချစ်တဲ့ မိန်းကလေးပေါ်လာတဲ့အခါမှာ လက်ရှိတွဲနေတဲ့ ကောင်မလေးကို ဘယ်လိုဖြတ်မလဲ"

"ဒီအတိုင်းပဲ ပွင့်ပွင့်လင်းလင်း ပြောပြီးဖြတ်မှာပေါ့"

"အဲလို လုပ်လို့မရဘူးလေ။ ဟိုကောင်မလေးက ရှင့်ကို တကယ်ချစ်နေတာ"



"ငါက တကယ်မချစ်ဘူး"

"မှန်တယ်လေ။ ရှင်တကယ်မချစ်ပေမဲ့ ဖြတ်လို့ရတဲ့နည်းတွေ အများကြီးရှိတာပဲ။ အဲလို ဘွင်းဘွင်းကြီးပြောပြီး ဖြတ်တော့ ဟိုဘက်က ဘယ်လက်ခံနိုင်မှာလဲ။ လက်ခံနိုင်တယ်ထားဦး။ တော်တော်ခံစားသွားရမှာပေါ့။ ရှင် မသနားဘူးလား"

"ငါကိုငါ ပိုသနားတယ်"

ခဏ တိတ်ဆိတ်သွားပြီး မကြာလိုက် . . .

"သြော် . . . ရှင်တို့က ဒီလိုလား။ မိန်းကလေးတစ်ယောက်ကို မချစ်ဘဲနဲ့ တွဲချင်တိုင်းတွဲ၊ ပြီးတော့ တကယ်ချစ်နေမဲ့လူ တွေ့ပြီဆိုပြီး ဖြတ်၊ တရားကျဖို့ ကောင်းလိုက်တာ။ ယောကျ်ားတွေများ တော်တော်ကြောက်ဖို့ ကောင်းပါလား"

"ငါလည်း မင်းတို့မိန်းကလေးတွေကို တော်တော်ကြောက်သွားပြီ။ အထူးသဖြင့် ငါမချစ်ဘဲတွဲနေရတဲ့ မိန်းကလေးမျိုးပေါ့"

"ဘာဖြစ်လို့လဲ"

ဒေါသရောင် အနည်းငယ်စွက်သော မေးခွန်းတစ်ခု လျှပ်ပြက်သလို ပေါ်လာတော့ . . .

"သူ့ကို မချစ်မှန်းသိရက်နဲ့ ငါ တွဲချင်စိတ်ဖြစ်လာအောင် ကြိုးစားအားထုတ်လို့။ အထူးသဖြင့် မင်းတို့မိန်းကလေးတွေတတ်တဲ့ မိန်းမမာယာဆိုတာတွေနဲ့ ငါတွဲဖြစ်လာအောင် စည်းရုံးသိမ်းသွင်းလို့"

"ဘာရှင့် . . . "

"ဟား . . . ဟား . . . ဟား . . . "

လွတ်လွတ်လပ်လပ် ရယ်မိလိုက်၏။ နံဘေးမှ ကောင်မလေးမှာတော့ ကြိတ်မနိုင်၊ ခဲမရတွေ ဖြစ်နေမည်ထင်သည်။

ခပ်လှမ်းလှမ်းရှိမီးပုံမှာ တဖျစ်ဖျစ်အော်မြည်နေ၏။ ခြံဝန်းကြီးက သူတို့နှစ်ယောက်မှတစ်ပါး အားလုံး တိတ်ဆိတ်ငြိမ်သက်နေသလို။



www.burmeseclassic.com

www.burmeseclassic.com

ဒီဇင်ဘာလေပြေ့က အဝတ်လွတ်နေသော နေရာတွေကို မညှာမတာ ပွတ်ဆွဲနေ၏။ ထိုစဉ်မှာပဲ . . .

"Happy . . . New . . . Year . . ."

ဟူသောအော်သံတွေ ခြံပြင်ဘက်ဆီမှ ဆက်တိုက်ဆိုသလို ထွက်ပေါ်လာလေတော့သည်။

နံဘေးမှ အငွေ့အသက်တစ်ခုကတော့ ပျောက်ကွယ်သွားသလို။

ဒါမှမဟုတ် ဝေးသထက်ဝေးသွားသလို . . . ။

* * *



## II

Online မှကြော်ငြာတစ်ခုအား ကြည့်ရင်း သူတို့အုပ်စု အံ့သြသွားသည်။ ထူးထူးဆန်းဆန်း ကြော်ငြာပါလား။



www.burmeseclassic.com

www.burmeseclassic.com

**GAEA (ဂျီယာ) ကို လက်ထပ်ချင်သူများ**
**အောက်ပါစာမေးပွဲ ဖြေဆိုပါ။**

1. စာကြောင်းရေ (၁၀၀)ခန့်ရှိ ကဗျာရှည်တစ်ပုဒ်စပ်ပြရန်။

2. ရည်းစားဟောင်းထံ ဖြတ်စာတစ်စောင် ရေးပြရန်။

3. ရခိုင်အရေးအခင်းတွင် လှူဒါန်းငွေကို ဖော်ပြရန်။

4. ဒုက္ခရောက်နေသူတစ်ယောက်အား မည်သည့်အတိုင်းအတာထိ ကူညီဖူးကြောင်း ရေးပြရန်နှင့်။

5. ချစ်သူတစ်ယောက်အပေါ် သင်မျှော်လင့်သမျှ အရာအားလုံးကို မကွယ်မဝှက် ရေးပြရန်တို့ဖြစ်သည်။

အထက်ပါ မေးခွန်း (၅) ခုလုံးကို အောင်မြင်သူသည် ဂျီယာနှင့် တွေ့ဆုံရမည်ဖြစ်ပြီး နောက်ပိုင်းကိစ္စများကို နှစ်ဦးသဘောတူ ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

မှတ်ချက်။ ။ အရာအားလုံးသည် ပထမအကြိမ် တွေ့ဆုံမှုပေါ်တွင် မူတည်၏။



စာဆုံးသွားချိန်မှာ သူ့မျက်လုံးတို့ ပြူးကျယ်သွားချေပြီ။ **အမိက** မှာ GAEA(ဂျီယာ) ဆိုသော နာမည်။

Keyboard ပေါ်မှာ သူ့လက်ချောင်းတွေ ပြေးသွားတော့ မင်းဇင်နှင့် ဖြိုးသစ်ထွန်းတို့ အနားရောက်လာသည်။ မင်းဇင်က . . .

"ဟေ့ကောင် . . . ဘာလုပ်မလို့လဲ"

ပြန်မဖြေ။ စာတစ်ကြောင်းကို ရိုက်ထည့်လိုက်သည်။

"ဂျီယာ . . . မင်းကိုရှာတာ ကြာနေပြီ။ ငါ့နာမည် စစ်ရိုပ်၊ မင်းမှတ်မိတယ်မလား"

က်ကောင်းစွာပင် တစ်ဖက်မှာ သူမလည်း ရှိနေသည်။

"မသိဘူး . . ."

"ဟင် . . ."

စစ်ရိုပ် မျက်မှောင်ကြုတ်မိသွားသည်။ ဖြိုးသစ်ထွန်းက တစ်ဖက်မှ ပြန်စာကိုကြည့်ကာ . . .

"ဟေ့ကောင် . . . မင်းကို မသိဘူးတဲ့"

ခေါင်းယမ်းရင်း နောက်တစ်ကြောင်း ရိုက်ထည့်လိုက်ပါသည်။

"လွန်ခဲ့တဲ့ New . . . Year ညက ငါတို့ ဆုံခဲ့တာလား။ တောင်ကုန်းပေါ်က ခုံကြီးတစ်ခုံမှာ ချစ်သူရှာပွဲတော်ကစားရင်း ဆုံခဲ့တာ မမှတ်မိဘူးလား"

"ဘာတွေလာပြောနေတာလဲ"

"ငါတို့ မျက်လုံးကို အဝတ်စည်းထားတယ်လေ။ ပြီးတော့ ငါတို့နှစ်ယောက် စကားတွေ အများကြီးထိုင်ပြောကြတယ်"

ဒီတစ်ခါတော့ တစ်ဖက်မှ ပြတ်ပါသည်။

"စာမေးပွဲ ဖြေမှာမဟုတ်ရင် Line ပေါ် ဝင်မလာပါနဲ့"

ပြီးသွားလေပြီ။ သူ စာတွေ အကြိမ်ကြိမ်အခါခါ ထပ်ပို့ပေမဲ့ ပြန်စာရောက်မလာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် . . ."

စိတ်ပျက်လက်ပျက် စုတ်သပ်တော့ သူ့ကို သူငယ်ချင်းနှစ်ဦးက ဝိုင်းကြည့်ကြသည်။ စစ်ရိပ် သက်ပြင်းကို ချလိုက်၏။ ထိုကဏ္ဍကို အဆုံးထိ ဝင်ကြည့်တော့ဖြေဆိုထားသူပေါင်း (၂၀၀)ကျော်နေပါပြီ။ ထိုအထဲမှ (၅) ဦးသာ အောင်မြင်ထား၏။

ဘာတွေလဲ။

ဘယ်သူတွေလဲ။

သူ တစ်နှစ်တာပတ်လုံး အသည်းအသန်ရှာဖွေနေသည့် ဂျီယာကရော ဘယ်ရောက်နေတာလဲ။

စိတ်မသက်မသာဖြင့် ဆိုင်ထဲမှ ထွက်လာခဲ့ပါသည်။ ဟိုနှစ်ကောင်ကတော့ နောက်မှာ ခပ်ကုပ်ကုပ်ပါလာ၏။ ဒါပေမဲ့ မျက်နှာတွေက အပိုးမကျိုး။ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးစိစိ။

ရပ်ကွက်ထဲကိုရောက်တော့ လူရှင်းစပြုနေပြီဖြစ်သည်။ အိမ်တိုင်းလိုလိုမှာ ဝန်းခြံတံခါးတွေပိတ်ပြီး၊ နေ့ရက်တစ်ခုကို နှုတ်ဆက်ဖို့တာစူနေကြပြီ။ အဆောင်ရှိရာ လမ်းချိုးလေးမှာတော့ အစဉ်သဖြင့် မှောင်မည်းနေ၏။

မကြာခင်က မိုးရွာထားသည်ကြောင့် လမ်းချိုးလေးက ရေဝပ်နေသည်။ မြေနိမ့်ပိုင်းဖြစ်သည့်အတွက် သူတို့အဆောင်ရှိရာဆီသွားသော လမ်းမှာ မိုးတွင်းကာလတို့တွင် ရေဗွက်၊ ရေအိုင်တွေ ပွယလျက် ရှိနေတတ်ပါသည်။ ယခုလည်း သူတို့သုံးယောက်မှာ သိုင်းကွက်နင်း၍ . .

ဒီအချိန်ဆို အဆောင်ရှေ့တံခါးပိတ်ပြီမို့ နောက်ဖေးတံခါးသို့သာ ဦးတည်လိုက်သည်။ တံခါးရှေ့ကိုရောက်တော့ ဖြိုးသစ်ထွန်းမှာ အနားတိုးသွား၏။ ဒီကောင်က ဒါမျိုးကိစ္စတွေ အလွန်တော်ပါသည်။ တံခါးကို သူ့ခန္ဓာကိုယ်ဝဝကြီးနဲ့ကပ်ကာ နားစိုက်ထောင်သည်။ စိတ်ချရတော့မှ တံခါးနှစ်ရွက်အလယ်မှ စုံကိုင်ကာ အတွင်းကို ခပ်ဆတ်ဆတ်တွန်းလိုက်၏။



ဂွပ်ခနဲ အသံအုပ်အုပ်မြည်ကာ တံခါးနှစ်ချပ်မှာ ပွင့်သွားသည်။ ဒီတော့မှ သူတို့သုံးဦးအတွင်းကို ခပ်ကုပ်ကုပ် ဝင်လိုက်ကြပါသည်။ ဖြိုးသစ်ထွန်းက တံခါးကို မူလအတိုင်း ပြန်ပိတ်သည်။ ဂျက်ပြန်ထိုးမထားခဲ့။ အဆောင်ကလူတွေ အပြင်မှာ ကျန်ချင်ကျန်နေလိမ့်ဦးမည်။

ညဆယ်နာရီဆိုလျှင် တံခါးပိတ်သည်က အဆောင်စည်းကမ်းဖြစ်၏။ ရှေ့တံခါး၊ နောက်တံခါးအပြင် ဝန်းခြံတံခါးကိုပါပိတ်၏။ ဒါပေမဲ့ ဝန်းခြံစည်းရိုးက လုံခြုံသည်မဟုတ်။ အချိန်မရွေးအတွင်းကို ဝင်ရောက်နိုင်သည်။

ဒါပေမဲ့ အဆောင်ပိုင်ရှင်အဘိုးကြီး လင်မယားကတော့ ညဆယ်နာရီထိုးတာနဲ့ ရှိသမျှတံခါးအကုန်ကို မပျက်မကွက် လိုက်ပိတ်တတ်ပါသည်။ ခက်တာက သူတို့ တံခါးပိတ်သော အချိန်တိုင်းလိုလို အဆောင်မှာ လူမစုံတတ်သေး။ အပြင်မှာ လည်ပတ်လို့ကောင်းတုန်းသာ ရှိသေးသည်။

ဒီတော့ အဘိုးကြီးလင်မယား တံခါးပိတ်ပြီးသည်နှင့် အဆောင်က မေတ္တာရှေ့ထားသူ မည်သူမဆို နောက်ဖေးတံခါးဂျက်ကို အပေါ်ပြန်တင်ထားလေ့ရှိသည်။ ထို့ကြောင့် မည်မျှပဲ နောက်ကျပါစေ၊ အဆောင်တွင်းသို့ အခက်အခဲမရှိ ပြန်ဝင်နိုင်၏။ တစ်ခုပဲ သတိထားရမည်။ အဘိုးကြီးလင်မယား၏ တစ်ဦးတည်းသော သမီး အာကြမ်း၊ လျှာကြမ်း၊ အဖိုးကြီးမလုံးတင်နှင့် ရင်ဆိုင်မတိုးမိစေဖို့။

အဆောင်မှာ နှစ်ထပ်ဆောင်ဖြစ်ကာ သူတို့အခန်းသည် အပေါ်မှာ ရှိသည်မို့ လှေကားအတိုင်း ခြေသံကို လုံအောင်ထိန်းကာ တက်လာခဲ့၏။ အပေါ်ထပ်အခန်းအားလုံး မှောင်မည်းနေပြီး တစ်ခန်းသာ မီးလင်းနေသည်။ ပြေးကြည့်စရာမလိုပါ။ ထိုအခန်းတွင် ကြိတ်ပိုင်းဖြစ်နေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

**စစ်ရိုင်** အခန်းအတွင်းဝင်ပြီးတော့ ထင်ထားသလိုပါပင်။ ကြိတ် **ဗိုင်းသို့ သွားရောက်စနည်းနာသူ** မင်းဇင်နှင့် ဖြိုးသစ်ထွန်းတို့ ဝင်လာ**တာ . . .**

"အောင်ကြီးတော့ တော်တော်ထိနေပြီကွ။ ဖုန်းပေါင်ထားရ**တယ်ပြောတယ်**"

"အာနီးလည်း အခြေအနေမကောင်းဘူး။ မနေ့ကမှ အိမ်က ပို့လိုက်တဲ့ပိုက်ဆံတွေ တက်တက်ပြောင်နေပြီ"

သူ့ကို ဦးတည်ကာ ပြောကြခြင်းဖြစ်ပေမဲ့ သူကတော့ ကိုယ့်အတွေးနှင့်ကိုယ်သာ မျောနေမိသည်။ အင်းမလှုပ်၊ အဲမလှုပ် သူ့ပုံစံကြောင့် သူကောင်းသားနှစ်ကောင် ဟိုလိုလို၊ ဒီလိုလို ခေါင်းကုတ်ဖင်ကုတ်လုပ်ရင်း ရေချိုးရန် ပြင်ကြသည်။

နှစ်ဦးသား အကျီကိုယ်စီချွတ်ကာ ရေလဲပုဆိုးတွေ ပခုံးပေါ်တင်ပြီးတော့ . . .

"ဟေ့ကောင် . . . ရေမချိုးသွားဘူးလား"

ခေါင်းယမ်းပြတော့ မသတီသလို နှာခေါင်းတစ်ချက်ရှုံ့ရင်း သူကောင်းသားတွေ အောက်ဆင်းသွားကြ၏။ အရင်အချိန်တွေဆိုပါက ဒီဟန်၊ ဒီအမူအရာတွေ လုပ်ပြလျှင် နားရင်းထအုပ်မိမှာဖြစ်ပေမဲ့ ယခုတော့ . . .

တစ်ယောက်တည်းကျန်ခဲ့တော့မှ 'internet ဆိုင်က အဖြစ်အပျက်ကို သေချာပြန်စဉ်းစားမိသည်။

"ဂျီယာ . . . "

ဟုတ်ပါသည်။ နာမည်တူရုံမဟုတ်။ သူနဲ့ ဆုံစဉ်ပြောခဲ့သောစကားတွေနဲ့ အခု online တွင်ကြော်ငြာထားသည့် မေးခွန်းက အတော်များများ တူညီနေသည်။ ဒါကို ဘာကြောင့် သူ့ကိုမသိဘူးဟု ပြောရတာနည်း။ တကယ်ပဲ မသိတာလား၊ မသိယောင်ဆောင်တာလား။ ဒါမှမဟုတ် online မှ ဂျီယာက သူနဲ့ဆုံခဲ့သော ဂျီယာမဟုတ်လို့လား။



ထိုပုဂ္ဂိုလ်ရေးကြော်ငြာကဏ္ဍမှာ ထူးခြားနေတာတော့ သေချာသည်။ ပြီးတော့ ထိုစာမေးပွဲအား စိတ်ဝင်စား၍ ဝင်ရောက်ဖြေဆိုထားသူ (၂၀၀)ကျော်ရှိနေသည်။ ထိုအထဲကမှ အောင်မြင်သူ (၅) ယောက်ရှိထား၏။

အရင်က သူလုံးဝ သတိမထားမိခဲ့။ ယနေ့မှ တွေ့မိတာဖြစ်ပြီး တွေ့တွေ့ချင်းပင် စဉ်းစားစရာတစ်ပုံတစ်ပင်က နလုံးသားနှင့် ဦးနှောက်ကို ရောက်လာသည်။

ထိုစဉ်မှာပဲ ရေချိုးသွားသူနှစ်ယောက် ပြန်တက်လာ၏။ ရှေ့ဆုံးမှဝင်လာသူမှာ မင်းဇင်ဖြစ်ပြီး နောက်ကလိုက်လာသူက အသားဖြူဖြူ မိုက်ရွဲ့ရွဲ့၊ ပါးစုံအစ်အစ်နှင့် ဖြိုးသစ်ထွန်း။ သူ့ကို အဆောင်မှာ တိုးတိုးကြိတ်ကြိတ်ခေါ်သော နာမည်ပြောင်ရှိ၏။ 'ဝက်ဖြူ"။

ထိုနာမည်ခေါ်လျှင် ဖြိုးသစ်ထွန်းမှာ ဒေါသအလွန်ထွက်၏။ စိတ်ကြီးသူမို့ တော်ရုံတန်ရုံ သူ့ကို မစရဲ။ နောက်ကွယ်မှာသာ ခေါ်ကြသည်။

သူတို့သုံးယောက်မှာ အဆောင်သို့ နောက်ဆုံးမှ ရောက်လာကြသူတွေမို့ တစ်ယောက်တစ်ခန်းမရ။ နှစ်ယောက်ခန်းကျယ်ကျယ်ကိုပင် သုံးယောက်ပေါင်းနေရပါသည်။

အပြင်ဆောင်ဖြစ်သည့်အတွက် ကျောင်းသားချည်းပဲရှိသည်မဟုတ်။ အခြားခန်းသို့လည်း မပြောင်းချင်သဖြင့် ဖြစ်သလိုသာ နေနေကြခြင်းဖြစ်ပါသည်။ ဒီနှစ်ကောင်နဲ့နေရတာ ညရေးညတာ အဆင်မပြေ။ အလွန်ဟောက်တတ်၏။

အခုလည်း အခန်းတွင်းရောက်လာကတည်းက ဘာကိုမှန်းမသိ။ နှာခေါင်းတရှုံ့ရှုံ့လုပ်နေသည်။

"ဟေ့ကောင် . . . ဖြိုးသစ်၊ အခန်းထဲမှာ ဘာနံ့ထွက်နေသည်လည်း မသိဘူး။ အနံ့ခံကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com

မင်းဇင် စကားကို သဘောပေါက်စွာ ဖြိုးသစ်ထွန်းက နှာခေါင်း တရှုံ့ရှုံ့လုပ်၏။ ပြီးတော့ လက်နဲ့ နှာခေါင်းကို နာနာပွတ်ကာ . . .

"ပုပ်ပွနေတဲ့ အနံ့ကွ။ ဘယ်က ထွက်နေတာလဲ မသိဘူး"

ဖြိုးသစ်ထွန်းက အကျီမဝတ်ရသေးသော သူ့ခန္ဓာကိုယ် ဝအစ်အစ်ကို ကုန်းနမ်းကာ . . .

"ငါ့ခန္ဓာကိုယ်က ဆပ်ပြာနံ့ကို သင်းနေတာပဲ။ ငါ့ဆီက မဟုတ်ဘူး"

"ငါလည်း မဟုတ်ဘူးကွ။ ဘယ်ကပါလိမ့်"

စစ်ရိပ် နေလို့မရတော့။ ဒီအတိုင်းပစ်ထားလျှင် သူ့ကို စကားလုံးကြီးကြီးတွေဖြင့် မနာနာအောင် ဆော်တော့မည်။ သူ ရေမချိုးတာကို အကြောင်းပြုပြီး နှစ်ယောက်ပေါင်းကာ ဝိုင်းနှိပ်ကွပ်နေကြခြင်းဖြစ်၏။

ထိုင်ရာမှ ခုန်ထရင်း နီးစပ်ရာ ဖြိုးသစ်ထွန်းနားရင်းကို 'ဖုန်း' ခနဲ ပိတ်အုပ်တော့ သူ့ကောင်းသား ငိုက်စိုက်ငိုက်စိုက်ဖြစ်သွား၏။ ပြီးတော့ နောက်တစ်ယောက်၊ နှစ်ကောင်လုံး နားရင်းပွတ်ကာ သူ့ကို အူကြောင်ကြောင်ကြည့်ပြီး . . .

"ဘာလဲဟ . . ."

"ခွေးသား . . . ဘာလုပ်တာလဲ"

"မင်းတို့ဘိုးအေက အပျင်းကြီးပြီး မချိုးတာမဟုတ်ဘူးကွ။ မလိုအပ်လို့ မချိုးတာ။ မင်းတို့လို တစ်နေ့ ရေနှစ်ခါချိုးမှ ဝက်နံ့ပျောက်မယ့်ကောင်တွေ မဟုတ်ဘူး"

"ဘာကွ . . ."

ဖြိုးသစ်ထွန်း အသံကျယ်သွားသည်။ မင်းဇင်ကတော့ . . .

"ဟေ့ကောင် . . . ပြောချင်နာမည်တပ်ပြော၊ ဝါးလုံးရှည်နဲ့ သိမ်းမယမ်းနဲ့"



အနာပေါ် တုတ်ကျသွားသည်ကြောင့် ဖြိုးသစ်ထွန်း ရှူးရှူး ရှဲရှဲ ဖြစ်သွားပါသည်။ စစ်ရိပ် ထိုပုံစံကိုကြည့်ပြီး ခပ်တည်တည်ပြုံးကာ . . .

"ဘယ်လိုလဲ . . . အခုရော ပုပ်ပွနေတဲ့ အနံ့တွေနံသေးလား"

ဖြိုးသစ်ထွန်းက သူ့ကို ဘုကြည့်ကြည့်ပြီး မခံချိမခံသာ ဆဲရေးသည်။ မင်းဇင်ကတော့ သူ့အား သနားစရာ သတ္တဝါတစ်ကောင်ကို ကြည့်ကာ . . .

"ရှက်ရမ်း ရမ်းပြီး မဆိုင်တာတွေ လျှောက်မဲမနေပါနဲ့ကွာ။ မင်းက ခံနေကျပဲဥစ္စာ၊ ဒီလောက်လေးနဲ့တော့အထိ နာစရာမလိုပါဘူး"

အခွင့်ရတုန်း တင်းနေသော ဖြိုးသစ်ထွန်းက ဝင်တွယ်ပြန်သည်။

"အေးလေကွာ . . . ငါတို့တောင် မင်း ဘယ်အကွက် ရေးတယ်ဆိုတာသိတယ်။ ဒီလောက်နဲ့ကတော့ ဟိုက မင်းကိုလက်ခံပြီး အိပ်လိမ့်မယ်။ မသေမချင်း . . . မှတ်ထား . . . ဟေ့ကောင်။ online က မိန်းကလေးတွေ အကုန်လုံး ဆရာကြီးတွေချည်းပဲ။ အကောင်သေးမယ် မထင်နဲ့။ အဆွယ်တင် လေယာဉ်တင်သဘော်နဲ့ တင်ရလိမ့်မယ်"

စစ်ရိပ်ကြောင်ကာ သူတို့ကို ကြည့်မိ၏။ သူ့ကိုနှစ်ယောက်ပေါင်းနှိပ်ကွပ်နေကြပေမဲ့ ဘာကိုဆိုလိုကြောင်း နားမလည်။

"မင်းတို့ ဘာတွေပြောနေတာလဲ"

နှစ်ယောက်သား တစ်ဦးကိုတစ်ဦးကြည့်ကာ ရယ်သည်။ ဖြိုးသစ်ထွန်းခေါ် ဝက်ဖြူက . . .

"စစ်ရိပ် . . . စစ်ရိပ် . . . မင်းက . . . ဟိုး . . . မြန်မာပြည် အရှေ့ပိုင်းက လာပေလို့ပဲ။ ငါတို့လို ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးတဲ့ ငယ်မွေးခြံပေါက်တွေကို လာပတ်ချင်နေတယ် . . . ဟုတ်လား"

"ဟား . . . ဟား . . . ဒီအကွက်တွေ မင်းတို့ဘယ်မှာ သွားလုပ် . . . ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com

မင်းဇင်ကတော့ ဝင်တွယ်ပြန်သည်။ သူ့ တကယ်ပင် နားမလည် နိုင်စွာ ဖြစ်နေရတော့၏။ နောက်တစ်ခါလည်း ထပ်မအုပ်ချင်တော့သည် မို့ . . .

"နေပါဦး . . . မင်းတို့နှစ်ကောင် ဘာဖြစ်နေတာလဲ။ ငါ့ကို အလိုင်းကြီး တွယ်နေကြပါလား"

"မင်း တကယ်မသိဘူးပေါ့"

"ဟင့်အင်း . . ."

ဝက်ဖြူက 'ဟက်'ခနဲ အိုက်တင်တစ်ချက်ကျွေးကာ ရယ်သည်။

"မင်းက ရှုးချင်ယောင်ဆောင်နေတော့လည်း ပြောပြရတာပေါ့ ကွာ။ ခုန မင်း Chatting မှာ ခံလာရတာကို ငါတို့ ဝိုင်းလှောင်မှာစိုးလို့ မျက်နှာတည်နဲ့ အိုက်တင်လုပ်နေတာမလား"

ဒီတော့မှ နှစ်ကောင်စလုံးကို ကောင်းကောင်းဆဲပေးလိုက်၏။

"မင်းကြီးတော်ကြီး အိုက်တင်လုပ်ရမှာလား။ တကယ်သိတာ ကွ"

"ဒါဆို ဟိုဘက်က မင်းကို မသိပါဘူးလို့ ဘာလို့ပြောရတာ လဲ"

စစ်ရိပ် သက်ပြင်းတစ်ခုကို ချကာ . . .

"ငါလည်း အဲဒါကို စဉ်းစားနေတာပဲ"

သူ့စကားနှင့် ပုံစံကိုကြည့်ပြီး ဖြိုးသစ်ထွန်းက မဝံ့မရဲ လေသံ ဖြင့် . . .

"ဒါဆို မင်း ငါတို့ကို လိမ်နေတာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ ဂျီယာဆိုတဲ့ ကောင်မလေးနဲ့ လွန်ခဲ့တဲ့နှစ် New year ညက တကယ်ကို ဆုံခဲ့တာ"

စကားကိုရပ်ပြီး စားပွဲပေါ်မှ ဆေးလိပ်တိုကို လက်လှမ်းကာ မီးညှိသည်။ တစ်ချက်နှစ်ချက် ဖွာရှိုက်ပြီးတော့ . . .



"မင်းတို့ စိတ်ဝင်စားတယ်ဆိုရင် ငါ ပြောပြမယ်။ ယုံတာ မယုံ တာတော့ မင်းတို့အပိုင်းပေါ့"

မင်းဇင်က အားနာသလို သူ့ကိုလှမ်းကြည့်ပြီး . . .

"တကယ်ဆိုရင်တော့ ဆောရီးပဲကွ။ ငါတို့က မင်း နောက်နေ တယ် ထင်လို့"

"အေးကွာ . . . ငါလည်း စိတ်မကောင်းပါဘူး။ ဒါပေမဲ့ မင်း တို့ဆုံခဲ့ပုံကိုတော့ သိချင်တယ်"

စစ်ရိပ်ဆေးလိပ်ငွေ့များကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်လိုက်၏။ အခင်းအကျင်းညံ့သော အခန်းလေးထဲတွင် ဆေးလိပ်ငွေ့တွေသာ လွင့် ကျဲ ပြန့်လွင့်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၃

'ချစ်သူ့ရှာပွဲတော်' ဆိုတာ ငါရဲ့ ဇာတိတောင်ပေါ်မြို့လေးမှာ နှစ်သစ်ကူးပွဲတော် ညတိုင်း အစဉ်အလာမပျက် ကျင်းပနေကျ ပွဲတော်လေးတစ်ခုပေါ့။ ပွဲတော်ဆိုတာထက် ရင်ခုန်စရာကောင်းတဲ့ ကစားနည်းလေးတစ်ခုဆိုရင် ပိုမှန်လိမ့်မည်။

လူတိုင်းတော့ မကစားဘူး။

ငါတို့ ရပ်ကွက်လေးထဲမှာတော့ နှစ်တိုင်းလိုလို ကစားတယ်။ ငါတို့ရပ်ကွက်ရဲ့အစွန်မှာ တောင်ကုန်းလေးတစ်ခုရှိတယ်ကွ။ အဲဒီပေါ်မှာ ခြံကျယ်ကြီးတစ်ခုရှိတယ်။ သီးပင်၊ စားပင်၊ အရိပ်ရပင် အကုန်ရှိတဲ့ ခြံကြီးပေါ့။ လိမ္မော်၊ ထောပတ်၊ ကော်ဖီ၊ ပိန္နဲ အကုန်ရှိတယ်။

အဲဒီခြံကျယ်ကြီးထဲမှာ တိုက်အိမ်ကြီးတစ်လုံးလည်း ရှိတယ်။ ရှေးအဆောက်အဦးကြီးပေါ့ကွာ။ ဒါပေမဲ့ အိမ်သားတွေတော့ အများကြီး မရှိဘူး။ ပိုင်ရှင်လင်မယား နှစ်ယောက်တည်းပဲ။

ငါပြောတဲ့ 'ချစ်သူ့ရှာပွဲတော်'ဆိုတာကို အဲဒီခြံထဲမှာ နှစ်တိုင်း ကစားကြတယ်ကွ။ ဦးဆောင် ကျင်းပပေးတာကတော့ အိမ်ရှင်လင်မယား ပဲပေါ့။



ညနေမှောင်စပျိုးပြီဆိုတာနဲ့ ကစားဖို့ စိတ်ဝင်စားတဲ့ လူငယ်တွေကို ဖိတ်ခေါ်တယ်။ ရပ်ကွက်ထဲက စိတ်ဝင်စားသူ လူပျို၊ လူလွတ်တွေ ရင်တခုန်ခုန်နဲ့ သွားကြတာပေါ့။ ခြံဝရောက်တာနဲ့ ကစားဖို့လာသူမှန်သမျှကို အိမ်ရှင်လင်မယားက ဆီးကြိုပြီး မျက်လုံးမှာ အဝတ်စည်းလိုက်တယ်။

စည်းကမ်းချက်အရ အဲဒီအဝတ်ကို သတ်မှတ်ချိန်မရောက်မချင်း လုံးဝမဖယ်ရဘူး။ အဝတ်ပြေတော့မယ်ဆို သူတို့ကိုလှမ်းခေါ်ပြီး ပြန်စည်းခိုင်းရတယ်။ ခြံထဲမှာ မီးပုံကြီးတစ်ပုံ ဖိုထားတယ်ကွ။ ငါတို့ကို မျက်လုံးအဝတ်စည်းပြီး အဲဒီမီးပုံကြီးနားကို ခေါ်သွားတယ်။

ပြီးတော့ မီးပုံကို အလယ်မှာထားပြီး ယောကျ်ားလေးတစ်ဖက် မိန်းကလေးတစ်ဖက် သပ်သပ်စီ ခွဲထိုင်ခိုင်းတယ်။ ယောကျ်ားလေးဖက်ခြမ်းထဲမှာ ဘယ်သူတွေပါသလဲမသိသလို မိန်းကလေးထဲမှာ ဘယ်သူတွေပါတယ်ဆိုတာကိုလည်း မသိရဘူး။

အချိန်ကျလို့ ကစားတော့မယ်ဆိုတာနဲ့ အိမ်ရှင်လင်မယားက ယောကျ်ားလေးတွေကို တစ်ယောက်ချင်းခေါ်တယ်။ ပြီးတော့ မိန်းကလေးတွေရှိရာကို သွားခိုင်းတယ်။ ယောကျ်ားလေးလက်နဲ့ ပထမဆုံး ထိမိတဲ့ မိန်းကလေးဟာ အဲဒီညအဖို့ နှစ်ယောက်အတူတူ တစ်ညလုံး စကားထိုင်ပြောရတာပဲ။

မျက်လုံးစည်းထားလို့ ကိုယ်နဲ့ စကားပြောနေတာ ဘယ်သူလဲ မသိရဘူးနော်။ မနက်မိုးလင်းလို့ ဖွင့်ကြည့်ချိန်ရောက်မှ စည်းထားတဲ့ အဝတ်ကို ဖွင့်ကြည့်ရတာ၊ ဘယ်လောက်ရင်ခုန်ဖို့ကောင်းလဲ။

မနက်ရောက်မှ ဖွင့်ကြည့်ပြီး ချစ်သူတွေဖြစ်သွားတာ ရှိသလို ချက်ချင်း ထပြေးရတဲ့လူ၊ အော်ငိုရတဲ့ လူတွေလည်း ရှိတယ်ကွ။

ငါ့အလှည့်ရောက်တော့ အိမ်ရှင်လင်မယားက ငါ့ကို တွဲခေါ်ပြီး မိန်းကလေးအုပ်စု ထိုင်နေရာဆီ လွှတ်ပေးတယ်။ ငါ့လက်နဲ့ ပထမဆုံး ထိတဲ့ မိန်းကလေးဟာ 'ဂျီယာ'ဆိုတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှင်လင်မယားက ငါတို့နှစ်ယောက်ကို အတူတူတွဲပြီး တစ်နေရာကို ခေါ်သွားတယ်။ ငါ့အထင် သစ်ပင်ကြီးတစ်ပင်အောက်ထင်တာပဲ။ အဲဒီမှာ ငါတို့ စကားထိုင်ပြောကြတာပေါ့။

စကားတွေက ရောက်တတ်ရာရာ ဆုံပါတယ်။ ဒါပေမဲ့ စကားပြောနေစဉ်တစ်လျှောက်လုံး အဲဒီမိန်းကလေး ဘယ်သူဖြစ်မလဲ ငါစဉ်းစားနေတာ။ ဘယ်လိုမှ ခန့်မှန်းလို့ မရဘူး။ သူ့အသံကို ငါလုံးဝ မကြားဖူးဘူး။ စည်းကမ်းချက်အရ မျက်လုံးဖွင့်ကြည့်လို့လည်း မရဘူး။ အသားချင်းတောင် ထိခွင့်မရှိတော့ ပိုဆိုးတာပေါ့။

သူလည်း ငါလိုပဲ ဖြစ်နေမှာ သေချာတယ်။ ဒါပေမဲ့ ငါကတော့ နာမည်အမှန်ကို ပြောလိုက်တယ်။ ငါတို့ရပ်ကွက်ထဲက ကောင်မလေးဆိုရင်တော့ သေချာပေါက် ငါ့ကို သိပြီပေါ့။ သူကတော့ နာမည်အမှန် မပြောဘူး။ 'ဂျိုယာ'လို့ပဲပြောတယ်။

တစ်ခုပဲ။

စကားပြောနေတုန်း၊ ဖွင့်ကြည့်ချိန်မရောက်ခင် အဲဒီကောင်မလေး ငါ့အနားက ထွက်သွားတယ်ကွာ"

"ဟေ . . ."

"ဟာ . . ."

အိပ်မက်မှုနိုးလာသလို နှစ်ကောင်သား ပါးစပ်ဟောင်းလောင်းပွင့်သွားကြပါသည်။ သူကတော့ မီးသေနေပြီဖြစ်သော ဆေးလိပ်ကို နောက်တစ်ကြိမ် ထပ်ညှိလိုက်၏။

"တကယ်ကို ပျောက်သွားတာလား။ လုံးဝ ပြန်မလာတော့ဘူးပေါ့"

"ဟင့်အင်း . . ."

"မင်းတို့ကစားပွဲက အချိန်မပြည့်ခင် အဲလို ထွက်သွားလို့ရတယ်လား"

သူခေါင်းကို ခပ်လေးလေးယမ်းကာ . . .



"ငါလည်း အဲလိုထွက်သွားလို့ရတယ်လို့ တစ်ခါမှ မကြားဖူးဘူး"

"ဒါဆို ဘာလို့ထွက်သွားရတာလဲ"

သူ မပြောတတ်ပါ။ ဖြူးသစ်ထွန်း အမေးကတော့ နည်းနည်းနီးစပ်သည်။

"မင်း လိုက်မရှာဘူးလား"

ဆေးလိပ်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

# IV

ဒီအိမ်နဲ့ခြံကြီးကို အကဲခတ်နေတာ ကြာပါပြီ။ တိကိကျကျဆို ရပါက ခုနစ်ရက်တိတိပင် ရှိနေပြီ၊ ထိုခုနစ်ရက်လုံးလုံး ခြံတံခါးရော၊ အိမ်တံခါးပါ လုံးဝ လှုပ်ရှားမှုမရှိ ပိတ်ထားသည်ကို တွေ့ရ၏။

ယနေ့တော့ ခြံတံခါးပိတ်ထားပေမဲ့ အိမ်တံခါး ဖွင့်ထားပါသည်။ နေ့တိုင်းလိုလို လာရောက်အကဲခတ်နေသူမို့ ရရှိသောအခွင့်အရေးကို သူ လက်လွှတ်မခံ . . .။

"ဗျို့ . . . အိမ်ရှင်တို့ . . . အိမ်ရှင်တို့ . . ."

ခြံဝမှာရပ်ကာ အတွင်းကို ရှေးရှုပြီး အော်ခေါ်လိုက်သည်။ အသံ တိုး၍လားမသိ။ အခြေအနေ ထူးခြားမလာ။ ထို့ကြောင့် . . .

"ဗျို့ . . . အိမ်ရှင်တို့ . . ."

အသံကျယ်လိုက်ပေမဲ့ ခုနထက် ပိုမလာခဲ့ချေ။ ပြီးမှ ရပ်ကွက် တွင်း မေးလာခဲ့သော နာမည်ကို သတိရသည်။ ဦးဖိုးညိုနဲ့ ဒေါ်တင်တင် အေး၊ ဟုတ်သည်။ အိမ်ပိုင်ရှင် လင်မယားနာမည်မှာ ဦးဖိုးညိုနဲ့ ဒေါ်တင် တင်အေး။ ဒီလိုဆိုတော့ . . .

"ဗျို့ . . . ဦးဖိုးညို . . ."



နှစ်ခါ မခေါ်လိုက်ရ။

"ဝင်ခဲ့ဟေ့ . . ."

အိမ်ထဲမှ သြရှရှအသံကြီးကို ကြားရတော့ . . .

"ဦးလေး . . . တံခါးက သော့ခတ်ထားတယ်လေ"

ခတ်ထားသော ခြံတံခါးသော့ကို ကြည့်ရင်း ပြန်အော်ပြော တော့ . . .

"သော့ကို ခပ်နာနာ ဆောင့်ဆွဲလိုက်၊ အလိုလို ပွင့်သွားလိမ့် မယ်"

ပြောသလိုလုပ်လိုက်တော့ အဟုတ်သား . . .။ ဒါနဲ့ပဲ တံခါး ကို ပြန်စေ့ရင်း ခြံတွင်းကို ဝင်ခဲ့လိုက်သည်။ လွန်ခဲ့သော ခုနစ်ရက်၏ ညတစ်ညက ရောက်ခဲ့သော ခြံကြီးဖြစ်ပေမဲ့ အမြင်စိမ်းနေသလို ခံစား ရပါသည်။ နေ့နဲ့ညကွဲလွဲမှုလည်း ပါပါလိမ့်မည်။

အိမ်ကြီးနဲ့ ခပ်လှမ်းလှမ်းမှာ ရှင်းလင်းခြင်းမပြုရသေးသော မီး ပုံဟောင်းတစ်ခုကို တွေ့ရ၏။ နှစ်သစ်ကူးပွဲတော်ညက ဖိုထားခဲ့သော မီးပုံကြီး ဖြစ်ရပေမည်။

အိမ်ဝကိုရောက်တော့ . . .

"ဝင်ခဲ့ကွာ . . ."

ဧည့်ခန်းဖက်ဆီမှ ထွက်လာသော အသံကြောင့် တံခါးဝမှာ ဖိနပ် ကို ချွတ်ရင်း အိမ်တွင်း ဝင်ခဲ့လိုက်သည်။ ဧည့်ခန်းဆီရောက်တော့ ထူး ထူးခြားခြားပင် လင်မယားနှစ်ယောက်စလုံး ထိုင်နေသည်ကို တွေ့ရ၏။

မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ခပ်ယို့ယို့ ဝင်ထိုင်ရင်း ကိုယ့်ကိုယ် ကိုယ် အရင်မိတ်ဆက်လိုက်သည်။

"ကျွန်တော့်နာမည် စစ်ရိပ်ပါ။ အောက်ဖက် ရပ်ကွက်ထဲမှာ နေပါတယ်။ ကျွန်တော့် မိဘတွေက ဦးထွန်းမင်းနဲ့ ဒေါ်ခင်မြင့်ပါ"

လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ဦးဖိုးညိုက . . .



www.burmeseclassic.com

www.burmeseclassic.com

"ကြော် . . . မြေတိုင်းစာရေးကြီး ဦးထွန်းမင်းရဲ့သားပဲ"

"ဟုတ်ပါတယ် ခင်ဗျ"

"လာရင်းကိစ္စကို ဆိုပါဦး"

"ဒီလိုပါ . . .။ လွန်ခဲ့တဲ့ ခုနစ်ရက် New Year ညက ဦးလေးတို့ခြံထဲကို ကျွန်တော် လာကစားပါတယ်"

လင်မယားနှစ်ယောက်လုံး သူ့စကားကို နားစွင့်နေသည်။ သူ့ဆီက ဘယ်လိုအကြောင်းအရာနဲ့ ပတ်သက်ပြီး စကားတွေ ဆက်ထွက်လာမလဲ စောင့်ဆိုင်းနေသလိုမျိုး။

"ချစ်သူရှာပွဲတော်ရဲ့ ထုံးစံအတိုင်း မျက်လုံးကို အဝတ်စည်းထားတာမို့ ကျွန်တော်နဲ့ စကားပြောသူ မိန်းကလေးကို မသိမမြင်ရပါဘူး"

"ဟုတ်တယ်လေ"

"ဒါပေမဲ့ အဲဒီမိန်းကလေးက အချိန်မတိုင်ခင် ကျွန်တော့်နားက ထွက်သွားပါတယ်။ သူ ဘယ်သူလဲ့သိချင်လို့ ဦးလေးတို့လင်မယားကို ကျွန်တော် လာမေးတာပါ"

မျက်မှောင်ကျုံ့ထားလျက်မှ . . .

"ထူးထူးဆန်းဆန်းပါလား။ မောင်ရင်ပြောတဲ့ ကိစ္စကို ဦးလေးတို့လည်း မသိလိုက်ရပါလား"

စစ်ရိပ် အနည်းငယ် အံ့အားသင့်သလို ဖြစ်သွားသည်။

"အန်တီတို့ကိုလည်း ရှင်းအောင် သေသေချာချာ ပြောပြပါဦး"

ဒေါ်တင်တင်အေးစကားကြောင့် စစ်ရိပ် စိတ်ကိုလျှော့ရင်း ဖြစ်ပျက်ခဲ့သမျှကို အစအဆုံး ပြောပြလိုက်ပါသည်။

"အဲဒီညက အန်တီတို့ခေါ်သွားတဲ့ သစ်ပင်အောက်မှာပဲ ကျွန်တော်တို့ စကားထိုင်ပြောကြတာပါ။ ဒါပေမဲ့ ညတစ်ဝက်လောက် ရောက်တော့ ကျွန်တော့်နားမှာ သူမရှိတော့ဘူး။ ဘယ်အချိန်ထွက်သွားမှန်းလည်း မသိလိုက်ဘူး။ တော်တော်ကြာအောင် ကျွန်တော် စောင့်ကြည့်ပါသေး



တယ်။ ပြန်ပေါ်မလာတော့တဲ့အဆုံးမှ မျက်လုံးမှာစည်းထားတဲ့ **အဝတ်**ကို ချွတ်ပြီးကြည့်မိတာပါ။

တကယ်ပဲ အနားမှာမရှိတော့တာကို တွေ့ရတယ်။ လိုက်ရှာကြည့်တော့ ခြံဝန်းကြီးတစ်ခုလုံးက နှစ်ယောက်တစ်တွဲ စကားပြောနေသူတွေသာ ပြည့်နေတယ်။ သူ့ကို လုံးဝရှာမရတော့ဘူး"

သူပြောပြသော အကြောင်းအရာအား လင်မယားနှစ်ယောက်စလုံး စိတ်ဝင်တစား နားထောင်နေသည်ကို တွေ့ရသည်။

"ဦးနဲ့အန်တီကို ကျွန်တော် ရှာကြည့်ပါသေးတယ်။ မတွေ့တာနဲ့ ပြန်သွားလိုက်တော့။ နောက်တစ်နေ့မိုးလင်းလို့ ကျွန်တော်ပြန်လာတော့ အိမ်ရောခြံရော တံခါးပိတ်ထားတာကို တွေ့ရတယ်။ ဒီနေ့မှ ပြန်ဖွင့်တာမြင်လို့ ဦးတို့ကို ကျွန်တော် လာမေးတာပါ"

ဦးဖိုးညိုနဲ့ ဒေါ်တင်တင်အေးမှာ ငြိမ်သက်နေကြ၏။ တစ်စုံတစ်ခုကို စဉ်းစားသလိုလည်း ရှိနေသည်။ ဦးဖိုးညိုက . . .

"မောင်ရင်နဲ့စကားပြောခဲ့တဲ့ မိန်းကလေးနာမည် ဘယ်လိုခေါ်လဲ"

"ဂျိုယာ . . ."

ဒေါ်တင်တင်အေးမှာ ခေါင်းကိုယမ်းပြီး လေသံအေးအေးဖြင့်–

"အဲလိုနာမည်မျိုးတော့ တစ်ခါမှ မကြားဖူးဘူး"

"ရပါတယ် . . . အန်တီ။ နာမည်က အရေးမကြီးပါဘူး။ ကျွန်တော်သိချင်တာ သူဘယ်သူလဲဆိုတာကိုပါ။ ဂျိုယာဆိုတာလည်း သူ့နာမည်အရင်းမဟုတ်ပါဘူး"

ဦးဖိုးညိုက သက်ပြင်းကိုချရင်း . . .

"ခက်တာပဲကွ။ နှစ်သစ်ကူးည လာကစားတဲ့လူတွေက အများ သားဆိုတော့ ဦးတို့ ဘယ်လိုလုပ်မှတ်မိမှာလဲ"

ဒီလောက်လွယ်မည်မဟုတ်မှန်းတော့ စစ်ရိပ် အတွေးကတည်းက တွက်မိပါသည်။ ဤမျှလောက်နဲ့ အားပျက်စရာမရှိ၊ ထို့ကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com

"စဉ်းစားကြည့်ပါဦးဗျာ။ ကျွန်တော်လည်း တတ်နိုင်သလောက် အခြင်မှာ စုံစမ်းပြီးသွားပါပြီ။ ဘယ်လိုမှ အဆင်မပြေလို့ ဦးလေးတို့ဆီ ရောက်လာတာပါ"

နှစ်ဦးစလုံး ခေါင်းကို တွင်တွင်ယမ်း၏။

"ဦးတို့ မသိဘူး"

အချိန်အတော်ကြာအောင် အားမလျှော့ဘဲ ထိုင်နေမိသေး၏။ ဒါပေမဲ့ သူ၏ မျှော်လင့်ချက်အားလုံးကို ဒေါ်တင်တင်အေးက စကားတစ်ခွန်းနှင့် ပိတ်လိုက်သည်။

"အန်တီတို့ တကယ်မသိဘူး။ မင်း ပြန်ပါတော့"

ဘယ်လိုမှ မတတ်နိုင်စွာနဲ့ပဲ စိတ်မသက်သာစွာ အိမ်တွင်းမှ ထွက်လာခဲ့ရပါသည်။ အိမ်ဝရောက်တော့ နောက်ဖက်မှထွက်လာသော အသံတစ်ခု . . .

"မောင်ရင် ဘာကြောင့် အဲဒီမိန်းကလေးကို ရှာနေတာလဲ"

ဒီမေးခွန်းကိုတော့ တွေဝေစရာမလိုပေ။

"ကျွန်တော် သူ့ကို ချစ်သွားလို့ပါ"



# V

စကားဆုံးတော့ ဖြိုးသစ်ထွန်းနှင့် မင်းဇင်တို့နှစ်ယောက်မှာ ခေါင်းတဆတ်ဆတ်ညိတ်ကုန်သည်။ ခေါင်းညိတ်လျက်မှပင် မင်းဇင်က . . .

"မင်းပြောတာတော့ စိတ်ဝင်စားစရာပဲ။ ဒါနဲ့ နေပါဦး . . . အိမ်ရှင်လင်မယားက ခုနှစ်ရက်လုံးလုံး အိမ်ရော၊ ခြံရော ဘာလို့ တံခါးပိတ်ထားရတာလဲ"

"အဲဒါကိုတော့ ငါ မမေးခဲ့ဘူး။ နောက်ပိုင်းမှ သိရတာက နှစ်သစ်ကူးပွဲတော်ပြီးတဲ့မနက်ကစပြီး ခရီးထွက်သွားကြတာတဲ့။ ငါသွားမေးတဲ့နေ့က သူတို့ပြန်ရောက်လာတဲ့နေ့"

"သြော် . . ."

"စဉ်းစားစရာပဲကွ"

ဖြိုးသစ်ထွန်းက ခုတင်ပေါ်လှဲအိပ်နေရာမှ ကုန်းထရင်းဆိုသည်။

"မင်းနဲ့စကားပြောခဲ့တဲ့ ကောင်မလေးကို သူတို့မသိဘူးဆိုတာ ရော ဖြစ်နိုင်ပါ့မလား"

"ဖြစ်လည်း ဖြစ်နိုင်တယ်၊ မဖြစ်လည်း မဖြစ်နိုင်ဘူး။ ဖြစ်နိုင်တယ်ဆိုတာက ဒီလို။ ချစ်သူရှာပွဲတော်ကို စိတ်ဝင်စားလို့ လာကစားကြ



www.burmeseclassic.com

www.burmeseclassic.com

သူတွေက မနည်းဘူးကွ။ လူတွေကများတော့ တစ်ယောက်ချင်း မမှတ်မိတာလည်း ဖြစ်နိုင်တယ်။ မဖြစ်နိုင်ဘူးဆိုတာက ငါ့ကိုတောင် မှတ်မိသေးတာပဲကွ။ ပြီးတော့ ဂျီယာထွက်သွားတာ ညတစ်ဝက်ကြီး။ သူတို့မမြင်ပဲ ရှိပါ့မလား"

"ဒါပေမဲ့ . . . ဂျီယာ့ကို မင်းလိုက်ရှာတော့ သူတို့လင်မယားကို မတွေ့ဘူးလို့ ပြောတယ်နော်။ ဂျီယာထွက်သွားတာကို သူတို့မမြင်လိုက်တာလည်း ဖြစ်နိုင်တာပဲ"

မင်းဇင် မှတ်ချက်ပြုသံကို ဖြိုးသစ်ထွန်းက ထောက်ခံသလို ခေါင်းညိတ်၏။ စစ်ရိပ် စဉ်းစားနေရာမှ ထင်မှတ်မထားသော မေးခွန်းတစ်ခုကို ကောက်မေးလိုက်သည်။

"ထားလိုက်ပါ . . . ။ ငါတို့ နောက်တစ်ခု ထပ်တွေးကြည့်ရအောင်။ ဦးဖိုးညိုတို့လင်မယား တကယ်မသိတာ အမှန်ဆို ဘာဖြစ်မလဲ"

"ဘာမှမဖြစ်ဘူး"

နှစ်ဦးစလုံး သံပြိုင်ထွက်လာ၏။ ဟုတ်ပါသည်။ ဦးဖိုးညိုတို့လင်မယား ဂျီယာ့ကို တကယ်ပဲ မသိတာဆိုပါက ဘာမှဖြစ်စရာအကြောင်း မရှိပေ။

"သိရဲ့သားနဲ့ မပြောတာဆိုရင်ရော ဘာဖြစ်နိုင်မလဲ"

ဖြိုးသစ်ထွန်းက သွက်သွက်လက်လက် အဖြေပေးသည်။

"သူ ဘယ်သူဆိုတာ မင်းကိုမပြောဖို့ အိမ်ရှင်လင်မယားကို ပိတ်သွားတာဖြစ်မှာပေါ့"

"မဟုတ်ဘူး . . . ကျန်သေးတယ်။ ငါတစ်ယောက်တည်းကို မသိစေချင်တာမဟုတ်ဘူး။ ခြံထဲကလူအားလုံးကို မသိစေချင်တာ။ ဒါကြောင့်မလို့ ကစားချိန်မပြည့်ခင် ပြန်သွားတာပေါ့"

"ဒါဆို မင်းတို့မြို့မှာ အဲလိုမိန်းကလေးမျိုးရှိလား"

"ဘယ်လိုမျိုးလဲ"



"သူ ဘယ်သူဆိုတာကိုလည်း လူသိမခံချင်ဘူးကွာ။ ကစားလည်း ကစားချင်တယ်။ ရှင်းအောင်ပြောရရင် မာန်တက်နေတဲ့ မိန်းမမျိုးပေါ့"

စစ်ရိပ် စဉ်းစားသွားသည်။ မင်းဇင်ပြောသော မိန်းကလေးမျိုးက ရှိတော့ရှိပါသည်။ ဒါပေမဲ့ . . .

"နောက်တစ်ခု ရှိသေးတယ်ကွ။ အဲဒီကောင်မလေး ရုပ်ဆိုးနေတာလည်း ဖြစ်နိုင်တယ်။

ဖြိုးသစ်ထွန်းက ထင်မြင်ချက် ဝင်ပေးပြန်၏။

"ဘယ်လိုကြောင့်လဲ"

"ကစားချိန်မပြည့်ခင် ပြန်သွားတာဆိုတော့ ညကြီးမိုးချုပ် မျက်လုံးအဝတ်စည်းပြီး ပြန်သွားလို့မရဘူး။ ပြန်မယ်ဆိုကတည်းက ဘယ်လိုပဲဖြစ်ဖြစ် စည်းထားတဲ့အဝတ်ကို ချွတ်ရမှာပဲ။ အဲဒီမှာ မင်းဘယ်သူဆိုတာကို သေချာပေါက်သိလိမ့်မယ်။ မင်းက ယောကျ်ားတန်မဲ့ ရုပ်ရည်က ငါ့နီးနီးချောနေတယ်။ ဒါကိုမြင်တော့ သူ့ကိုယ်သူသိမ်ငယ်ပြီး အိမ်ရှင်လင်မယားကိုပိတ်၊ ပြီးတော့ ခတ်မြှုပ်ရှောင်သွားတာ ဖြစ်လောက်တယ်"

အကြောင်းပြောနေရင်းနဲ့မှ သူကောင်းသား ဝက်ဖြူက သူ့ကိုယ်သူ တင်ဖြစ်အောင် တင်လိုက်သေးသည်။ မင်းဇင်ကတော့ အေးဆေး၏။

"ဒါပေမဲ့ online မှာ မင်းကိုမသိဘူးလို့ ပြောထားတယ်နော်"

ဟုတ်၏ . . . အတွေးစက တစ်ပတ်ပြန်လည်လာလေပြီ။

"တကယ်ဆို chatting မှာ စကားပြောတာ ရုပ်မြင်ရတာမှ မဟုတ်တာပဲ။ သူဘယ်သူဆိုတာကိုမှ မသိတာ။ အဲဒါကို ဘာလို့မသိဘူး ငြင်းရတာလဲ။ မင်းနဲ့ဆုံခဲ့တဲ့ ဂျီယာမဟုတ်လို့များလား။ မင်းနဲ့ဆုံခဲ့တဲ့ ဂျီယာသာမှန်ရင်တော့ မင်းနာမည်ကို ကောင်းကောင်းမှတ်မိမှာပါ"

ဒါကိုတော့ သူ့စိတ်က အလိုလိုသိနေသည်။

"မဟုတ်ဘူး . . . ။ အဲဒါ ငါရှာနေတဲ့ ဂျီယာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

'သေချာလှရှည်လား' ဟူသော အကြည့်တွေ သူ့ထံ စုပြုံရောက်ထားတာ၊ ပြီးတော့ 'ဘာကြောင့်လဲ' ဟူသည့် သဘောတွေပါ နောက်ဆက်တွဲအဖြစ် ပါလာတော့ . . .

"ဘာကြောင့် အတိအကျပြောနိုင်တာလဲဆိုတော့ online မှာ တင်ထားတဲ့ မေးခွန်းတွေထဲက သုံးခုက New Year ညမှာ သူနဲ့ငါပြောခဲ့တဲ့ စကားတွေ ဖြစ်နေတာကြောင့်ပဲ"

"ဟင် . . . "

"ဘယ်လို . . . "

ဖင်စီခံနား ရောက်နေပြီဖြစ်သော ဆေးလိပ်ကို တောက်ထုတ်ရင်း စကားဆက်သည်။

"မင်းတို့ကို မပြောရသေးတဲ့ နောက်တစ်ခု ကျန်သေးတယ်။ အဲဒါ ဘာလဲဆိုတော့ New Year ည သူပြန်သွားပြီးချိန် သူထိုင်ခဲ့တဲ့ နေရာမှာ နားစွဲလေးတစ်ခု ကျကျန်ရစ်ခဲ့တယ်ဆိုတာပဲ"



# VI

မျက်လုံးပွင့်ပွင့်ချင်း လူက ဆတ်ခနဲ ထထိုင်ပြီးသား ဖြစ်သွားလေသည်။ တစ်မုဟုတ်ချင်းဆိုသလို ဝမ်းတွင်းမှ ပျို့တက်လာတော့ . .

"ဝေါ့ . . . "

ကမူးရှူးထိုးပင် ဖွင့်ထားသော ပြတင်းပေါက်တံခါးမှ ခေါင်းထိုးထွက်လိုက်ရ၏။

"ဝေါ့ . . . ထွီ . . . "

ပြင်ပလေနှင့် ထိတွေ့လိုက်ရမှ လူက နေသာထိုင်သာရှိသွားသည်။ ဝမ်းတွင်းမှပျို့တက်လာသော လေချဉ်ဘို့ကို ထွေးထုတ်ပြီးသကာလ 'ဖြုန်း'ခနဲ နံဘေးသို့ရောက်လာသော ခေါင်းနှစ်လုံး။ ထိုခေါင်းနှစ်လုံးမှာလည်း ပြတင်းမှပြူထွက်ကာ အသက်ကို ကမူးရှူးထိုးရှူကြသည်။ စစ်ရိပ်အတွင်းကို လှည့်ကြည့်တော့ ကျဉ်းမြောင်းလှစွာသော အခန်းကျဉ်းလေးတဲမှာ ညော်နံ့တွေ၊ မီးခိုးငွေ့တွေက အုံ့လို့၊ ခဲလို့။

အောက်ဖက်ဆီမှ ကြော်လှော်သံများကို အတိုင်းသားကြားနေရ၏။ ဆိုးလိုက်ပါသည့် ဘဝတွေရယ်။ အိပ်ကောင်းခြင်း မအိပ်ရသော ဤလိုအဆောင်မျိုးကိုမှ သူတို့တွေ ဘာကြောင့် လာနေမိကြတာပါလဲ။ ဒါဟာဖြင့် မနက်တိုင်းလိုလို သူတို့ ကြုံတွေ့နေရသော ဒုက္ခ[illegible]ပင်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့အခန်းလေးရဲ့ အောက်တည့်တည့်မှာကား အဆောင်ပိုင်ရှင်တွေ ချက်ပြုတ်ကြော်လှော်ရာ မီးဖိုခန်းဖြစ်လို့နေပါသည်။ လေအလျှိုးသင့်၍ တစ်ခါတစ်ရံမှာ ညှော်နံ့နှင့်မီးခိုးတွေ အပြင်ထွက်တတ်ပေမဲ့ များသောအားဖြင့်ကတော့ သူတို့အပေါ်ခန်းဆီကိုသာ တက်လာတာများ၏။

ယခုလည်း သူတို့အခန်းကျဉ်းလေးထဲမှာ အသက်ရှူကြပ်မတတ် အနံ့ပေါင်းစုံ အုံ့ခဲနေသည်။

"ကျွတ် . . . ငါ လုံး၀ သည်းမခံနိုင်တော့ဘူးကွာ။ တစ်ခုခု လုပ်မှဖြစ်တော့မယ်"

အပြင်သို့ ခေါင်းထွက်နေရာမှ ဒေါသတကြီးပြောသော မင်းဇင်စကား။

"ပြောနေကြတယ်ကွာ။ အခုပဲ လုပ်ကြမယ်။ မင်းတို့သာ ညီပါစေ"

အအိပ်မက်သူ ဖြိုးသစ်ထွန်းမှာ တော်တော် ဒေါသထွက်နေပုံပေါ်သည်။ ကပျာကယာပင် အတွင်းပြန်ဝင်ကာ စားပွဲပေါ်မှ ရေသန့်ဘူးကို အဖုံးဖွင့်၏။ ပြီးတော့ အောက်မှ မီးဖိုတည့်တည့်ကိုမှန်းကာ ရေလောင်းချလိုက်သည်။

"ဟာ . . . ဟော့ကောင်"

စစ်ရိပ် တားချိန်မရတော့ပါ။ ကြမ်းခင်းက ရေတွေ ရွှဲသွားခဲ့ချေပြီ။ ဒါနဲ့ပင် အားမရသေး။ လက်ထဲမှ ရေဘူးကို ကြမ်းပေါ် ပစ်ချလိုက်ကာ သူကိုယ်တိုင်က ခုတင်ပေါ်ပြန်တက်ပြီး ကွေးနေအောင် အိပ်တော့၏။

ပထမတော့ သူနဲ့မင်းဇင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ဖြိုးသစ်ထွန်းလုပ်ရပ်ကိုကြည့်ကာ ကြောင်ငေးလျက် . . .

ထိုစဉ်မှာပဲ အောက်မှ ကြော်လှော်ချက်ပြုတ်နေသူ တစ်စုံတစ်ရာမှာ ဆူညံပွက်လောရိုက်သွားတော့သည်။



"ဟော့တော့ . . . ရေတွေ . . . ရေတွေ . . . ဘယ်ကရေတွေလဲ။ ပုစွန်ကြော်အိုးထဲကို ဝင်ကုန်ပြီ"

ဆီပူနဲ့ရေထိသော 'ရှဲ' ခနဲ အော်သံပြင်းပြင်းနဲ့အတူ နောက်ထပ်ကြားရတာက . . .

"ဟဲ့ . . . ပလုတ်တုတ် . . . ဒယ်အိုးကို မီးဟပ်ကုန်ပြီတော့။ ဒုန်း . . . ဂျလွမ်း . . . ချလွမ် . . ."

အောက်ဖက်မှာ လတ်တလော ကမ္ဘာပျက်သွားချေပြီ။ ထိုအရာတွေရဲ့ နောက်ဆက်တွဲအဖြစ်။

"ဒီရေတွေ ဘယ်ကကျလာတာလဲ"

မိုးကြိုးပစ်သလို ကျယ်လောင်သော အသံတစ်ခုနောက်မှာ . .

"ဟင် . . . တောက် . . ."

တရားခံအား ရှာဖွေတွေ့သွားသလို ကြီးမားဆူဖြိုးနေသော တောက်ခတ်သံကြီးတစ်ခုသည်ကား . . .

စစ်ရိပ်နှင့်မင်းဇင် ပြတင်းတံခါးဝမှာရပ်ရင်း ဖြစ်ပျက်မှုအလုံးစုံအား နားစွင့်နေရာမှ အသံအတိတ်သွားသည်။ ထိုခဏမှာပင် လှစ်ခနဲနေအောင် ကိုယ့်ခုတင်ကိုယ် ပြေးအိပ်လိုက်ရတော့၏။ မကြာလိုက် . .

အဆောင်အပေါ်ထပ်သို့ ခြေဆောင့်တက်လာသောအသံကြီးတစ်သံ။ ထိုခြေသံကြီးက သူတို့အခန်းရှေ့မှာ ရပ်သွားပြီးသည့်နောက်–

"ဒုန်း . . . ဒုန်း . . . "

သူနဲ့မင်းဇင် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ စောင်ကိုခေါင်းမြီးဆွဲခြုံလိုက်သည်။

"ဒုန်း . . . ဒုန်း . . . ဟိုသုံးကောင် . . . တံခါးဖွင့်စမ်း"

အမေဂျမ်းဝင်စီးသလို ကြောက်ခမန်းလိလိ အော်သံကြီးဖြစ်ပေမဲ့ . . .

"ကျွတ် . . . ဘယ်သူလဲကွာ . . . အိပ်ကောင်းခြင်းကို အိပ်ရဘူး။ ဘယ်သူလဲ . . . "



www.burmeseclassic.com

www.burmeseclassic.com

အကြံကြီးကြီးနဲ့ အိပ်နေသူ ဖြိုးသစ်ထွန်းက မျက်လုံးမဖွင့်ဘဲ အိပ်ချင်မူးတူးပုံစံဖြင့် လှမ်းအော်သည်။ စကားသံက အဆုံးသတ်တွင် အနည်းငယ် မာထန်သွားသည်ဖြစ်ရာ တံခါးခေါက်သူ အပျိုကြီး ယမ်းမီးပုံကျသွားလေပြီ။

"ငါဟဲ့ . . . ငါ . . . နင်တို့အဆောင်ပိုင်ရှင် ဒေါ်လုံးတင်"

"ဗျာ . . . ဒေါ်လုံးတင်"

ဖြိုးသစ်ထွန်းတစ်ယောက် တာလီဘန်စစ်သွေးကြွနှင့် တွေ့လိုက်ရသလို ခုတင်ပေါ်မှ ဝုန်းခနဲခုန်ထကာ ပြေးဖွင့်ပေး၏။ တံခါးပွင့်ပွင့်ချင်း . . .

"ဒေါ်လုံးတင် . . . လကုန်ဖို့ လိုသေးတယ်လေ။ ဒီလအတွက် အဆောင်ခက . . ."

ဖြိုးသစ်ထွန်း စကားမဆုံးလိုက်။ ဒေါ်လုံးတင်က ရင်ဝဆောင့်တွန်းကာ အခန်းတွင်း ဝုန်းခနဲဝင်သည်။ အခန်းတွင်း ဝင်ဝင်ချင်း ကြမ်းပေါ်တွင် ဒေါ်လုံးတင် တွေ့လိုက်ရသည်ကား . . .

"အမယ်လေးဟဲ့ . . . ကုန်ပါပြီ၊ ဒါ နင်တို့ငါ့ကို ရည်ရွယ်ချက်ကြီးကြီးနဲ့ လုပ်ကြတာပေါ့လေ။ ဟုတ်လား . . . ငါ အောက်မှာ ဟင်းချက်နေမှန်းသိလို့ အပေါ်ကနေ ရေလောင်းချကြတာပေါ့"

"ဗျာ . . ."

ဖြိုးသစ်ထွန်းမျက်နှာက တကယ့်ပီဘိကလေးငယ်သဖွယ် ဖြူစင်လွန်းမက ဖြူစင်ကာ ဒေါ်လုံးတင်မျက်နှာကို တအံ့တသြ ကြည့်နေသည်။ ဒေါ်လုံးတင် ဘာပြောနေမှန်း နားမလည်သလိုမျိုး။

"ခင်ဗျာ . . . ဒေါ်လုံးတင်၊ ဘာကိုပြောတာလဲ မသိဘူး"

ဒေါ်လုံးတင် အံကိုကြိတ်ကာ ဖြိုးသစ်ထွန်းရဲ့ အင်္ကျီရင်ဘတ်ဆို လှမ်းဆွဲရင်း . . .

"ဘာကိုပြောတာလဲ မသိဘူး။ ဟုတ်လား . . .။ နင်တို့အပေါ်



ကနေ ရေလောင်းချလို့ ငါ့ပုစွန်ကြော်တစ်အိုးလုံး ပစ်လိုက်ပြီဟဲ့ . . . နားလည်လား"

"ဗျာ . . ."

သူ့နှမလင်နောက်လိုက်တာကို တစ်ပတ်ကြာမှ သိလိုက်ရသလိုမျိုး ဖြိုးသစ်ထွန်းတစ်ယောက် ကြောက်ခမန်းလိလိ အံ့သြသွားသည်။ ပြီးတော့မှ တစ်မုဟုတ်ချင်း တက်လာသောဒေါသကို မနည်းချုပ်တီးလိုက်ရသလို အံကိုကြိတ်၊ လက်သီးကိုဆုပ်၏။

ဖြိုးသစ်ထွန်းပုံစံကို ကြည့်ကာ ရင်ဘတ်ဆောင့်ဆွဲထားသော ဒေါ်လုံးတင်ပင် ကြောင်သွားရသည်။ လဲကျနေသောရေဘူးနှင့် စိုရွှဲနေသော ကြမ်းခင်းကိုကြည့်ကာ လက်သီးဆုပ်လျက်မှ 'တောက်'တစ်ချက်ကို ပြင်းပြင်းခတ်ရင်း ဒေါ်လုံးတင်လက်ကို အသာဆွဲဖယ်၏။ ပြီးနောက် တစ်လှမ်းချင်းလှမ်း၍ ခေါင်းရင်းဘက်ကိုရောက်တော့ . . .

ခေါင်းမြီးခြုံအိပ်နေသော မင်းဇင်ရဲ့နားရင်းကို မှန်းကာ 'ဖုန်း' ခနဲ အုပ်ထည့်လိုက်သည်။ သို့ပေမဲ့ သူအုပ်လိုက်တာသည် နားရင်းမဟုတ်။ ခုတင်ပြောင်းပြန်အိပ်နေသော မင်းဇင်ခြေထောက်။ ခပ်ပြင်းပြင်း ဆော်လိုက်မှုကြောင့် ခြေရင်းကို ခေါင်းပေးအိပ်နေသော မင်းဇင်ဝရုန်းသုန်းကား ထထိုင်ကာ နားရင်းအုပ်သူ ဖြိုးသစ်ထွန်းကို ကြောင်တောင်ကြည့်ရင်း . . .

"ဟေ့ကောင် . . . ဘာလုပ်တာလဲ"

"ဘာလုပ်တာလဲ မလုပ်နဲ့။ မင်းလုပ်ပုံ ကောင်းသေးလား။ ကြည့်စမ်း"

"ဟေ . . . ငါက ဘာ . . ."

အူလည်လည်အိုက်တင်ဖမ်းနေသော မင်းဇင်ကို . . .

"မင်း အအိပ်သောင်းကျန်းလို့ စားပွဲပေါ်က ရေဘူးထောက်ပြုတ်ကျပြီး တစ်ခန်းလုံး ရေကြီးနေပြီ။ ငါတို့ရေစိုတာ အရေးမကြီးဘူး [illegible]



www.burmeseclassic.com

www.burmeseclassic.com

မှာချက်နေတဲ့ ဟင်းအိုးထဲ ရေတွေဝင်ကုန်လို့ ပစ်လိုက်ရပြီကွ။ မင်းလုပ်ပုံ ကောင်းသေးလား"

မင်းဇင်က မျက်လုံးလေး ကလည်ကလည်ဖြင့် ဒေါ်လုံးတင်ကို ကြည့်သည်။ ပြီးတော့ ကြမ်းပေါ်မှာ အခုထိ တစ်စက်စက်ကျနေဆဲဖြစ်သော ရေဘူးကိုကြည့်ကာ အတန်ကြာ ငြိမ်သွားပြီးကာမှ . . .

"အဲဒါ ငါမဟုတ်ဘူး၊ ဟိုကောင် . . ."

"ဟင် . . ."

ခေါင်းမြီးခြုံအိပ်နေရာမှ သူ့ကို အချွန်နှင့် မလိုက်ပြီဖြစ်ကြောင်း စစ်ရိပ် နားလည်လိုက်ပါသည်။

"ဟိုကောင် . . . ညက ရေထသောက်ပြီး ရေဘူးကို အဖုံးပြန်မပိတ်ခဲ့တာ။ အဖုံးပိတ်ထားရင် အောက်ပြုတ်ကျလည်း အခုလို ရေတွေထွက်ကျမှာ မဟုတ်ဘူး။ တရားခံက ငါမဟုတ်ဘူး။ ဟိုကောင် . . . စစ်ရိပ်"

မဆီမဆိုင် ပြဿနာရဲ့အရင်းမြစ်က သူ့ဘက်လှည့်လာချေပြီ။ စောင်ကို ခေါင်းမြီးခြုံထားရာမှ ဒီအဆိုကို ဘယ်လိုချေဖျက်ရမလဲ အလျင်အမြန် စဉ်းစားလိုက်၏။

ဒါပေမဲ့ သူ့ဓာတာ အဲလောက်မည့်သေးမှန်း မကြာခင် သိလိုက်ရပါသည်။ ခုတင်ဘေးတွင် ဘယ်တုန်းက ပစ်ထားခဲ့မှန်းမသိသော ရေသန့်ဘူးအဟောင်းတစ်လုံးအား မြင်လိုက်ပြီးချိန်မှာတော့ . . .

"ဟေ့ကောင် . . . စစ်ရိပ် . . . ထဦး . . ."

"ဟာ . . . ဒီကောင် . . . တော်တော် အအိပ်ကြီးတဲ့ကောင်ကွာ။ ဒီလောက်ဆူညံနေတာတောင် မနိုးဘူး"

ဒေါ်လုံးတင်ကို ရှေ့မှာထားရင်း နှစ်ယောက်သား ရသလောက် သူ့ကို ဝိုင်းတွယ်ကြသည်။ ဒါပေမဲ့ သူတို့အထင်နဲ့အမြင် တက်တက်စင်အောင် လွဲသွားခဲ့ပါပြီ။



"ဟား . . . ဟား . . . ဟား . . . ဖြိုးသစ်ထွန်း . . . ဖြိုးသစ်ထွန်း . . . တကယ်တော့ မင်းဟာ ဒေါင်းယောင်ဆောင်တဲ့ ကျီးတစ်ကောင်ပဲကွ"

ခေါင်းမြီးခြုံလျက်မှ ထွက်လာသော သူ့စကားကြောင့် အကုန်လုံး ဆွံ့အကုန်ကြသည်။ စစ်ရိပ်ရေဘူးခွံကို လက်မှာပိုက်ရင်း စောင်ကိုဖယ်ကာ ထလိုက်၏။ ထထိုင်ပြီးတော့ လက်ထဲမှ ဖင်ကပ်နီးနီး ရေလက်ကျန်ဘူးခွံကို အားလုံးမြင်အောင် ပြကာ . . .

"မင်းတို့နှစ်ယောက် ငါ့ကို ဘယ်လောက်ထိ အချွန်နဲ့ မ,မလဲ သိချင်လို့ နိုးရက်နဲ့ တမင်မထဘဲ နားထောင်နေတာ။ အမှန်တော့ ညက ရေထသောက်တာ ငါမဟုတ်ဘူး။ ဟိုကောင် . . . ဖြိုးသစ်ထွန်း။ ငါသောက်တဲ့ရေဘူးက ဒီမှာ . . . "

သူထောင်ပြသော ရေဘူးကို အားလုံးဝိုင်းကြည့်ကြသည်။ ဟိုနှစ်ကောင် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ အူလည်လည် ဖြစ်သွားသည် . . .

"အမှန်တော့ ညက ရေထသောက်တာ . . . ဒီကောင် . . . ရေဘူးကို အဖုံးမပိတ်ဘဲ ထားခဲ့တာလည်း ဒီကောင်ပဲ"

ဒေါ်လုံးတင်၏လက်တစ်ဖက်က ဖြိုးသစ်ထွန်းအကျီကို လှမ်းဆွဲရန်ကြံတော့ . . .

"ဟာ . . . ဒေါ်လုံးတင်၊ မှားနေပြီလေ။ ကျွန်တော် အဖုံးပြန်မပိတ်ခဲ့ပေမဲ့ ရေဘူးမှောက်အောင်လုပ်တာ မင်းဇင်လေ"

"ဟင် . . ."

မင်းဇင် မျက်လုံးပြူးသွားပါပြီ။ ဒေါ်လုံးတင်ကို ကြောက်ကြောက်လန့်လန့်ကြည့်ကာ . . .

"ဟာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး။ အမှန်က ဒီကောင် အဖုံးပြန်မပိခဲ့လို့ . . . အဖုံးသာ ပိတ်ခဲ့ရင် . . ."



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် . . . မင်းဇင်၊ ခိုးလုပ်ခိုးထည်နဲ့ လက်ပူးလက်ကြပ် မိတာကို သူများ လွှဲချမယ်မကြံနဲ့။ မင်းလုပ်တာ"

"မဟုတ်ဘူး . . . မင်းလုပ်တာ"

"ဒေါ်လုံးတင် ဒီကောင်လုပ်တာ"

"ကျွန်တော်လုပ်တာ မဟုတ်ဘူး . . . ဒေါ်လုံးတင် . . . ဟို ကောင် . . . ဖြိုးသစ် . . . "

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လက်ညှိုးထိုးနေတာ ကိုကြည့်ပြီး နောက်ဆုံးတော့ ဒေါ်လုံးတင်မှာ စိတ်ရှုပ်ရှုပ်ဖြင့် ထအော် လေတော့သည်။

"ကဲ . . . တော်ကြတော့ . . ."

မီးကို ရေနဲ့ငြိမ်းလိုက်သလို တိခနဲ ငြိမ်ကျသွားတော့ . . .

"ဘယ်လိုပဲဖြစ်ဖြစ် . . . နင်တို့သုံးယောက်လုံး တစ်ကျိတ် တည်း၊ တစ်ဉာဏ်တည်းချည်းပဲ။ ငါမသိဘူး မှတ်လို့လား"

သုံးဦးသား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ မျက်လုံး လေး ကလည်ကလည်။

"နောက်တစ်ခါ ဒါမျိုးထပ်လုပ်ရင် သုံးယောက်စလုံး အဆောင် က နှင်ထုတ်ခံရမယ်။ ကြားလား . . ."

ဝေါက်ခနဲ ပြိုင်တူခေါင်းညိတ်တော့ ဒေါ်လုံးတင်မှာ အံတကြိတ် ကြိတ်ဖြင့် ဆင်းသွားလေတော့သည်။ ကျန်ရစ်ခဲ့သော သူတို့သုံးယောက် မှာတော့ . . .

"ဖြန်း . . ."

(လက်ဝါးချင်း ရိုက်သံဖြစ်ပါသည်။)



# VII

ရေမိုးချိုးပြီးတော့ သုံးယောက်သား ကျောင်းကို ထွက်လာခဲ့လိုက် သည်။ အဆောင်နှင့်ကျောင်းမှာ တစ်မှတ်တိုင်သာဝေးသည်မို့ ကားမ စီးနေတော့။ စကားတပြောပြောနှင့်သာ လျှောက်လာခဲ့လိုက်ပါသည်။

အဆောင်မှာ ဒေါ်လုံးတင်အား ပညာပေးခဲ့ပုံတွေကို တစ်ဦးနဲ့ တစ်ဦး တွန်းထိုးနောက်ပြောင်ကာ ပြောလာကြ၏။ ဒီလိုနှင့် ကျောင်းရှေ့ ကို ရောက်လာတော့ . . .

"ဟော့ကောင်တွေ . . . ခဏလေး . . ."

ဟုဆိုကာ ဖြိုးသစ်တွန်းက အချဉ်ပေါင်းရောင်းသော တွန်းလှည်း ဆီ ပြေးသွား၏။ ပြီးတော့ ဇွေးချိုသီးမဆလာ တစ်ထုပ်ကိုဝယ်လာသည်။ ထိုအခြင်းအရာကို ကြည့်ပြီး မင်းဇင်က . . .

"မင်းကတော့ နာမည်နဲ့ လိုက်ပါပေတယ်။ တကယ့် ကြံ့ရာ စားတဲ့ ဝက်ဖြူပဲ"

"ဘာကွ . . ."

သူ့ကို ထိုကဲ့သို့ခေါ်လျှင် လုံးလုံးမကြိုက်သူမို့ မျက်ထောင့်နီ နှင့် မင်းဇင်ကို လှမ်းကြည့်သည်။ မင်းဇင်က မသိကျိုးကျွံပြုကာ . . .

"မင်းနဲ့ပေါင်းမှပဲ ငါတို့လည်း အစုံစားတတ်လာတယ်။ ခြင်း ပါဦးကွာ . . . မင်းဇွေးချိုသီး ကောင်းမကောင်း မြည်းကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com

လှမ်းသောလက်ကို ဆတ်ခနဲ ပုတ်ချရင်း . . .

"ချီးပဲရမယ် . . . ဟော့ကောင်၊ ဝွေးချိုသီးကောင်းမကောင်း သိချင်ရင် မင်းနှမပေးယောက်ဖနာမည်ကို ကောင်းကောင်းပြင်ခေါ်လိုက်"

မင်းဇင်က 'ဟီး'ခနဲ ရယ်ရင်း . . .

"မင်းကလည်း ချစ်လို့စတာကို စိတ်ဆိုးစရာမှမဟုတ်တာ။ ဟော့ကောင် . . . စစ်ရိပ်၊ လုပ်ပါဦး။ ဒီမှာ ယောက်ျားကြီးတန်မဲ့ စိတ်ကောက်နေတယ်"

နောက်ဆုံးတော့ သူကပဲ ကြားဝင်ပေးလိုက်ရသည်။

"အေးလေကွာ . . . မင်းကလည်း သူငယ်ချင်းအချင်းချင်း စတာပဲ။ စိတ်ဆိုးစရာမှ မဟုတ်တာ"

"ဆိုးတယ် . . . ဟော့ကောင်။ ငါ့ကို အဲလိုလာမခေါ်နဲ့။ သူငယ်ချင်းလည်း မရဘူး"

"အေးပါကွာ . . . အေးပါ . . . အေးပါ၊ နောက်မခေါ်တော့ပါဘူး။ ဟုတ်ပြီလား"

ပခုံးကို နှစ်ယောက်သားဝိုင်းဖက်ရင်း ချော့တော့မှ ရှုံ့ရှုံ့ရှဲ့ရှဲ့ထွက်နေသော ဒေါသတွေ ခဏတာပြေငြိမ်းသွား၏။ ဒါပေမဲ့ ထိုဒေါသသည် ကြာကြာမခံခဲ့။ ကျောင်းထဲသို့ ရောက်ပြီးချိန်မှာ ဖြစ်ပါသည်။ အစပြုသူမှာ မင်းဇင်ပင်ဖြစ်တော့၏။

ကျောင်းထဲမှာက ရောင်စုံလိပ်ပြာတွေ အပြိုင်အဆိုင် ဝဲပျံလူးရင်း အလှချင်းပြိုင်နေသည်။ သူတို့သုံးယောက်မှာတော့ တစ်ယောက်ပခုံး တစ်ယောက်ဖက်ရင်း စာသင်ဆောင်များရှိရာဆီ လျှောက်လာခဲ့ကြ၏။ ယခုဆို စစ်ရိပ်နှင့်မင်းဇင်တို့ရဲ့ လက်ထဲမှာ ဖြိုးသစ်ထွန်း၏ ဝွေးချိုသီး မဆလာခြမ်းတွေ အမြောက်အများ ရောက်ရှိနေပြီဖြစ်သည်။

ကောင်းကောင်းမွှန်မွှန် စားနေရတာကို မနှစ်မြို့ဖြစ်သည်ထင်၏။ မင်းဇင်က သူ့ကို မျက်စိတစ်ဖက်မှိတ်ပြရင်း . . .



"ဘယ်ဆိုးလို့လဲကွ . . . ဝက်ဖြူရ၊ မင်းရဲ့ ဝွေးချိုသီးမဆလာက စားလို့ကောင်းသားပဲ"

"ဟော့ကောင် . . . မင်းဇင် . . ."

အော်သံက ထစ်ချုန်းလို့သွားစဉ် လောင်စာကို မီးထပ်ရှို့လိုက်သော နောက်ဘက်မှ အော်သံတစ်ခု . . .

"ဟော့ကောင် . . . ဝက်ဖြူ . . ."

ဖြိုးသစ်ထွန်း ဒေါသက အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့လေပြီ။ ဘာဘာညာညာ မစဉ်းစားနိုင်တော့ပါ။ အံကိုကြိတ်ကာ နောက်ဖက်သို့ ချာခနဲလှည့်ရင်း . . .

"ဘယ်ကောင်လဲကွ . . . ငါ့ကို ဝက်ဖြူလို့ခေါ်တာ"

ဖြိုးသစ်ထွန်း လက်ထဲမှ ဝွေးချိုသီးမဆလာထုပ်က လေထဲမှာ ဝှီးခနဲ လွင့်သွား၏။ ခေါ်တွင်သူ မည်သူဖြစ်မှန်းမသိပေမဲ့ တကယ်တမ်း ထိသွားတာကတော့ . . .

"ဘုတ် . . ."

"ဟာ . . ."

"ဟယ် . . ."

"အို . . ."

အစဉ်သဖြင့် ကျောင်းသား/သူတွေနှင့် ရှုပ်ထွေးလျက်ရှိနေသော Main လမ်းမကြီးက ထိုအခိုက်အတန့်လေးမှာ တိတ်ဆိတ်သွားသလို ခံစားလိုက်ရသည်။ အဖြစ်အပျက်တစ်ခုအား ကြောင်တောင်ရပ်ငေးသွားကြသူများ ရှိသလို မသိလိုက် မသိဘာသာ ဆက်လက်လျှောက်လှမ်းသွားသူများလည်း ရှိ၏။

ဖြိုးသစ်ထွန်း ဒေါသတကြီး ပစ်ပေါက်လိုက်သော ဝွေးချိုသီးမဆလာထုပ်သည် ရည်ရွယ်ရာကို မထိပါ။ (လူတွေရှုပ်နေသည်မို့ ဘယ်သူအော်ခေါ်လိုက်မှန်းလည်း သိမည်မထင်ပါ။) ဒါပေမဲ့ တည့်တည့်မတ်မတ် ထိသွားသူတစ်ယောက်မှာတော့ . . .

လွန်စွာ ပြင်းရှရူးတောက်သော မိန်းကလေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ အမြှုပ်ပွအကျီပေါ်မှာ ဖြိုးသစ်ထွန်းလက်ချက် မဆလာ ဆေးတွေ ပေကျံနေသည်။ ငွေးချိုသီးခြမ်းလေးတွေက သူမခြေရင်းမှာ တစ်စစီ လွင့်ကျဲလို့။ ကြည့်နေရင်းနှင့် ဒေါသအမျက်ချောင်းချောင်းထွက်သော ခြေလှမ်းတွေ သူ့ဆီဦးတည်လာနေကြောင်း တွေ့ရသည်။ သူ ဘာလုပ်ရမှန်းမသိ ရပ်ငေးသွားစဉ်မှာပဲ . . .

"ရှင် . . . ဘယ်လိုလုပ်လိုက်တာလဲ"

"ဗျာ . . ."

စစ်ရိပ် ကမန်းကတန်း နံဘေးကို လှည့်ကြည့်တော့ . . .

"ဘုရားရေ . . ."

တရားခံ ဖြိုးသစ်ထွန်းရော၊ မင်းဇင်ရော ရှိမနေတော့ပါ။ ဘယ်အချိန်လစ်သွားကြသည်မသိ။ ကျန်နေသူမှာ သူတစ်ယောက်တည်း။

"ရှင့်ကိုမေးနေတာ။ ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

ဘလိုင်းကြီးလာဟောက်နေတဲ့အပြင် ကိုယ်ကိုယ်တိုင်ကလည်း ဘာမှ မလုပ်ထားသည်မို့ . . .

"ကျွန်တော် ဘာလုပ်လို့လဲ"

ခပ်ဆတ်ဆတ်ပြန်ပြောတော့ . . .

"အောင်မာ . . . ရှင်က မျက်မြင်သက်သေတွေ အားလုံးရှိတာတောင် ငြင်းချင်သေးတယ်။ ရှင် ကျွန်မကို ငွေးချိုသီးမဆလာထုပ်နဲ့ ပေါက်လိုက်တာလေ"

"ကျွန်တော် မပေါက်ဘူး"

"ဒါဆို ရှင်လက်ထဲက ငွေးချိုသီးက ဘယ်ကရတာလဲ"

သေလိုက်ပါတော့။ ဘာကိစ္စ စားဖို့ကိုင်ထားတဲ့ လက်ထဲက ငွေးချိုသီးကို စောစောက လွှတ်မပစ်မိတာပါလိမ့်။ မယ်မင်းကြီးမက ဆတ်ခနဲ လည်ပင်းမှ ကျောင်းသားကတ်ကို လှမ်းဆွဲကာ . . .

"မောင်စစ်ရိပ် . . . မြန်မာစာ ဒုတိယနှစ် . . ."

သူ့နာမည်နဲ့ အတန်းကို အသံထွက်ဖတ်ပြီး . . .



"ရပြီ . . . ။ ရှင်နဲ့ကျွန်မ ဒီကိစ္စကို နောက်နေ့မှ ရှင်းမယ်။ အခု လောလောဆယ် ရှင့်အကျီချွတ်"

ကြားလိုက်ရသော စကားကြောင့် စစ်ရိပ် မျက်လုံးပြူးသွားကာ . . .

"ဘာလုပ်ဖို့လဲဗျ . . . ဘာကိစ္စ အကျီချွတ်ရမှာလဲ"

သူမက ကျောမလုံသလို ဆောင်းဘီကို တစ်ချက်လှမ်းကြည့်၏။

ခွေးချင်းကိုက်တာပင် စိတ်ဝင်တစား ထိုင်ကြည့်တတ်သော လူ့သဘာဝအတိုင်း သူတို့နှစ်ဦးအား ပေါ်တင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး ကြည့်နေသော မျက်လုံးတွေမှာ နည်းနည်းနောနောမဟုတ်။ သူမက အံကြိတ်ပြရင်း သွားကြားမှထွက်လာသော လေသံတိုးတိုးဖြင့် . . .

"ကျွန်မ ဒီပုံစံနဲ့ စာသင်ခန်းထဲ ဘယ်လိုဝင်ရမလဲ"

ပထမတော့ မင်းဘာသာ ဝင်ချင်သလိုဝင်ဟု ပြောမည်ကြံသော်လည်း နောက်မှ မိန်းကလေးတစ်ဦးရဲ့ အရှက်ဂုဏ်ကို စဉ်းစားမိသွားသည်။ ကိုယ်တိုင်ကျူးလွန်ထားသော အမှားတစ်ခုမဟုတ်ပေမဲ့ ဝိုင်းကြည့်နေသော မျက်လုံးတွေကို ကိုယ်ချင်းစာမိတာမို့ . . .

ဘာပဲပြောပြော ငွေးချိုသီးမဆလာစားသူထဲတွင် သူလည်း တစ်ဦးအပါအဝင် မဟုတ်ပါလား။ ဤမျှ စူးစမ်းနေသော မျက်လုံးများထဲမှ မိန်းကလေးတစ်ဦးအနေဖြင့် အမြန်ဆုံးထွက်သွားချင်ပေလိမ့်မည်။ ထွက်သွားရအောင်ကလည်း သူမအကျီမှာ မဆလာရည်တွေ မြင်မကောင်း။

နောက်ဆုံးတော့ မိန်းကလေးတစ်ဦး၏ အရှက်ကို ကာကွယ်ပေးသည့်သဘောဖြင့် အကျီချွတ်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။

တော်သေး၏။ အောက်မှာ စွပ်ကျယ်ခံလာပေလို့။ သူ ချွတ်ပေးသောအကျီကို ဆတ်ခနဲဆွဲယူကာ မပြေးရုံတမည် ခြေလှမ်းတွေဖြင့် ထိုမိန်းကလေးမှာ အကြည့်မျက်ဝန်းများတွင်းမှ အမြန်ဆုံး ထွက်သွားလေတော့သည်။ ဒါပေမဲ့ တစ်ခွန်းပြောသွားသေး၏။

"ရှင်နဲ့ကျွန်မ နောက်နေ့တွေ့မယ် . . "



www.burmeseclassic.com

www.burmeseclassic.com

# VIII

ကန်တင်းထဲကို လှမ်းဝင်တော့ သူ့အား သူရဲကောင်းတစ်ယောက်လို ဝိုင်းကြည့်ကြပါသည်။ သူကတော့ ခပ်တည်တည်ပင် စားပွဲတစ်ဝိုင်းမှာ ဝင်ထိုင်လိုက်၏။ အပေါ်အင်္ကျီ မပါတော့သည်မို့ ဒီနေ့အတွက် စာသင်ခန်းထဲဝင်ရန် မဖြစ်နိုင်တော့ . . .။

ကန်တင်းမှာပဲ အချိန်ဖြုန်းရပေတော့မည်။

ဒါပေမဲ့ . . .

"ကွန်ဂရက်ကျူလေးရှင်း . . . စစ်ရိပ်၊ မင်းကို လေးစားတယ်"

ရှေ့ကိုလက်ထိုးပေးရင်း စားပွဲဝိုင်းမှာလာရပ်သူက ကဗျာဆရာ 'မိုးရေ'၊ ဘာမှန်းညာမှန်းမသိ ထိုးပေးသော်လက်ကို ပြန်လည် ဆုပ်ကိုင်လိုက်တော့ ကဗျာဆရာက စားပွဲမှာဝင်ထိုင်သည်။

"ငါ အစအဆုံးမြင်လိုက်တယ် စစ်ရိပ်။ အဲဒါကြောင့် မင်းကို လာဂုဏ်ပြုတာ"

ကဗျာဆရာက ကောင်တာကို ဆေးလိပ်တစ်ပွဲ လှမ်းမှာရင်း ဆိုသည်။ ကဗျာဆရာ မိုးရေဆိုသူမှာ ဥပဒေနောက်ဆုံးနှစ်ကို လွန်ခဲ့သော ငါးနှစ်ကတည်းက တက်နေသူဖြစ်ပါသည်။ 'မိုးရေ' ဟူသောနာမည်မှာလည်း မဂ္ဂဇင်းတွင် ပထမဆုံး စပါခဲ့သည့် သူ့ကဗျာနာမည်ဖြစ်သည်ဟု



ကြားဖူး၏။ မူလက ကလောင်နာမည်တစ်မျိုးနဲ့ ရေးနေရာမှ နောက်ပိုင်း ထိုကဗျာမှာ တိုင်းသိပြည်သိ ကျော်ကြားသွားသည့်အတွက် ကလောင်နာမည်ကိုပါ 'မိုးရေ'ဟု ပြောင်းလိုက်ကြောင်း သိရသည်။ (ကာယကံရှင်အဆို)

စစ်ရိပ်မှာ ကျောင်းမဂ္ဂဇင်းတွင် စာတိုပေစရေးဖူးသူမို့ ကဗျာဆရာ 'မိုးရေ' နဲ့ အတော်အတန် ရင်းနှီးပါသည်။

"ဒါဆို ကျွန်တော်ပစ်တာမဟုတ်မှန်း ခင်ဗျားသိတယ်ပေါ့"

"သိတာပေါ့ကွာ . . . မင်းပစ်တာ မဟုတ်ဘူးဆိုတာကိုရော၊ တကယ်ပစ်ပေါက်လိုက်တဲ့ ဝဝဖြူဖြူကောင်ကိုရော၊ မင်းဆီက အင်္ကျီချွတ်ယူသွားတဲ့ ကောင်မလေးကိုရော ငါ အကုန်သိတယ်"

ကဗျာဆရာက သူ့ကိုပြုံးကြည့်ပြီး တဟင်းဟင်းရယ်နေသည်။ ပြီးတော့ ခေါင်းကို တစ်ချက်ညိတ်ကာ . . .

"မင်းကတော့ တကယ်ဆူးနဲ့မှ သွားတိုးတာပဲ"

"ဘာလဲဗျ . . . "

"မင်းနဲ့ အချေအတင်ဖြစ်သွားတဲ့ ကောင်မလေးကို သိလား"

"ဟင့်အင်း . . . "

ကဗျာဆရာ အံ့ဩသလို သူ့အား သေချာကြည့်ပါသည်။ တကယ်လည်း သူမသိပါချေ။

"မှန်းမမဆိုတာကိုရော ကြားဖူးလား"

"မကြားဖူးဘူး"

နာမည်ကို ပါးစပ်မှာ တိုးတိုးရေရွတ်ကြည့်ပေမဲ့ သူ မသိပါ။ ကြားဖူးနားဝရှိခဲ့သော မိန်းကလေး နာမည်များတွင်လည်း ထိုနာမည်မပါ။ ခေါင်းရမ်းပြတော့ ကဗျာဆရာက သူ့အား သနားစရာ သတ္တဝါတစ်ကောင်လို ကြည့်ကာ . . .

"မင်းကတော့ ဒီကျောင်းမှာ ရှားရှားပါးပါး လူသားပဲပေါ့။ မှန်းခမကိုတောင် မသိဘူးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com

စစ်ရိုပ် မျက်မှောင်ကြုတ်သွားမိသည်။ ကဗျာဆရာပြောသော ထိုမိန်းကလေးမှာ ဘယ်သူပါလိမ့်။ တကယ်သစ်စ မင်းသမီးတစ်ယောက်များလား။ ဒါမှမဟုတ် အဆိုတော်ပေါက်စလား၊ ကဗျာဆရာကိုကြည့်တော့ သူ့အား ခေတ်နောက်ကျနေသူတစ်ယောက်အလား သနားစဖွယ်ကြည့်နေသည်။

"နေစမ်းပါဦးဗျ . . . သူက ဘယ်သူမို့လို့လဲ။ မင်းသမီးလား၊ အဆိုတော်လား"

"မဟုတ်ဘူး"

"ဒါဆို Queen လား"

"အဲဒါလည်း မဟုတ်ဘူး။ ဒီကျောင်းမှာရှိတဲ့ Queen တိုင်းက မနာလိုရတဲ့လူ"

"ဟင် . . ."

သူ နားရှုပ်သွားရ၏။ ဒီကဗျာဆရာ ဘာတွေလာပြောနေတာလဲ။ အူကြောင်ကြောင်ဖြစ်သွားသော သူ့ကိုကြည့်ကာ ကဗျာဆရာက ဆေးလိပ်တစ်လိပ်ကို နှိုက်ယူမီးညှိ၏။ ပြီးတော့ ကျဆိမ့်တစ်ခွက်ကိုပါ လှမ်းမှာသည်။ ထို့နောက် သူ့အား ပြုံးစစကြည့်ကာ . . .

"ဘယ်လိုလဲ . . . ချောတယ်မလား"

အဆုံးအစမရှိပေမဲ့ ဘာကိုဆိုလိုကြောင်း သဘောပေါက်သည်မို့ . . .

"အင်း . . . လှပါတယ်"

"အေး . . . ရုပ်လှတာ အပြင် သူ့မှာ အခြားဂုဏ်ပုဒ်တွေ ရှိသေးတယ်။ ပထမတစ်ခုက သူ့ကိုစိတ်ဝင်စားလို့ ကပ်လာသမျှ လူတိုင်းကို ကောင်းကောင်း ပညာပေးတတ်တယ်။ နောက်တစ်ခုကတော့ နည်းနည်း ထူးခြားတယ်ကွ။ မုန်းမမ နာမည်ကြီးတာလည်း အဲဒီအချက်ကြောင့်ပဲ။



စစ်ရိုပ် စိတ်မသက်သာစွာ ကဗျာဆရာအား ကြည့်မိ၏။ ဘာမဆိုင်ညာမဆိုင် သူ့ကို ဘာတွေလာပြောပြနေရတာလဲ။ ဒါပေမဲ့ . . .။

"သူ့ဘက်ကစပြီး စိတ်ဝင်စားရင်တော့ အင်းယားမှာ ရခိုင်မုန့်တီသွားစားဖို့ ဖိတ်ခေါ်တတ်တယ်"

စိတ်မပါစွာ ခေါင်းယမ်းမိ၏။

ထိုစဉ်မှာပင် သူတို့ဝိုင်းကို နောက်တစ်ယောက် ထပ်ရောက်လာကာ . . .

"စစ်ရိုပ် . . . မင်းကို တောင်းပန်ပါတယ်ကွာ"

စကားနှင့်အတူ ဝင်လာသူက အခန်းဖော်သူငယ်ချင်း ဖိုးခော်။ အကြောင်းမရှိ အကြောင်းရှာ လာတောင်းပန်သည်ကြောင့် မေးရန်ပြင်စဉ် . . .

"တကယ်တော့ ဖြူးသစ်ထွန်းကို ဝက်ဖြူလို့ လှမ်းခေါ်လိုက်တာ ငါပါကွာ"

စစ်ရိုပ် သက်ပြင်းသာချမိလိုက်ပါသည်။ အခုမှ တရားခံအစစ်ကို တွေ့ချေသည်။ ဒါပေမဲ့ မတတ်နိုင်တော့။ အားလုံးက ပြီးသွားခဲ့ချေပြီ။

"လှမ်းခေါ်ရတာလည်း အကြောင်းမဲ့ မဟုတ်ပါဘူးကွာ။ ဒီကောင် အကြွေးတွေ ဦးပြောင်ကြီးဆိုင်မှာ တော်တော်များနေပြီ။ အဲဒါ ဦးပြောင်ကြီးက ဘောမှာ နာမည်တင်တော့မယ်ကြားလို့ ခေါ်ပြောမလို့ပါ၊ ဒါပေမဲ့ . . ."

စစ်ရိုပ် သဘောပေါက်လိုက်ပေမဲ့ ဘာမှမတတ်နိုင်တော့ပါချေ။ ဘယ်သူ့ကို အပြစ်တင်ရမှန်းလည်း မသိတော့ . . .

ထိုစဉ်မှာပဲ ကဗျာဆရာက ရှေ့မှ လက်ဖက်ရည်ခွက်ကို အကုန်မော့ရင်း လက်ကျန်ဆေးလိပ်များကို အိတ်တွင်းကောက်ထည့်ကာ . . .

"ငါသွားလိုက်ဦးမယ်ကွာ၊ မင်းတော့ သတိထားနေပေတော့။



www.burmeseclassic.com

www.burmeseclassic.com

ငါရဲ့တောက်ပြောင်ထက်မြက်တဲ့ အနုပညာမြော်မြင်မှုအရ မကြာခင်မှာ မင်း ရှိုင်းမှုန့်တီလိုက်သောက်ရဖို့ မြင်နေတယ်"

ကဗျာဆရာထွက်သွားမှ နောက်တစ်ခါ ခံလိုက်ရပြီဖြစ်ကြောင်း သိရသည်။ သူ့ရှေ့မှာ ကဗျာဆရာသောက်သွားသော လက်ဖက်ရည်နှင့် ဆေးလိပ်တစ်ပွဲက တက်တက်စင်ကာနေ၏။ ကိုယ့်အိတ်ကိုယ် စမ်းကြည့်မိတော့ . . .

ႈ ႈ ႈ



ကန်တင်းမှထွက်တော့ လက်ထဲမှာ ပိုက်ဆံအနည်းငယ်သာ ကျန်တော့သည်။ ထမင်းစားရန် မလောက်တော့။

စွပ်ကျယ်လက်ပြတ်နှင့်မို့ စာသင်လို့မရမည့် အတူတူအဆောင်သို့သာ ပြန်ခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# IX

"မင်းရဲ့စာမေးပွဲက နံပတ်စဉ်အတိုင်း ဖြေမှရမှာလား"

(SY)

"အဆင်ပြေသလို ဖြေလို့ရပါတယ်"

(GA)

"ကောင်းပြီ . . . အဲဒါဆို နံပတ်စဉ် (3)နဲ့ (4)ကို အရင် ဖြေကြည့်မယ်"

(SY)

"ကောင်းပြီလေ၊ စောင့်ကြည့်တာပေါ့"

(GA)

"ရခိုင်အရေးအခင်းမှာ ငါရဲ့ လှူဒါန်းငွေက တစ်သောင်း (1000)

(SY)

"ဒီလောက်ပဲလား"

(GA)

"ငါက ကျောင်းသားတစ်ယောက်ပါ။ နယ်က မိဘတွေပို့ပေးတဲ့စရိတ်နဲ့ ကျောင်းတက်နေရတဲ့ လူ။ ငါ့မှာ ကိုယ်ပိုင်ဝင်ငွေမရှိဘူး။



ငါ့မိဘတွေကလည်း မချမ်းသာဘူး။ အဲတော့ ငါဘယ်လိုလုပ်ပြီး အများကြီး လှူနိုင်မှာလဲကွာ။ လှူခဲ့တဲ့ တစ်သောင်းကိုတောင် မနည်းခြစ်ချုပ်ပြီး လှူချင်လွန်းလို့ လှူခဲ့ရတာပါ။

ငါ့မှသာ ကိုယ်ပိုင်ဝင်ငွေရှိမယ်၊ စားဝတ်နေရေးပြေလည်ပြီး လှူနိုင်တန်းနိုင်တဲ့ အနေအထားရှိရင်တော့ ဒီထက်အဆပေါင်းများစွာ လှူချင်ပါတယ်။ တကယ်ပါ။ တတ်အားသရွေ့သာ လှူနိုင်ခဲ့တဲ့ ဒါနတစ်ခုအတွက် လူအထင်ကြီးအောင်လည်း ပိုမပြောဘူး။ နည်းပါးလွန်းတဲ့ အလှူငွေအတွက် လူအထင်သေးမှာလည်း ငါမကြောက်ဘူး၊ အဟုတ်တကယ် ငါလှူဒါန်းနိုင်ခဲ့တာသည် ကျပ်တစ်သောင်းတိတိပါပဲ"

(SY)

"ကုသိုလ် တော်တော်ရလိုက်မှာပေါ့"

(GA)

"ဒါကတော့ လှူဒါန်းသူရဲ့ စေတနာပေါ်မှာပဲ မူတည်ပါတယ်။ တချို့တွေက ညောင်ပင်ကြီးလောက်လှူပေမဲ့ ညောင်စေ့လောက်ပဲ ရတာလေ။ တချို့ကတော့ ညောင်စေ့လောက်လှူပေမဲ့ ညောင်ပင်ကြီးလောက် ရတယ်။ ဘုရားဟောကို ပြောတာနော်"

(SY)

"ဟုတ်ပါပြီ . . . နောက်မေးခွန်းတစ်ခု ထပ်ဖြေကြည့်ပါဦး"

(GA)

"နံပါတ် (4) မေးခွန်းကို ဖြေရရင်တော့ တော်တော်ရှည်လိမ့်မယ်။ သည်းခံပြီး ဖတ်ပေးနော်"

(SY)

ထို့နောက် လွန်ခဲ့သော New Year ညက သူပြောပြခဲ့သော အကြောင်းအရာတချို့ကို ပြန်ရေးပြလိုက်သည်။ လွန်ခဲ့သော အတိတ်တစ်ခုက သူ့ရဲ့ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

စဆုံးသွားတော့ တစ်ဖက်မှတုံ့ပြန်မှု ချက်ချင်း တက်မလာ။ စစ်ရိုပ် ရင်ခုန်သွား၏။ ဂျီယာ သူ့ကို မှတ်မိသွားပြီလား။ ရင်ခုန်စုန်နှင့်ပင် နောက်တစ်ကြောင်း ထပ်ရိုက်လိုက်သည်။

"ငါ အခုရေးပြတဲ့ အကြောင်းတွေကို မင်း တကယ်ပဲ နားမထောင်ဖူးခဲ့ဘူးလား"

(SY)

တစ်ဖက်မှ ဖြေရှင်းချက်တက်မလာပါ။ မော်နီတာကို ကြည့်ပြီး ရင်ခွင်က နွေးနွေးရှုရှုဖြစ်လာသည်။

ဘယ်လို အကြောင်းအရာတွေ ပေါ်လာမလဲ။

နားထောင်ဖူးတယ်ပဲပြောမလား။ နားမထောင်ဖူးဘူးပဲ ပြောမလား။ ထိုစဉ်မှာပင် လုံးဝ ထင်မှတ်မထားသော အဖြစ်အပျက်က သူတို့ internet ဆိုင်လေးကို ကံဆိုးမိုးမှောင် ချပစ်လိုက်၏။

အကုန်လုံး 'ဟာ' ခနဲ ဖြစ်သွားသည်။

Connection ကျသွားလေပြီ။

ရင်ခွင်က ဟာဆင်းသွား၏။ ဘယ်သူ့ကိုမှန်းမသိ၊ ဒေါသတွေ အလိပ်လိုက်ထွက်လာတော့ . . .

"ကျွတ် . . . အဖြေရခါနီးမှကွာ"

"ကောင်းခန်းရောက်မှ . . . သေရောပဲ"

နံဘေးမှ သူလိုကိုယ်လို ငနဲသားတွေ အံတကြိတ်ကြိတ်၊ တောက်တခေါက်ခေါက် ဖြစ်ကုန်ကြသည်။ သူကတော့ သက်ပြင်းသာ ကြိတ်ချမိလိုက်၏။ မတတ်နိုင်တော့ . . .

Connection အတက်ကိုသာ စောင့်ရပေတော့မည်။

Connection ပြန်ရစဉ်၌ line ပေါ်တွင် သူမ ရှိမနေတော့ပါ။

"ကျွတ် . . ."

စစ်ရိုပ်အကြာကြီး ထိုင်ကာ စဉ်းစားနေမိ၏။ internet ထဲမှ ဂျီယာသည် အပြင်မှာ သူနှင့်ဆုံခဲ့သော ဂျီယာပဲလား။ ဒါမှမဟုတ် နာမည်



ပဲ တူနေတာလား။ ဖြေဆိုခိုင်းထားသော မေးခွန်းများကို ကြည့်ရသလောက်တော့ သူနှင့်ဆုံခဲ့သော ဂျီယာဆိုတာ သေချာ၏။

ခက်တာက သူကလည်း ဂျီယာဆိုသည့် နာမည်ကလွဲပြီး ဘာမှမသိခဲ့ခြင်းပင်။ ဘာမှလည်း စုံစမ်းမရခဲ့။ ရှာသာရှာနေရသည်။ ရုပ်ကိုလည်း မြင်ဖူးတာမဟုတ်။ ဒီတော့ မခက်သားလား။

ကြော်ငြာချက်အရ မေးခွန်းအားလုံးကို ဖြေနိုင်လျှင်တော့ နောက်ကွယ်က သူမနှင့် တွေ့ရပေမည်။ တခြားနည်းနှင့်ရော တွေ့ရန် မဖြစ်နိုင်တော့ဘူးလား။ မော်နီတာရှေ့တွင်ထိုင်ကာ စစ်ရိုပ်ဦးနှောက်ကို အလုပ်ပေးမိသည်။

မကြာသော အချိန်တစ်ခုအတွင်းမှာပဲ ဦးနှောက်မှာ အတွေးတစ်ချက် လက်သွားပေပြီ။ ချက်ချင်းပင် လက်တွင်းမှ mouse ကို ကလစ်လိုက်တော့ မော်နီတာမှာ ပေါ်လာသည်က ဖြေဆိုသူ (၂၀၀) ကျော်အနက်မှ အောင်မြင်ထားသူ (၅)ဦးရဲ့အမည်။

ပထမဆုံးတွေ့ရသူက 'ကိုအောင်မြတ်သူ'။

စစ်ရိုပ် ကပျာကယာပင် လှမ်း add လိုက်၏။

တစ်အောင့်ကြာတော့ တစ်ဖက်မှ လက်ခံမှုကို ရရှိသည်။ ထိုအခါမှာ . . .

"Hi . . . အစ်ကို၊ မင်္ဂလာပါ"

(SY)

တစ်ဖက်မှ မကြာလှသော အချိန်မှာပင် ပြန်စာရောက်လာ၏။

"ညီလေးရေ . . . မင်္ဂလာပါ"

(AMT)

စစ်ရိုပ် လက်တို့ သွက်လက်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

# X

"ကိုအောင်မြတ်သူနဲ့ တွေ့ချင်လို့ပါ"

စာရေးမက သူတို့သုံးဦးကို သေချာကြည့်ကာ . . .

"ရက်ချိန်းယူထားလားရှင်"

"မယူထားပါဘူး။ ဒါပေမဲ့ မကြာခင်ကတော့ ဖုန်းဆက်ထားပါတယ်"

"ဩော် . . . ဟုတ်ကဲ့ . . . ခဏလေးစောင့်ပါနော်"

စာရေးမ သုတ်သုတ်သုတ်သုတ်ဖြင့် အတွင်းဘက်ဝင်သွား၏။ မကြာပါ။ အပြင်ပြန်ထွက်လာပြီး . . .

"ကိုအောင်မြတ်သူနဲ့ တွေ့လို့ရပါပြီရှင်"

သူတို့သုံးဦးသား စာရေးမ ဦးဆောင်ရာနောက်ကို လိုက်သွားလိုက်ပါသည်။ အခန်းတစ်ခန်းရှေ့ကိုရောက်တော့ စာရေးမက တံခါးဖွင့်ပေးသည်။ သူတို့ မြင်လိုက်ရသည်က . . .

အခန်းလေးတစ်ခန်းက အေးစိမ့်သပ်ရပ်နေ၏။ ကျွန်းစားပွဲကြီးတစ်လုံးနှင့် ကျွန်းဗီရိုများ။ ထိုဗီရိုများထဲမှာက စာရွက်စာတမ်းတွေ၊ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ စာအုပ်တွေ။ ပြီးတော့ စီးပွားရေးနှင့် ပတ်သက်သော အင်္ဂလိပ်နာမည်တပ် စာအုပ်ထူကြီးတွေဖြင့် ပြည့်သိပ်စီရီနေသည်။



ကျွန်းစားပွဲကြီးပေါ်မှာက ဖိုင်တွဲများ၊ တံဆိပ်တုံးများ၊ နာမည်ကြီးတံဆိပ်နှင့် Lap-top တစ်လုံး၊ မိုဘိုင်းဖုန်းနှစ်လုံး၊ ထိုနောက်မှာမှ တည်ကြည်ရှင်းသန့်သော ယောက်ျားတစ်ယောက်။

အသက်မကြီးသေးပေ။ အများဆုံးရှိမှ သုံးဆယ်ဝန်းကျင်၊ ဆံပင်ကို နောက်လှန်ဖီးထားပြီး မျက်မှန်ပါးတစ်လက်နှင့် ဥပဓိရုပ်က ခန့်ညားနေသည်။ အကောင်းစား ရုပ်အင်္ကျီတစ်ထည်ကို ကြယ်သီးစုံတပ် ဝတ်ထားသည်ကို ကြည့်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် လေးစားသော လူတစ်ယောက်ဆိုတာ သိသာ၏။

အသွင်အပြင်၊ ဟန်ပန်နှင့် ကိုယ်နေဟန်ထားက မြင်ရသူအဖို့ အထင်ကြီးချင်စရာ . . .

ဟုတ်ပါသည်။ ဒါဟာ သွင်းကုန်၊ ထုတ်ကုန် ကုမ္ပဏီကြီးတစ်ခုရဲ့ အထွေထွေမန်နေဂျာ ကိုအောင်မြတ်သူပါပဲ။

ဝင်လာသော သူတို့သုံးယောက်ကို အကင်းပါးသော မျက်လုံးတစ်စုံဖြင့် လှမ်းကြည့်ကာ . . .

"လာကွာ . . . ညီလေးတို့ ထိုင်ကြ"

သူတို့သုံးဦးသား ခပ်ယို့ယို့ ဝင်ထိုင်လိုက်ပါသည်။ သူတို့နေရာကျ၍ တစ်အောင်ကြာတော့ ကိုအောင်မြတ်သူက ရှေ့မှ Lap-top ကို ပိတ်ကာ . . .

"ညီလေးက စစ်ရိပ်ဆိုတာ ထင်တယ်"

အကင်းပါးသော လူတစ်ယောက်ပေမို့ သူ့ကို စစ်ရိပ်ဟု တန်းသိတာ ဆန်းလှတယ်တော့ မဟုတ်ပါ။ ထို့ကြောင့် . . .

"ဟုတ်ပါတယ် . . . အစ်ကို၊ ကျွန်တော် စစ်ရိပ်ပါ"

ခေါင်းကိုညိတ်ရင်း တစ်ဆက်တည်းဆိုသလိုပင် . . .

"ကိစ္စကတော့ . . . ညက ငါ့ညီပြောတဲ့ကိစ္စပဲ ထင်တယ်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်မြတ်သူက မျက်မှန်ကို ဟန်ပါပါချွတ်ရင်း နောက်သို့ တွန်းမှီထိုင်လိုက်သည်။ ပြီးတော့ သက်ပြင်းကိုချကာ စဉ်းစားသလို ငြိမ်သွားခဲ၏။ ထိုစဉ်မှာပဲ သူတို့ကိုလိုက်ပို့ပေးသော စာရေးမက ကော်ဖီဗန်းကိုင်ရင်း အခန်းတွင်း ဝင်လာသည်။ သူတို့သုံးဦးရှေ့သို့ ကော်ဖီတစ်ယောက်တစ်ခွက်စီ ချပြီးသည့်နောက် . . .

"သုံးဆောင်ပါဦးရှင့် . . ."

သူ ခေါင်းညိတ်ပြလိုက်ပေမဲ့ ဟိုနှစ်ယောက်ကတော့ မျက်လုံးကျွတ်ထွက်မတတ် စာရေးမနောက်ကိုပါ သွားကြ၏။ စာရေးမ ထွက်သွားပြီးပြီးချင်းပင် ကိုအောင်မြတ်သူက . . .

"အစ်ကို့အနေနဲ့ ပြောရရင်တော့ အဲဒီစာမေးပွဲကို ဝင်မဖြေစေချင်ဘူး"

"ဗျာ . . ."

အံ့သြသလိုဖြစ်ပြီးနောက် တစ်ဆက်တည်းပင် မေးခွန်းတစ်ခု တန်းမေးလိုက်သည်။

"ဘာဖြစ်လို့လဲ အစ်ကို"

သူ့မေးခွန်းအား ကိုအောင်မြတ်သူက အေးအေးသက်သာပင် ဖြေပေး၏။

"ဂျီယာဆိုတာ မှားယွင်းတဲ့ လိမ့်စဉ်ကြီးတစ်ခု ဖြစ်နေလို့ပဲ"

စစ်ရိပ်၊ မင်းဇင်နှင့် ဖြိုးသစ်ထွန်းတို့သုံးဦးလုံး ကြောင်ငေးတိတ်ဆိတ်စွာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားကြပါသည်။

သူတို့ပုံစံကို ကြည့်ကာ ကိုအောင်မြတ်သူက . . .

"ဟုတ်တယ် . . . ဂျီယာဆိုတာ လိမ်စဉ်ကြီးတစ်ခုပဲ"

သူတို့ နားမလည်ပါချေ။ ထို့ကြောင့် . . .

"ကျွန်တော်တို့နားလည်အောင် ရှင်းပြပါလား အစ်ကို"

ကိုအောင်မြတ်သူက ခေါင်းကိုညိတ်ကာ . . .



"ညက ညီလေးပြောတဲ့ အဓိကအကြောင်းအရင်းက ဂျီယာ ဘယ်သူဆိုတာ သိချင်တာမလား"

သူခေါင်းညိတ်ပြတော့ . . .

"လွယ်လွယ်ပြောကြပါစို့။ Online မှာ အစ်ကိုစာမေးပွဲ အောင်သွားတယ်ဆိုပါတော့ကွာ။ စာမေးပွဲအောင်တော့ သူတို့ကြော်ငြာထားတဲ့ စည်းမျဉ်းအရ ဂျီယာနဲ့တွေ့ရတယ်။ အဲဒီမှာ ဂျီယာဆိုတဲ့ မိန်းကလေးက ဘယ်လိုပုံစံရှိမယ်လို့ မင်းတို့ထင်လဲ"

သူတို့ မသိပါချေ . . .။ နာမည်ပဲ ကြားဖူးထားသော လူတစ်ယောက်က ရုပ်မြင်ဖူးထားသူလောက်တော့ ဘယ်လိုလုပ် သိမည်နည်း။ ထို့ကြောင့် . . .

ဆက်ထွက်လာမည့် စကားကိုသာ စောင့်မျှော်နေလိုက်သည်။ မကြာပါချေ။ ကိုအောင်မြတ်သူ နှုတ်မှ ထင်မှတ်မထားသော စကားတစ်ခွန်း ထွက်ကျလာသည်။

"မျက်လုံးကန်းနေတယ်"

"ဗျာ . . ."

"ဟုတ်တယ် . . . ဂျီယာဆိုတဲ့ မိန်းကလေးက မျက်လုံးမမြင်ဘူး"

"ခင်ဗျာ . . ."

သူတို့ အကြီးအကျယ် တုန်လှုပ်သွားကြသည်။ ကိုအောင်မြတ်သူကို ကြောင်တောင်တောင်ကြည့်ပြီး အသက်ပင်မရှိတော့သယောင်။

"ဟုတ် . . . ဟုတ်ရဲ့လား . . . အစ်ကိုရာ"

မယုံကြည်နိုင်သလို မေးလိုက်သော သူ့စကားအား . . .

"အစ်ကို အစအဆုံး ပြောပြမယ်။ တွေ့ဖို့ချိန်းတဲ့နေ့က ကိစ္စတစ်ခုနဲ့ အစ်ကို နောက်ကျမှ ရောက်သွားတယ်။ ချိန်းတဲ့ဆိုင်ကိုရောက်တော့ အစ်ကိုကြိုမှာထားတဲ့ဝိုင်းမှာ သူရောက်နေပြီ။ တစ်ယောက်တည်း မျက်မှန်အမည်းကြီးတစ်လက်ကို တပ်လို့။ စားပွဲမှာ ဝင်ထိုင်ပြီးချိန်ထိ အစ်ကိုရောက်လာတာကို သူ မသိသေးဘူး။ 'ဂျီယာဆိုတာလား မသိ



www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ ကျွန်တော် ရောက်ပါပြီ' လို့ပြောမှ . . . 'ဩော် . . . ရှင်ရောက်ပြီလား' တဲ့။ အစ်ကို လုံးဝ အံ့သြသွားတာပေါ့ကွာ။ သိပ်မကြာပါဘူး။ သူ မျက်လုံးမမြင်ရဘူးဆိုတာ သိလိုက်ရတာပဲ"

စစ်ရိပ် စကားမပြောနိုင်တော့ပါချေ။ ကိုအောင်မြတ်သူ ပြောသော စကားတို့က သူ့နှလုံးနှင့် နှုတ်ခမ်းကို ထုတ်ချင်းပေါက် ဆွဲ့အသွားစေပါသည်။ ထိုစဉ်မှာပဲ . . .

"အကျဉ်းချုပ်ပြီး ပြောရရင်တော့ သူဟာ မျက်မမြင်တစ်ယောက်ဖြစ်နေတဲ့အတွက် ရှေ့ဆက်ဖို့ကိစ္စကို ငါ့ဘက်က သေချာစဉ်းစားပါလို့ ပြောပြီး ပြန်သွားတယ်ပေါ့ကွာ။ အစ်ကိုတို့တွေ့ဆုံမှုက တင်ပါးတောင် မပူလိုက်ပါဘူး"

"သူတစ်ယောက်တည်း ပြန်သွားတာလား"

မင်းဇင်ရဲ့ အလျင်စလိုအမေးကို . . .

"မဟုတ်ဘူး . . .။ ခိုင်းတဲ့ကောင်မလေးတစ်ယောက် ပါလာတယ်။ တစ်ဖက်ဝိုင်းမှာ ထိုင်နေတာ။ အစ်ကို သတိမထားမိလို့"

ထို့နောက်တော့ သူတို့စကားဝိုင်းလေး ခဏတာ တိတ်ဆိတ်သွားပါသည်။ စစ်ရိပ် စဉ်းစားနေရာမှ တစ်ခွန်းမေးလိုက်၏။

"အစ်ကိုပြောတဲ့ လိမ်စဉ်ဆိုတာ ဂျီယာ မျက်လုံးမမြင်တဲ့ကိစ္စကို ပြောတာပေါ့"

ကိုအောင်မြတ်သူက သူ့ကိုကြည့်ကာ သဘောကျသလို ပြုံး၏။ ပြီးတော့ ခေါင်းကို ခပ်လေးလေးယမ်းကာ . . .

"မဟုတ်ဘူး၊ ဒါကို လိမ်စဉ်လို့ ပြောလို့မရဘူးလေ။ မျက်လုံးကန်းနေတဲ့ မိန်းကလေးတစ်ယောက်က သူ့ကြင်ရာဖက်ကို online ပေါ်တင်ပြီးရှာတယ်။ သူ့မျက်လုံးကန်းနေတာကို မသိပေမဲ့ သူ့ရုပ်ကို မြင်ရတာမှမဟုတ်တာ။ သူ ဖြူသလား၊ မည်းသလား၊ လှသလား၊ ရုပ်ဆိုးသလားဆိုတာကိုလည်း ငါတို့မသိဘူး။ ဒါပေမဲ့ စိတ်ဝင်စားလို့ စာမေးပွဲဝင်ဖြေတယ်။ စာမေးပွဲ အောင်တော့ သူနဲ့တွေ့တယ်။



တွေ့တဲ့အခါမှာလည်း သူ မျက်လုံးမမြင်ပါဘူးလို့ ပွင့်ပွင့်လင်းလင်းပြောတယ်။ သူ့ရဲ့ အားနည်းချက်ကို ပြောပြပြီး သေချာစဉ်းစားပါလို့ ပြောသွားတယ်။ ဒီအထိ ရှင်းရှင်းလေးပဲ။ လိမ်ညာတာ တစ်ခုမှမပါဘူး"

"ဒါဆို လိမ်စဉ်ဆိုတာ ဘာကိုပြောတာလဲ အစ်ကို"

"လိမ်စဉ်က အခုမှစတာ။ ဘာကြောင့်လဲဆိုတော့ ဂျီယာဟာ မျက်စိမမြင်တဲ့ မိန်းကလေးတစ်ယောက် လုံးဝမဟုတ်လို့ပဲ"

"ဗျာ . . ."

"ဟင် . . ."

မျက်လုံးပြူးရပြန်ပါပြီ။ ဒီတစ်ခါ ရင်ခုန်မှုကတော့ အသွင်တစ်မျိုးပြောင်းသွား၏။

"ဂျီယာဟာ မျက်စိမမြင်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်တဲ့ အပြင် အခုအချိန်ထိ တက္ကသိုလ်တက်နေတဲ့ ကျန်းမာရေးကောင်းသူ သာမန်မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပဲ"

ပြီးတော့ ကိုအောင်မြတ်သူက ဂျီယာ လက်ရှိတက်နေသော တက္ကသိုလ်ကို ပြောပြ၏။ အံ့သြပြန်ပါသည်။ တိုက်ဆိုင်လွန်းစွာ သူတို့ကျောင်းကြီးမှာပင် ဖြစ်တော့၏။ စစ်ရိပ် ရင်ခုန်မြန်လာရပြီ။

"ဒါပေမဲ့ ငါ့ညီကိုတော့ အစ်ကိုတစ်ခု ကူညီနိုင်ပါတယ်။ online စာမေးပွဲဖြေဖို့ အစ်ကို အားမပေးပေမဲ့ ဂျီယာ ဘယ်သူဆိုတာကိုတော့ ပြောပြပေးနိုင်တယ်။ ဒီမှာ . . "

ပြောပြောဆိုဆို ကိုအောင်မြတ်သူက နဘေးမှာ ရှိနေသော သူ့ဖုန်းတစ်လုံးကိုယူကာ နံပါတ်အချို့ကို နှိပ်သည်။ ပြီးတော့ . . .

"ဂျီယာနဲ့တွေ့တဲ့နေ့က အစ်ကို သူ့ကို ဖုန်းနဲ့ရိုက်ထားလိုက်တာ"

"ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com

တဖျာတရာ သူ ယူကြည့်လိုက်တော့ ခေါင်းနှစ်လုံး သူ့နားဝိုင်းလာ၏။ မျက်မှန်နက်ကြီး တပ်ထားသူ မိန်းကလေးတစ်ယောက်။ လူသည်ဆိုတာထက် ပို၍ ထိုမိန်းကလေးကို သူမသိပါ။ ဒါပေမဲ့ . . .

"သူ့ကို ငါသိတယ်။ အီးမေဂျာ ဂုဏ်ထူးတန်းက။ နာမည်က ချိုသာ"

မင်းဇင်စကားကို ထောက်ခံသလို ကိုအောင်မြတ်သူက ပြုံးတာ . . .

"ဟုတ်လိုက်လေ . . . ဂုဏ်ထူးတန်း တက်ရုံတင်မဟုတ်ဘူး၊ အချိန်ပိုင်းနည်းပြပါ လုပ်လိုက်သေးတယ်"

အံ့သြပြီးရင်းသာ အံ့သြလို့ သွားတော့၏။ ဖြိုးသစ်ထွန်းက တစ်ခွန်း ဖြတ်မေးသည်။

"သူ မျက်လုံးကန်းချင်ယောင်ဆောင်ထားမှန်း အစ်ကိုသိတော့ အဲဒီကိစ္စကို လိုက်မရှင်းဘူးလား"

"သူ တကယ်မျက်စိမမြင်တာမဟုတ်မှန်း အစ်ကို တော်တော်ကြီးကြာမှ သိရတာ။ ရှင်းလည်း မရှင်းချင်တော့ပါဘူး။ ရှင်းစရာမလိုအောင် ရှင်းနေပြီပဲ။ သူ အစ်ကို့ကို သဘောမကျလို့ အခုလိုဟန်ဆောင်ပြီး ငြင်းလိုက်တာပေါ့"

ဒါလည်း ဟုတ်နေပြန်ပါသည်။ စစ်ရိပ် ငြိမ်နေရာမှ အသိချင်ဆုံးမေးခွန်းတစ်ခုကို ပွင့်လင်းစွာ မေးလိုက်၏။

"သူက . . . ဂီယာဆိုတာတော့ သေချာတယ်ပေါ့"

ကိုအောင်မြတ်သူက ခြောက်ကပ်ကပ်ရယ်သည်။ အသက်မပါစွာ ရယ်နေရာမှ အရယ်ကိုရပ်ပြီး . . .

"ဒါက နောက်ထပ် လိမ်စဉ်တစ်ခုပေါ့"

"ဟင် . . ."

ကိုအောင်မြတ်သူက နှုတ်ခမ်းကို မထိတရိတွန့်ကွေးရင်း . .



"အဲဒါကို သိချင်ရင်တော့ နောက်ထပ်လူတစ်ယောက်နဲ့ ငါညီ ထပ်တွေ့ရလိမ့်မယ်။ သူက အစ်ကို့သူငယ်ချင်း . . . (× × ×) လမ်းမှာ ကော်ဖီဆိုင်ဖွင့်ထားတယ်။ နာမည်က ဇင်မောင်ထိုက်တဲ့"

"ဇင်မောင်ထိုက်"

ထိုနာမည်က ကြားဖူးသလိုလို နားထဲသို့ စီးဝင်သွားသည်။ ငြိမ်သွားသောသူ့ကို ကြည့်၍ . . .

"ဘာလဲ . . . ကြားဖူးတယ်ထင်လို့ စဉ်းစားနေတာလား။ မစဉ်းစားနဲ့။ ငါညီ သူ့နာမည်ကို ရင်းနှီးတယ်။ ကြားဖူးတာတော့ မဟုတ်ဘူး။ မြင်ဖူးတာ"

စဉ်းစားရပြန်ပါသည်။ ကိုအောင်မြတ်သူ စကားတို့က လိုရာကို မရောက်ဘဲရှိနေ၏။ ထိုစဉ်မှာပဲ . . .

"ဇင်မောင်ထိုက်ဆိုတာ အစ်ကိုပြီးတော့ ဒုတိယမြောက်အကြိမ် ဂီယာ့စာမေးပွဲကို အောင်မြင်ထားသူပေါ့"

ဒီတော့မှ မျက်လုံးတွင်းမှာ သဲကွဲစွာ မြင်သွား၏။ ဟုတ်ပါသည်။ ဒါကြောင့်မို့လို့ ထိုနာမည်ကို ရင်းနှီးနေတာပါ။ ထူးထူးဆန်းဆန်း သူတို့နှစ်ဦးက သူငယ်ချင်းတဲ့။

"သူ့ကိုတော့ အစ်ကို တားလို့မရခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ online မှာ သူ့နာမည်တက်လာမှ သိလိုက်ရလို့ပဲ။ စိတ်ဝင်စားတယ်ဆိုရင် အစ်ကိုဖုန်းဆက်ပြီး ပြောထားပေးမယ်။ သူနဲ့ သွားတွေ့ကြည့်လိုက်။ မင်းတို့ ဂီယာအကြောင်းကို အခုထက် ပိုသိရမှာပါ"

စဉ်းစားမနေတော့ သူတို့ ဘက်မှ မီးစိမ်းပြတော့ ကိုအောင်မြတ်သူက ချက်ချင်းပဲ ဖုန်းဆက်ပေးသည်။ ထို့နောက်မှာ လိပ်စာကတ်တစ်ခုအား သူတို့ကိုပေး၍ . . .

"ကဲ . . . ဒီလိပ်စာအတိုင်းသာ သွားလိုက်ကြတော့။ မင်းတို့ကို သူ စောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

# XI

"ငါနဲ့တွေ့ခဲ့တဲ့ ဂျိုယာဆိုတာ အဲဒီမိန်းကလေးမဟုတ်ဘူး"

"ဗျာ . . ."

သူတို့သုံးယောက်ရဲ့ သံပြိုင်အော်ဟစ်သံက ကော်ဖီဆိုင်တစ်ခုလုံးပင် ဟိန်းသွားသလား ထင်ရသည်။ စိတ်ငြိမ်သော နေရာအခင်းအကျင်းမို့ တခြားဝိုင်းတွေပင် သူတို့ကို လှည့်ကြည့်ကုန်၏။ ဇင်မောင်ထိုက်ဟုခေါ်သူ ဆိုင်ရှင်အစ်ကိုကြီးက သူ့ဖုန်းကို ထုတ်ကာ ဓာတ်ပုံတစ်ပုံကို ပြရင်း . . .

"အောင်မြတ်သူနဲ့ တွေ့ခဲ့တယ်ဆိုတာ ဒီမိန်းကလေးမလား"

ဖုန်းထဲမှာ သူတို့ကြည့်ခဲ့ဖူးသော ဓာတ်ပုံတစ်ပုံက လုံးဝ ကွဲလွဲမှုမရှိဘဲ screen တွင် ထင်ဟပ်နေသည်။

"ဟုတ်ပါတယ် . . . အစ်ကို"

"ဟုတ်မှာပေါ့ကွ . . . ဒီဓာတ်ပုံကို ငါ အောင်မြတ်သူဆီက ကူးထားတာပဲ"

"ဟင် . . . "

ဖြိုးသစ်ထွန်းက ကြောင်တောင်တောင်ဖြင့် ဆိုင်ပိုင်ရှင်ကို ကြည့်၏။ အရေးထဲ သူက လာနောက်နေသေးသည်။



"သေချာတာကတော့ ငါနဲ့တွေ့ခဲ့တဲ့ဂျိုယာဟာ ဒီမိန်းကလေး မဟုတ်တာပဲ။ ဒီပုံထဲက ဂျိုယာက မျက်လုံးကန်းနေတယ်။ အေး . . . ငါနဲ့တွေ့ခဲ့တဲ့ ဂျိုယာကတော့ စကားမပြောတတ်ဘူး"

"ဗျာ . . ."

ဒုတိယမွှ 'ဗျာ' မိသွားကြပြန်သည်။ ခေါင်းတွေပင် ရှုပ်လာပြီဖြစ်၏။ မင်းဇင်နှင့် ဖြိုးသစ်ထွန်းကတော့ ကိုယ်စီ ခေါင်းကုတ်ကြသည်။ သူကတော့ ဆိုင်ပိုင်ရှင်ဆီမှ ဆက်ထွက်လာမည့်စကားကို စိတ်ဝင်တစားနားထောင်နေမိသည်။

"စကားမပြောတတ်ဘူး၊ အမူအရာနဲ့ ပြောတယ်။ သူလုပ်ပြတာတွေ ငါ ဘာတစ်ခုမှ နားမလည်တော့မှ စာအုပ်ထုတ်ပြီး စာရေးပြတာပဲ"

"ဘာ . . . ဘာရေးပြတာလဲ အစ်ကို"

အလျင်စလို သူ့အမေးကို . . .

"သူဟာ စကားမပြောတတ်တဲ့ ကိုယ်အင်္ဂါ ချို့တဲ့သူပေါ့ကွာ။ ဒါကြောင့် သူနဲ့ ငါရဲ့ကိစ္စကို ငါ့ဘက်က သေချာစဉ်းစား ဆုံးဖြတ်ပါပေါ့"

ကိုအောင်မြတ်သူဆီက ကြားခဲ့ရသော စကားတို့ပါပင်။

"နှစ်ရက်လောက်ကြာတော့ ငါ့ဆီကို အောင်မြတ်သူ ဖုန်းဆက်လာတယ်။ ဂျိုယာနဲ့ပတ်သက်ပြီး ပြောစရာရှိတယ်ဆိုလို့ ငါသွားတွေ့တော့ ဒီဓာတ်ပုံကို တွေ့ရတာပဲ။ ငါ တော်တော်အံ့ဩသွားတယ်။ ငါနဲ့တွေ့တဲ့ ဂျိုယာနဲ့ အောင်မြတ်သူပြတဲ့ဓာတ်ပုံက လုံးဝကွဲလွဲနေတယ်လေ။ နောက်ကွယ်မှာ ငါမသိသေးတဲ့အကြောင်းတွေ အများကြီးရှိနေတယ်ဆိုတာ သိလိုက်ရတယ်။

ဒါနဲ့ အောင်မြတ်သူလိုပဲ ကောင်မလေးရဲ့ နောက်ကြောင်းကို နှံခမ်းကြည့်တော့ ရန်ကုန် ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်မှာ လက်ရှိတက်နေတဲ့ ကျောင်းသူတစ်ယောက်ဖြစ်တယ်ဆိုတာ သိလိုက်ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါဆို ကျွန်တော်တို့ကျောင်းကပေါ့"

အံ့ဩတကြီးပြောသော မင်းဇင်စကားကို ဆိုင်ပိုင်ရှင်က မထူးဆန်းသလို မျက်လုံးလှန်ကြည့်သည်။

"ဘာကယ်အနေတာလည်း မဟုတ်ဘူးပေါ့"

ခေါင်းသာ ယမ်းပြ၏။ ဖြိုးသစ်ထွန်းက ဆက်ပြောသည်။ ထိုအောင်မြတ်သူကို ပြောခဲ့သော စကားတို့ပါပဲ။

"တကယ်မအနမှန်းသိတော့ အစ်ကို သူနဲ့ တရင်းမရှင်းဘူးလား"

"ရှင်းမနေတော့ပါဘူးကွာ။ အောင်မြတ်သူ သဘောထားသလိုပဲပေါ့။ ငါတို့ကို လက်မခံနိုင်လို့ တမင်ငြင်းလွှတ်မှန်း သိသာနေတာပဲ။ နောက်ပြီး သူတို့ဟာကလည်း ဓာတ်ရှုပ်ကြီးပါကွာ။ ဂျိုယာ ဘယ်နှယောက်ရှိမှန်းလည်း မသိဘူး။ ဘယ်ဟာက အမှန်ဆိုတာလည်း မသိဘူး။ အဲတော့ ကိုယ့်ဘာသာ နောက်ပြန်ဝင်နေတာပဲ ကောင်းပါတယ်။ အရမ်းကြီး စိတ်ဝင်စားလို့ရယ်လည်း မဟုတ်ပါဘူး။ အစကတည်းက အပျော်သဘော ဝင်ဖြေကြည့်ခဲ့တာပါ။ ပေါ့ပေါ့ပါးပါးပဲပေါ့"

ပေါ့ပေါ့ပါးပါးဆိုသော်လည်း မျက်နှာမှာ ခံပြင်းမှုအနည်းငယ်ကို တွေ့ရ၏။ စစ်ရိပ် ကိုယ်ချင်းစာမိပါသည်။ လုပ်ပုံက တကယ်လည်း ခံပြင်းဒေါသထွက်ချင်စရာ။ ဘယ်လိုပဲဖြစ်ဖြစ် သူ အခုလို လာစုံစမ်းမိတာ အရမ်းကောင်းပါသည်။ ဂျိုယာဆိုတာကို ပေါ့သေးသေး သဘောထား၍ မရတော့။

ဒီထက်ရှင်းအောင်ပြောရလျှင် လျှော့တွက်၍ မရတော့။

တစ်ကွက်မှားတာနှင့် သေချာပေါက် ခံသွားရမည်။ အရာအားလုံးကို လေးနက်စွာဆင်ခြင်စဉ်းစားပြီး လုပ်ဆောင်မှုဖြစ်တော့မည် မဟုတ်ပါလား။

"အစ်ကို . . . သူ့ကိုမြင်ရင် မှတ်မိဦးမလား"

"သိပ်မှတ်မိတာပေါ့"



ခံပြင်းပြင်းထွက်လာသော စကားနောက်မှာ . . .

"ဒါဆို သူဘယ်သူဆိုတာ ကျွန်တော်တို့ကို တစ်ချက်လောက်လိုက်ပြပေးပါလား . . . အစ်ကိုရာ။ အခြေအနေက ပေါ့ပေါ့လေးမဟုတ်တော့လို့ပါ။ ဖြစ်နိုင်ရင် ကူညီပေးပါလား"

သဘောပဲ ကောင်းတာလား၊ သူ ခံခဲ့ရတာကိုပဲ လက်စားပြန်ချေချင်လို့ မေတ္တာကူးတို့ ပို့ပေးတာလား မသိ။

"ဘယ်မှာ လိုက်ပြပေးရမှာလဲ"

"ကျောင်းမှာပေါ့"

ဖြိုးသစ်ထွန်းက စုတ်တစ်ချက်သပ်ကာ ဆရာကြီးလေသံဖြင့် ဝင်ပြောသည်။

"ကျွတ် . . . မင်းကလည်း ကျောင်းမှာ ဒီလောက်လူတွေများတဲ့ဟာ။ ကျောင်းသူတစ်ယောက်ကို ရှာဖို့ကိစ္စက ဘယ်လိုလုပ် လွယ်မှာလဲ"

ဆိုင်ရှင်ပုဂ္ဂိုလ်က နှုတ်ခမ်းတွန့်ကွေးစွာ ပြုံး၏။ ထိုအပြုံးက ခံချိမခံသာ အပြုံး။ ဒါမှမဟုတ် တစ်သက်မမေ့သည့် အပြုံး။

"အဲလောက် မခက်ပါဘူး။ သူအမြဲထိုင်တတ်တဲ့ ကန်တင်းကို ငါသိထားတယ်"



www.burmeseclassic.com

www.burmeseclassic.com

# XII

ကန်တင်းတစ်ခုရှေ့တွင် ကားလေးတစ်စီးက မယောင်မလည် ရပ်တန့်နေသည်။ ကန်တင်းရှေ့ ကားရပ်ခြင်းသည် ထူးဆန်းသော ကိစ္စတစ်ခုတော့ မဟုတ်ပါ။ ထူးဆန်းတာက ကားပေါ်မှ လူလေးယောက်ပင်ဖြစ်တော့၏။

အောက်သို့လည်း မဆင်း၊ ကားထဲမှာပင် ကန်တင်းထဲသို့ အသည်းအသန် ကြည့်နေကြခြင်းဖြစ်၏။ တစ်စုံတစ်ယောက်အား ရှာဖွေနေခြင်းဖြစ်ကြောင်း အမူအရာကြည့်ရုံဖြင့် သိသာလှပါသည်။ အဆိုးဆုံးမှာ ကားမောင်းပို့သူ ကော်ဖီဆိုင်ပိုင်ရှင် ကိုဇင်မောင်ထိုက်ပင်ဖြစ်၏။

ကျောင်းကန်တင်းက နေ့လယ်ထမင်းစားချိန်မို့ လူတွေ ကြိတ်ကြိတ်တိုးနေပါသည်။ ရယ်သံ၊ မောသံ၊ အစားအသောက်မှာသံ၊ ထမင်းချိုင့်ဖွင့်သံတွေနှင့် တက္ကသိုလ်ဘဝရဲ့ မမေ့နိုင်စရာတွေကို ပေးစွမ်းပေးနေ၏။

"အစ်ကို . . . ဘယ်လိုလဲ . . . မတွေ့ဘူးလား"

သူ့အမေးကို ကိုဇင်မောင်ထိုက် မဖြေအား။ ကန်တင်းတစ်ခုလုံးကိုသာ မျက်စိကျွတ်ကျမတတ် စူးစိုက်ရှာဖွေနေသည်။ အတော်ကြီးကြာမှ . . .

"အေးကွာ . . . ကန်တင်းမှာ မရှိဘူး"



လက်မှာပတ်ထားသော နာရီကို ကြည့်၏။ ပြီးတော့ ကန်တင်းထဲသို့ နောက်တစ်ကြိမ် ပြန်ကြည့်ရင်း ခပ်တိုးတိုးညည်းသည်။

"ဒီအချိန်ဆို ထမင်းလာစားနေကျပါ။ ဘယ်လိုဖြစ်တာလဲ။ လာပဲ မလာသေးတာလားမသိဘူး"

ဖြစ်နိုင်ပါသည်။ အမျိုးစုံဖြစ်နိုင်၏။ မလာသေးတာ ဖြစ်နိုင်သလို၊ လာပြီး ပြန်သွားတာလည်း ဖြစ်နိုင်၏။ ဒါမှမဟုတ် ကျောင်းမလာတာလည်း ဖြစ်နိုင်သည်။ ပြီးတော့ ကန်တင်းပြောင်းထိုင်သွားတာလည်း ဖြစ်လောက်၏။ ကိစ္စတော့ မရှိပါ။ တက္ကသိုလ်ကြီးတစ်ခုအတွင်း ကျောင်းသူတစ်ယောက်လိုက်ရှာခြင်းသည် ထင်သလောက်မလွယ်ကူမှန်း သူတို့ အစောကြီးကတည်းက သိထားပြီးသားဖြစ်ပါသည်။

"အောက်ဆင်းရှာကြမလား . . . အစ်ကို"

ကားပေါ်တွင် ထိုင်ရတာ စိတ်ကျဉ်းကြပ်ဟန်ဖြင့် ဖြိုးသစ်ထွန်းက ပြောတော့ . . .

"ညီလေးတို့ ဆင်းချင်ဆင်းကြလေ။ အစ်ကိုကတော့ မဆင်းချင်တော့ဘူး။ အစ်ကို့အသက်အရွယ်နဲ့ ကျောင်းသားတွေကြားထဲနေရတာ ကျောမလုံသလိုပဲ"

ဒီလိုဆိုတော့လည်း သူတို့ဆက်လက်သည်းခံဖို့ပဲ ဆုံးဖြတ်လိုက်ပါသည်။ သူတို့ နားလည်ပါသည်။ ကိုဇင်မောင်ထိုက် အသက်အရွယ်သည် အရမ်းကြီးမကြီးသေးသော်လည်း ထိပ်အနည်းငယ် ပြောင်စပြုနေပြီ မဟုတ်ပါလား။

ပြီးတော့ လူကြီးဆန်ဆန် ရှပ်အင်္ကျီနှင့် လုံချည်အကွက်ကျဲကို ဝတ်ဆင်ထား၏။ ဒီအရွယ်၊ ဒီပုံစံနှင့် ဖူးနုစပင် ပျိုတို့အလယ်မှာ သူ ဘယ်နေချင်မည်နည်း။ ဂျီယာ ငြင်းလိုက်တာလည်း ထိုအချက်တွေကြောင့် ဖြစ်နိုင်ပါသည်။ (သူ့အထင်)

ဒီလိုနှင့် နောက်ထပ် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ကြာပြီးသွားချိန်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ကိုဇင်မောင်ထိုက်မှာ တစ်နေရာကိုကြည့်ပြီး ခန္ဓာကိုယ် တစ်ချက်တုန်သွားသည်။ ထူးဆန်းသွားသော အခြေအနေကြောင့် သူတို့လည်း ကိုဇင်မောင်ထိုက်ကြည့်ရာဆီသို့ လိုက်ကြည့်မိစဉ် . . .

"ဟိုမှာ . . . လာပြီ"

သူတို့သုံးယောက်လုံး၏ ခေါင်းတွေမှာ တစ်ဖက်ခြမ်းသို့ စုပြုံသွားစဉ် . . .

"ဘယ်ဘက်အစွန်က တစ်ယောက်"

ထိုစကားနောက်မှာတော့ သူတို့ရဲ့ဦးတည်ရာသည်ကား . . .

ခေတ်နှင့်လျော်ညီသော ကျောင်းသူတစ်ယောက်၊ ခေတ်ရှေ့ပြေးခြင်းမဟုတ်။ ခေတ်နှင့်တစ်ပြေးညီ အပိုအလိုမရှိ ကွက်တိကျနေသော မိန်းမလေးတစ်ယောက်ပါပင်။

မျက်နှာဟန်ပန်၊ အဝတ်အစား၊ ဆင်မြန်းထားသည့် အသုံးအဆောင်စတာတွေက သူမအတွက် သက်သောင့်သက်သာ ရှိလွန်းလှ၏။ ပြီးတော့ ခြေလှမ်းတွေက ရဲတင်းသွက်လက်နေသည်။ ခြေလှမ်းတိုင်းမှာက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်။

ကိုဇင်မောင်ထိုက်က ကားမှန်ကို ခပ်သွက်သွက်တင်သည်။ သူ့ကို မြင်တွေ့သွားမှာ စိုးရိမ်နေပုံရ၏။ သူမကတော့ သူငယ်ချင်းတွေနှင့် ရယ်ကာမောကာ သူတို့ကားဘေးမှဖြတ်၍ ကန်တင်းထဲ ဝင်သွားသည်။ ဒီတော့မှ ကတုန်ကယင်ဖြင့် ကိုဇင်မောင်ထိုက် စကားဆိုသည်။

"ငါနဲ့တွေ့ခဲ့တဲ့ ဂျီယာဆိုတာ သူပဲ"

စစ်ရိပ် ပခုံးတွန့်မိလိုက်၏။ သူကတော့ သေချာပါသည်။ သူမကို လုံးဝမသိပါ။ မင်းဇင်နှင့် ဖြိုးသစ်ထွန်းကို လှမ်းကြည့်တော့ ဒီနှစ်ကောင်လည်း ထိုဒုတိယဂျီယာကို သိပုံမရ။

ဒါပေမဲ့ သူမ ဘယ်သူဆိုတာ သိရဖို့ သိပ်ခက်မည်မထင်တော့ပါ။ လူကိုယ်တိုင် တွေ့နေရပြီပဲ။



# XIII

"နာမည်က ချမ်းမြေ့။ ပထဝီ ဒုတိယနှစ်တက်နေတဲ့ . . . ကျောင်းသူ"

ညနေမစောင်းခင်မှာပဲ ဒုတိယဂျီယာ၏ နာမည်နှင့် အတန်းတို့ သိလိုက်ရပါသည်။

"နှစ်ယောက်စလုံးက ရန်ကုန်ကပဲ . . . ဟော့ကောင်။ နယ်က တစ်ယောက်မှမဟုတ်ဘူး"

ဂျီယာနှစ်ဦးရဲ့ နောက်ကြောင်းရာဇဝင်ကို ကျောင်းသားရေးရာမှာ စုံစမ်းလာသူ မင်းဇင်ကပြောသည်။ စစ်ရိပ် စဉ်းစားရလေပြီ။ ဂျီယာက ဘာကြောင့် နှစ်ယောက်ဖြစ်နေရတာလဲ။ နောက်ပြီး သူနှင့်တွေ့ခဲ့သူ ဂျီယာကရော ဘယ်သူဖြစ်မလဲ။

နောက်ထပ်ရော ဂျီယာ ဘယ်နှယောက်လောက် ရှိနေဦးမလဲ။ အမေးပွဲအောင်မြင်ထားသူက ငါးယောက်ရှိနေပါသည်။ ထိုအထဲကမှ နှစ်ယောက်နှင့် သူတွေ့ဆုံပြီးသွားပြီ။ ထိုမှာတင် ဂျီယာက နှစ်ယောက်ဖြစ်နေ၏။ နောက်သုံးယောက်နှင့် ထပ်တွေ့လျှင်ရော ဂျီယာသုံးယောက် ထပ်ပေါ်လာဦးမည်လား။



www.burmeseclassic.com

www.burmeseclassic.com

ဒါဆို ဂိုးယာများစွာထဲက တကယ့်လက်ထပ်မည့် ဂျိုယာမှာ ဘယ်သူဖြစ်မလဲ။ ဒါမှမဟုတ် 'GAEA ကို လက်ထပ်ချင်သူများ' ကြော်ငြာသည်၊ တကယ်မဟုတ်ဘဲ အပျော်တင်ထားသည့် အပျင်းပြေကစားပွဲတစ်ခုများလား။

စာတ်လမ်းက စဉ်းစားလေ ရှုပ်လေဖြစ်နေသည်။ နောက်ဆုံးတော့ စစ်ရိုပ်ဦးနှောက်ကို အနားပေးကာ စဉ်းစားခြင်းကို ရပ်လိုက်၏။

ထိုအခါမှ တိကျသေချာသော အဖြေတစ်ခုပေါ်လာသည်။

ထိုအဖြေက . . .

"ဘယ်လိုလဲ . . . စစ်ရိုပ်၊ ဘယ်သူက အမှန်ဖြစ်မယ်လို့ မင်းထင်လဲ"

"ငါတို့အထင်တော့ ဂျိုယာတွေ နောက်ထပ်ကျန်နေဦးမယ် ထင်တာပဲ"

စစ်ရိုပ်ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ရရှိထားသော အဖြေကို ဖွင့်ထုတ်လိုက်သည်။

"ဂျိုယာနှစ်ယောက်မကလို့ အယောက်နှစ်ဆယ်ပဲ ရှိနေပါစေ။ အကြောင်းမဟုတ်ဘူး။ အဓိကက ငါနဲ့ New Year ညမှာ ဆုံခဲ့တဲ့ ဂျိုယာဟာ ဘယ်သူဖြစ်မလဲဆိုတာပဲ"

ဟုတ်ပါသည်။ ဂျိုယာ ဘယ်နှစ်ယောက်ရှိရှိ အကြောင်းမဟုတ်။ အဓိကသည် သူနှင့်ဆုံခဲ့သော ဂျိုယာမှ မည်သူလဲဆိုတာပင် မဟုတ်ပါလား။

ထိုခဏ အမေးစကားတစ်ခွန်းက သံပြိုင်လို ပေါ်လာလေသည်။

"အဲဒီတစ်ယောက်ကိုရော ဘယ်လိုရှာကြမလဲ"

စစ်ရိုပ်တစ်ချက်ပြုံးကာ . . .

"မင်းတို့ မေ့နေပြီနဲ့တူတယ်။ သူကျကျန်ခဲ့တဲ့နားဆွဲလေး ငါ့မှာရှိထားတယ်လေ"

ᄎ ᄎ ᄎ



"ကဲ . . . ဒီတစ်ခေါက်ရော ရှင် ဘယ်မေးခွန်းကို ဖြေမှာလဲ"

(GA)

"No (2)"

(SY)

"OK . . . စောင့်နေမယ်"

(GA)

စစ်ရိုပ် ကဗျာကယာပင် ပုံတစ်ပုံတင်ပေးလိုက်သည်။ online ပေါ် ရောက်သွားသော ပုံမှာကား . . .


ᄎ ᄎ ᄎ




www.burmeseclassic.com

www.burmeseclassic.com









ထိုပုံကိုမြင်တော့ . . .

"ဟင် . . . ရှင့်ဟာက ဘယ်လိုပုံကြီးလဲ"

(GA)

"ရည်းစားဟောင်းကို ဖြတ်ဖို့ ငါ့အတွက်တော့ ပြည့်စုံလုံလောက်တဲ့ အဖြေတစ်ခုပါပဲ။ အဓိပ္ပာယ်ကိုတော့ မင်းဟာမင်းသာ တွေးယူကြည့်ပေတော့"

(SY)

"OK . . . OK . . . "

(GA)



www.burmeseclassic.com

www.burmeseclassic.com

## XIV

တက္ကသိုလ်တစ်ခုရဲ့ မနက်ခင်းက လင်းရှင်းဝင်းပနေသည်။ မိုးနှောင်းမနက်ခင်းတစ်ခု ဖြစ်သည်ကြောင့် ကျောင်းလမ်းတစ်လျှောက် သစ်ပင်သစ်ရွက်တို့မှာ စိမ်းဝင့်လက်ဖြာနေ၏။ ကျောင်းသူ၊ သားများမှာလည်း အစုလိုက်အပြုံလိုက် သူ့ဦးတည်ရာနှင့်သူ လွင့်ပါးရွေ့လျားနေကြသည်။

စစ်ရိပ်တစ်ယောက် ကျောင်းတွင်းဆီ ခပ်သွက်သွက်လျှောက်လာနေသည်။ ဒီအချိန်ဆို သူ့ကို ဟိုနှစ်ကောင် တမျှော်မျှော်ဖြစ်နေလောက်ပြီ။ သူတို့ မြန်မာစာအဆောင်များသည် ကျောင်းဝန်းအစွန်မှာ ရှိတာမို့ ချွေးစို့အောင် လျှောက်ခဲ့ရ၏။

အဆောင်တွင်းဝင်ကာ စကြံကိုဖြတ်ရင်း အခန်းရှိရာရောက်တော့ ကံကောင်းထောက်မစွာ ဆရာမဝင်သေး။ မင်းဇင်နှင့် ဖြိုးသစ်ထွန်းမှာတော့ အခန်းနောက်ဆုံးမှာ ငူငူငိုင်ငိုင်နှင့် ထိုင်နေပါသည်။ သူ့ကိုတွေ့တော့ . . .

"ဟေ့ကောင် . . . မင်းကို မုန်းမမ လာရှာသွားတယ်"

မျက်မှောင်ကြုတ်သွားမိတော့ ပြောသူ မင်းဇင်ကပင် . .



"မုန်းမမလေကွာ . . . မင်းအကျီချွတ်ယူသွားတဲ့ တစ်ယောက်"

ဒီတော့မှ မျက်လုံးတွင်းမှာ လူနှင့်နာမည် ပြန်တွဲမိသွားသည်။ ကိုယ့်အာရုံနှင့်ကိုယ်မို့ မုန်းမမဆိုသည့် နာမည်ကို ဖြုန်းခနဲ သတိမရ၊ မင်းဇင်ကပင် ဆက်ပြော၏။

"အကျီပြန်လာပေးတာနဲ့ တူတယ်"

"မင်းတို့ ယူမထားလိုက်ဖူးလား"

သူ့အပြောကြောင့် ဖြိုးသစ်ထွန်းက နှုတ်ခမ်းကိုမဲ့ကာ . . .

"မယူရဲပါဘူးကွာ။ မျက်နှာက ပေါက်တော့မယ့် သားရေပူဖောင်းလို တင်းနေတဲ့ဥစ္စာ။ မင်းမရှိဘူးလည်းဆိုရော ချက်ချင်း လှည့်ပြန်သွားတာပဲ။ ငါတို့ပြောချိန်တောင် မရလိုက်ဘူး"

ထားလိုက်ပါ။ ထိုကိစ္စက လောလောဆယ်မှာ အရေးမကြီး။ အရေးကြီးတာက . . .

စစ်ရိပ် ကပျာကရာပင် လွယ်အိတ်ထဲမှာ ထည့်လာသော အရာကို ထုတ်လိုက်၏။ လမ်းထိပ်စတိုးဆိုင်က ဝယ်လာခဲ့သော နားဆွဲလေးတစ်စုံဖြစ်ပါသည်။ နားဆွဲလေးက Fancy ပစ္စည်းပီပီ လှပစွာ ထုပ်ပိုးထားပြီး အိတ်ကြည်လေးနှင့် ထည့်ထားတာမို့ အပြင်ပန်းကြည့်ရုံနှင့်ပင် ပေါ်ပါးနေရကာ . . .

"ဟေ့ကောင် . . . စစ်ရိပ်၊ ဒါက ဘာလုပ်ဖို့လဲ"

သူ့လက်ထဲမှအရာကို ကြည့်ရင်း မင်းဇင်က နားမလည်စွာ မေးတော့ . . .

"အစီအစဉ် ပြောင်းသွားပြီ။ ငါကောက်ရတဲ့ နားဆွဲအစစ်ကို မသုံးတော့ဘူး။ ဒါကို ပြောင်းသုံးမယ်"

ပြောပြောဆိုဆို စစ်ရိပ်အိတ်ကိုဖွင့်ကာ နားဆွဲလေးကို ထုတ်လိုက်၏။ ပြီးတော့ မင်းဇင်နှင့် ဖြိုးသစ်ထွန်းလက်တွင်းသို့ တစ်ယောက် တစ်ဖက်ခွဲပေးကာ . . .



www.burmeseclassic.com

www.burmeseclassic.com

"လမ်းကြောင်းကတော့ ညကချထားတဲ့အတိုင်းပဲ"

အကြည့်နှစ်ခု သူ့ထံ 'ဒိုင်း'ခနဲ ရောက်လာသည်။ စစ်ရိပ်သဘော ပေါက်ပါသည်။ ဘယ်သူ အရင်စရမလဲဟူသည့် အကြည့်မျိုး။

ခေါင်းကိုညိတ်ကာ ဆုံးဖြတ်ပေးလိုက်၏။

"မင်းဇင် . . ."



# XV

မင်းဇင် မိန်းကလေးတစ်ယောက်နောက်ကို ခပ်သွက်သွက်လိုက်နေသည်။ မင်းဇင် ပြေးလိုက်နေသော မိန်းကလေးသည် တခြားသူတော့ မဟုတ်။ ဒုတိယ ဂျီယာခေါ် ချမ်းမြေ့ဆိုသူပါပဲ။

လက်ထဲမှာ နားဆွဲလေးတစ်ဖက်ကို ကိုင်ပြီး ခြေလှမ်းကို ကျဲကျဲလှမ်းနေသည်။ ရှေ့မှ မိန်းကလေးကိုကြည့်ပြီး မင်းဇင် ရင်တွေခုန်နေသည်။ အမှန်အတိုင်းပြောရပါက သူကြောက်နေ၏။ နောက်ဖက် အတော်ဝေးဝေးမှာ စစ်ရိပ်နှင့် ဖြိုးသစ်ထွန်းတို့ ပါလာသည်ကြောင့် တော်သေးသည်။ အရေးအကြောင်းဆိုလျှင် အားကိုးရမည့်သူ ရှိသေး၏။

ကြောက်တော့ကြောက်ပေမဲ့ စိတ်ကိုတင်းကာ ခြေလှမ်းကို မီအောင် ကြိုးစားလိုက်သည်။ ယောက်ျားလေးခြေလှမ်းမို့ သိပ်မကြာခင်မှာ မီလာပါသည်။ စတင်ဖို့အကောင်းဆုံး အနေအထားကိုရောက်တော့ . .

"ဟော့ . . . ဟော့ . . . ဒီမှာ . . ."

ခေါ်သံတိုးနေသောကြောင့် ရှေ့မှ မိန်းကလေးမှာ လှည့်မကြည့်။ မင်းဇင် စိတ်ကိုတင်းရင်း အသံကို မြှင့်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ . . . အမိ . . . ရှေ့က . . . အမိ . . . ဒီမှာ . . ."

ခေါ်လည်းခေါ်၊ လှုကလည်း ယှဉ်လျက်အနေအထား ရောက်သွားချိန် 'ဆတ်'ခနဲလှည့်ကာ တုံ့ပြန်လိုက်သည်က . . .

"ဘာလဲ . . ."

လေသံက မာသည်၊ ပြတ်သားသည်။ မျက်နှာထားကလည်း သော့တျှင့်ရည်ဝနေသော စစ်သည်တစ်ယောက်လို မာတင်းစူးရဲလျက်။

ပက်ပင်းဆုံတော့ မင်းဇင် ကြောင်အအဖြစ်ကာ ဘာပြောလို့ပြောရမှန်းမသိ။ မာတင်းနေသော သူမမျက်နှာကိုကြည့်ပြီး ပြောမည့်စကားတွေ ပါးစပ်ထဲမှာ ပျောက်သွားသည်။

အထိတ်တလန့် တံတွေးမျိုမိတော့ . . .

"ဘာလဲ . . . လူကိုလှမ်းခေါ်ပြီး ဘာကြောင်ကြည့်နေတာလဲ"

လေသံက ခုနထက် ပြင်းထန်လာသည်မို့ အနီးအနားဖြတ်သွားဖြတ်လာတွေတောင် သူတို့နှစ်ဦးကို မသိမသာကြည့်ကုန်သည်။ မင်းဇင် ကြောက်ကြောက်ဖြင့် နောက်လှည့်ကြည့်တော့ စစ်ရိပ်တို့နှစ်ဦးကို မမြင်ရတော့ပြီ။ ဘယ်နား ရောက်ကုန်ကြသည်မသိတော့။

ဒီအတိုင်းငြိမ်နေလျှင် ပိုဆိုးကုန်တော့မည်မို့ . . .

"ဒီ . . . ဒီလိုပါ . . . ဒီလို . . ."

သူမကတော့ ကျားသစ်ပျိုမတစ်ကောင်၏ သားကောင်ဖမ်းမည့်အကြည့်မျိုးနှင့် မျက်စောင်းပြင်းပြင်းထိုးလို့ . . .

"ဟိုဟာလေ . . . ဒီနားဆွဲလေး ဟိုနားမှာ ကျနေတာတွေ့လို့ မင်းပြုတ်ကျခဲ့တာထင်ပြီး လိုက်ပေးတာပါ"

သူမက မင်းဇင်လက်ထဲမှ နားစွဲကို သေချာကြည့်သည်။ ပြီးတော့ မင်းဇင်မျက်နှာကိုပါ တစ်ဆက်တည်း သူခိုးဖမ်းသလို ကြည့်၏။ အကြောင်းလာရိုက်နေခြင်း ဟုတ်မဟုတ် လေ့လာအကဲခတ်နေသလိုမျိုး။



မင်းဇင်မှာတော့ လိပ်ပြာမလုံစွာ ခေါင်းကိုသာ ငုံ့ထားမိတော့၏။ စိတ်ကြိုက်စစ်ဆေးလို့ဝတော့မှ . . .

"ဒီမှာ ဘာလဲ . . ."

သူမက ပါးပေါ်ဝဲကျနေသော ဆံပင်ကို ဖယ်ကာပြတော့ . . .

"နားလေ . . ."

မင်းဇင်လေသံက အသက်ငင်သလို တိတ်တိတ်တိုးတိုး . . .

"အဲဒီနားမှာ နားပေါက်တွေ့လား"

သူ သေချာကြည့်မိတော့ သန့်ရှင်းစိမ်းနုနေသော သွေးကြောမျှင်တွေမှလွဲ၍ နားပေါက်ကို မတွေ့ပါချေ။

"ဟင့်အင်း . . . မတွေ့ဘူး"

သူမက ဆံပင်ကိုပြန်ချကာ . . .

"ဒီလောက်ဆို နားလည်ပြီလား"

လူသတ်မှုက ကွင်းလုံးလွတ်သလို မင်းဇင် ခေါင်းကို ဖယ်ဆက်သလို ညိတ်ပြလိုက်ပါသည်။ ထို့နောက်မှာတော့ ဒုတိယဂိုးဟု သူတို့သတ်မှတ်ထားသူ ချမ်းမြေ့သည် စွဲဆောင်သွက်လက်လွန်းသော ခြေလှမ်းတွေဖြင့် တစ်လှမ်းချင်းလှမ်းကာ ထွက်သွားလေတော့၏။

နားစွဲလေးကို ကိုင်ကာ ရပ်ကျန်ခဲ့သူက . . .

• • •

"မင်းနဲ့ဆုံခဲ့တဲ့ နားဆွဲပိုင်ရှင်ဟာ ဘယ်နည်းနဲ့မှ ချမ်းမြေ့မဖြစ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချမ်းမြေ့နားမှာ နားပေါက်မရှိလို့ပဲ"

"ဟုတ်လား"

"အေး . . . ငါ သေသေချာချာ ကြည့်ခဲ့တော့။ သူ့နားမှာ နားပေါက်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com

စစ်ရိပ် လက်မထောင်ပြလိုက်သည်။ ဒီလိုဆိုလျှင်တော့ ရှင်းပါသည်။ ကိုယ်တော့စာရင်းထဲက သူမကို ထုတ်လိုက်ရုံသာ။

"သေချာပါတယ်နော်"

"လုံးဝပဲ"

တစ်ကြောင်း အေးသွားလေပြီ။

ထို့နောက်မှာ သူတို့သုံးဦးသား အင်္ဂလိပ်စာဆောင်များရှိရာဆီ ထွက်ခဲ့လိုက်သည်။ ပထမဂျိယာဟု သူတို့သတ်မှတ်ထားသူ ချိုသာသည် အီးမေဂျာဂုဏ်ထူးတန်းတွင် တက်ရောက်နေသည် မဟုတ်ပါလား။

အဆောင်ဝရောက်တော့ နီးစပ်ရာ လူတစ်ယောက်ကို မေးလိုက်၏။

"အစ်ကို . . . အီးမေဂျာဂုဏ်ထူးတန်းက ဘယ်အထပ်မှာလဲ"

"တတိယထပ်မှာ"

သုံးဦးသား တက်လာခဲ့ရင်း တတိယထပ်ကိုရောက်တော့ ဂုဏ်ထူးတန်းပီသစွာ စာသင်ခန်းများထဲတွင် လူအနည်းအကျဉ်းသာ ရှိသည်ကို တွေ့ရပါသည်။

ကိုအောင်မြတ်သူပြသော ဓာတ်ပုံကို အလွတ်ရအောင်ကြည့်ထားခဲ့ပေမဲ့ ယခုအချိန်အထိ ချိုသာဆိုသူကို စစ်ရိပ် အပြင်မှာ မမြင်ဖူးသေး။ ကိုအောင်မြတ်သူနှင့် မင်းဇင်ပြောစကားအရတော့ ပထမဂျိယာမှာ အင်္ဂလိပ်စာဂုဏ်ထူးတန်း တက်နေသည်ဆို၏။ အချိန်ပိုင်း နည်းပြလည်း လုပ်သေးသည်ပြောသည်။ ထိုစကားတွေကြောင့်သာ သူတို့တွေ အင်္ဂလိပ်စာဆောင်များရှိရာသို့ ရောက်လာကြခြင်းဖြစ်ပါသည်။

အင်္ဂလိပ်စာဂုဏ်ထူးတန်းတက်သူမှာ ကျောင်းတွင် များများစားစားမရှိ။ တစ်ခန်းသာရှိပါသည်။ တတိယထပ်တစ်ထပ်လုံးက မေဂျာစုံ ဂုဏ်ထူးတန်းများသာ ထားသည်မို့ အင်္ဂလိပ်စာအခန်းကို ရှာရသေးသည်။ အစွန်ဆုံးအခန်းကို ရောက်တော့မှ . . .

"ဒါ . . . အီးမေဂျာ ဂုဏ်ထူးတန်းတွေပဲ"



မင်းဇင်က သူရောက်ဖူးထားသလို အခန်းကို ညွှန်ရင်း ခပ်တည်တည်ဆိုသည်။ အခန်းတွင်းကြည့်မိတော့ ဆယ်ယောက်လောက်သာ ရှိနေသည်ကို တွေ့ရ၏။ သူတို့သုံးဦးအခန်းဝမှာ မယောင်မလည်လုပ်နေသည်ကိုမြင်တော့ ရှေ့ဆုံးတန်းမှ မိန်းကလေးတွေ ခေါင်းထောင်ကြည့်သည်။

မင်းဇင်က တစ်ခန်းလုံးကို ဝေ့ကြည့်ရင်း ခေါင်းယမ်းကာ . . .

"ချိုသာ . . . ဒီမှာမရှိဘူး"

ထိုအသံကြားတော့ ဖြိုးသစ်ထွန်းမှာ မျက်နှာဝင်းသွားသည်၊ ယခုအလှည့်က သူ့အလှည့်ဖြစ်နေသည်ကိုး။ နောက်ပြီး ပစ်မှတ်ထာ မရှိဘူးဆိုတော့ . . .

စစ်ရိပ် လက်ကာပြကာ အခန်းတွင်းဝင်သွားလိုက်ပါသည်။ ပြီးတော့ အခန်းထောင့်မှာ ထိုင်နေသူ ကျောင်းသားများဆီသို့ သွားကာ စကားအချို့ပြောလိုက်၏။ ခဏချင်းပင် ပြန်ထွက်လာသောသူ့ကို ဖြိုးသစ်ထွန်းနှင့် မင်းဇင်က ပြိုင်တူမေးသည်။

"ဟေ့ကောင် . . . ဘာသွားလုပ်နေတာလဲ"

စစ်ရိပ်ခေါင်းကို ယမ်းကာ . . .

"လာ . . . အောက်ဆုံးထပ်ကို ပြန်ဆင်းကြမယ်။ ချိုသာက ပထမနှစ်တွေကို စာသင်နေတယ်တဲ့"

အောက်ဆုံးထပ်ကိုရောက်တော့ ရှာရပြန်ပါသည်။ ပထမနှစ်တွေကတော့ ထုံးစံအတိုင်း အခန်းတိုင်းလိုလိုမှာ လူပြည့်နေပါ၏။ ဘယ်အခန်းမှာ ချိုသာရှိမလဲ။

လေး၊ ငါးခန်း လွန်သွားပြီးချိန်မှာတော့ . . .

"ဟိုဟာ . . . ချိုသာပဲ"

မင်းဇင်ညွှန်ပြသော အခန်းဆီကြည့်မိတော့ ကြည်ပြာ[illegible] ထက်အောက်ဝတ်စုံနှင့် ဆရာမလေးတစ်ယောက်။ ဆရာမ[illegible]ဟု သုံးနှုန်းလိုက်သော်လည်း သူတို့ထက်ကြီးလှမှ သုံးလေး[illegible]ပါ၊ ဒါ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အရွယ်နှင့်မလိုက်အောင် သူမပုံစံက ရင့်ကျက်နေသည်။ ကျောင်းသား/သူများကို ကျောခိုင်းကာ ကျောက်သင်ပုန်းမှာ စာရေးနေ၏။

လှပသော ခန္ဓာကိုယ် အချိုးအဆစ်ပေါ်တွင် ကြည်ပြာရောင်မြန်မာဝတ်စုံကို တင်းရင်းသေသပ်စွာ ဝတ်ဆင်ထားသည်ကြောင့် ကြည့်လို့ အလွန်ကောင်းပါသည်။ ပြီးတော့ မျက်မှန်ပါးတစ်လက်ကိုလည်း ခြည့်စွက်ဆင်မြန်းထားသေးသည်။

စစ်ရိပ် ဝရန်တာမှာ ရပ်ငေးရင်း ခဏတာ အသက်ရှူဖို့ မေ့သွားရ၏။ တော်တော်လှသည့် ဆရာမ ပေါက်စလေးပါပဲ။ သူတို့ကြည့်နေစဉ်မှာပဲ ဆရာမလေးက စာရေးပြီး၍ အတန်းဖက်လှည့်လိုက်စဉ် . .

ပြတင်းပေါက်မှ ဝင်နေသော ပြင်ပအလင်းရောင်နှင့် ဆရာမလေး၏ နားသီးဖျားလေး ဖျတ်ခနဲအတွေ့ . . .

ဝင်းခနဲဖြစ်သွားသော ရောင်ဝါတစ်ရပ်ကို သူတို့မြင်လိုက်ရသည်။ ဆရာမလေး၏နားမှ အရောင်လက်သွားတာပါ။ ဒီတော့မှ ကြောင်တောင်ရပ်ငေးမှုတွေ သတိဝင်သွားပြီး . . .

"ဟော့ကောင် . . . သူ့မှာ နားကပ်ရှိတယ်ကွ"

စစ်ရိပ်ရဲ့ ခပ်တိုးတိုး မှတ်ချက်ကို မင်းဇင်က ခေါင်းညိတ်ပြရင်း . . .

"ငါတို့ကောင်ကြီးရဲ့ အစွမ်းအစကိုပဲ စောင့်ကြည့်ရတော့မယ်"

ဖြိုးသစ်ထွန်း မျက်နှာမဲ့သွား၏။ သူ မင်းဇင်လို ကံမကောင်းနိုင်တော့။

တစ်အောင့်ကြာတော့ အတန်းချိန်းသွားသဖြင့် အခန်းထဲမှ ကျောင်းသားတချို့ ထွက်လာသည်။ မကြာပါ သူတို့စောင့်မျှော်နေသော ဆရာမလေးမှာလည်း ကြိမ်ဆွဲခြင်းလေးကိုဆွဲပြီး အခန်းထဲမှ ထွက်လာလေသည်။ ဒါပေမဲ့ တစ်ယောက်တည်းမဟုတ်။ ဘေးမှာ ဆရာမလေးရဲ့ ထီးနှင့်ဖိုင်တွဲကို ကိုင်ရင်း ကျောင်းသူနှစ်ယောက်ပါလာသည်။



ဆရာမလေးကို လိုက်ပို့ကြသည်ထင်၏။ သူတို့သုံးယောက်စလုံးတော့ ဝရန်တာမှာရပ်ရင်း ဆရာမလေးကို မသိမသာ ရှိုးနေမိသည်။ ဆရာမလေးက အခန်းထဲမှထွက်လာသော ကျောင်းသားတွေနှင့်ရောကာ သူတို့ကို သတိမထားမိ။

တဖြည်းဖြည်း ဆရာမလေးနှင့် ကျောင်းသူနှစ်ဦး သူတို့ရှေ့မှဖြတ်ကျော်သွားသည်။ သုံးယောက်သား ခပ်လှမ်းလှမ်းမှ မယောင်မလည် လိုက်သွားလိုက်၏။ စာသင်ခန်းများရှေ့ စင်္ကြံမှာဖြစ်သည့်အပြင် နောက်မှာလည်း ကျောင်းသူနှစ်ဦးပါလာသည်မို့ သူတို့အတွက် အခွင့်မသာ။

ဆရာတပည့်သုံးဦး စကားတပြောပြောနှင့် လျှောက်လာကြရင်း အခန်းတစ်ခုထဲကို ဝင်သွား၏။ သူတို့ကြည့်မိတော့ ဆရာများနားနေဆောင်ဖြစ်ပါသည်။ ထိုအခန်းထဲတိုင်အောင်တော့ သူတို့ လိုက်မစွန့်စားဝံ့ပါ။

အချိန်အတော်ကြာအောင် သုံးဦးသား မယောင်မလည်ဖြင့် အခန်းရှေ့မှာ စောင့်နေကြသေး၏။ လိုက်ပို့သူ ကျောင်းသူနှစ်ဦးသာ ပြန်ထွက်လာပြီး ဆရာမလေးမှာ ထွက်မလာတော့ပါ။ နာရီဝက်နီးနီးကြာအောင် စောင့်ကြည့်ပေမဲ့ ထွက်မလာသည့်အဆုံး သုံးဦးသား လှည့်ပြန်ခဲ့ရတော့၏။

အဆောင်ထဲမှထွက်ပြီး ခပ်လှမ်းလှမ်း သစ်ပင်ရိပ်အောက်တွင် နေရာယူလိုက်သည်။ မြက်ခင်းပေါ် ခြေပစ်လက်ပစ်ထိုင်ချရင်း မင်းဇင်က . . .

"စစ်ရိပ် . . . ဘာဆက်လုပ်မှာလဲ"

"စောင့်ရမှာပေါ့ကွာ။ ညနေ သူအိမ်မပြန်ဘဲတော့ မနေပါဘူး"

ဒီလိုနှင့် အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာသည်။ နေက ညစာစားချိန်ဆက်တစ်စ ပူပြင်းလာ၏။ သူကသာ ခွဲကောင်းကောင်းနှင့် စောင့်နိုင်သေးမဲ့ ကြာလာတော့ မင်းဇင်တို့နှစ်ဦးမှာ မျက်စိမျက်နှာ ပျက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ ညနေစာကျွေးမည့်အပြင် ဘီယာပါတိုက်မည် ဆိုမှ နှစ်ဦးနှစ်ဖက် သဘောတူညီမှု ရသွားတော့သည်။

ဒီလိုနှင့် . . .

အဲဒီလိုနှင့် . . .

အချိန်တွေ တရွေ့ရွေ့ . . .

• • •

ယူကလစ်ပင်များထက်ဆီမှ အရိပ်ခို ငှက်ကလေးတွေရဲ့ အော် မြည်သံ 'ကျလိ . . . ကျလိ' ကို ကြားနေရပါသည်။ အဆောင်ရှေ့အုန်း အောက်မှာ အတွဲတစ်တွဲ ရယ်ရွှန်းပတ်ရွှန်း စကားပြောနေ၏။ ခွေးတစ် ကောင်က သူတို့နားမှာ ခပ်ပြင်းပြင်း ခွေအိပ်နေသည်။ အဆောင်ဖြ ဘက် မြက်ခင်းစပ်မှာတော့ ထီးကွယ်ထားသော လူနှစ်ယောက်ရှိသည်

တစ်ဦးက ယောက်ျားလေးဖြစ်ပြီး နောက်တစ်ဦးက မိန်းကလေ ဖြစ်ပါသည်။ စစ်ရိပ် အကြည့်ကိုလွှဲကာ ဦးတည်ချက်ကိုပဲ သတိထ ထားလိုက်၏။ ဖြူးသစ်ထွန်းမှာ သစ်ပင်ကိုမှီကာ တခူးခူး အိပ်ပျော်နေ ပါပြီ။ မင်းဇင်ကတော့ ရေသန့်ဘူးသွားဝယ်မည် အကြောင်းပြပြီး ထွ သွားတာ တော်တော်ကြာနေပြီဖြစ်၏။

သူကတော့ ဖြူးသစ်ထွန်းလို သစ်ပင်ရိပ်တွင် စိတ်အေးလ အေး မအိပ်အား။ မင်းဇင်လိုလည်း အဆောင်နှင့်ဝေးဝေးကို ထွက်မသွာ ရဲ။ အဆောင်ဝကိုသာ မျက်ခြည်မပြတ် အကဲခတ်နေရ၏။

အချိန်တွေ တစ်စထက်တစ်စ ကုန်လွန်လာသလို ကျောင်းသူ သားတွေလည်း ကျောင်းဝန်းထဲမှာ တစ်စထက်တစ်စ နည်းပါးလာ ပြီ။ တချို့တွေ ပြန်ကုန်ကြသလို တချို့တွေလည်း သက်ဆိုင်ရာ ဖယ် ကားတွေပေါ် ရောက်လို့နေပါပြီ။



ကြည့်နေစဉ်မှာပင် အဆောင်ထဲမှ ကျောင်းသူတစ်အုပ် ထွက် လာ၏။ အိမ်ပြန်ကြတော့မည်။ သူတို့ကတော့ ပြန်ရန် မဖြစ်နိုင်သေး။ ဆရာမလေးထွက်အလာကို စောင့်ရဦးမည်။ ထိုစဉ်မှာပင် ရေသန့်ဘူး တစ်ဘူးကို ကိုင်ရင်း မင်းဇင် ပြန်ရောက်လာ၏။ သူ့ကိုတွေ့တော့ စပ်ဖြီးဖြီး ဖြီးကာ . . .

"ကန်တင်းမှာ ရုပ်ရှင်ကောင်းနေလို့ နည်းနည်းကြာသွားတယ် ဟဲ . . . ဟဲ . . . "

ကိုယ့်ကိုယ်ကိုယ်မလုံသလို မျက်နှာချိုသွေးကာပြောပေမဲ့ သူ ကတော့ ခပ်တည်တည်ပင်နေလိုက်၏။ မင်းဇင်က လက်ထဲမှ ရေဘူးကို သူ့ရှေ့ထိုးပေးကာ . . .

"ရော့ . . . မင်းအတွက် ရေဝယ်လာတယ်"

စစ်ရိပ် လှမ်းယူကာ မော့သောက်တော့ မင်းဇင်က အဆောင် ထွင်းမှထွက်လာသော ကျောင်းသူတစ်အုပ်ကိုငေးကာ . . .

"ဒါကြောင့်မလို့ ငါတို့တက္ကသိုလ်ကြီးက ကျက်သရေရှိနေတာ ကွ၊ အခုမှ သေချာကြည့်မိတယ်။ အင်္ဂလိပ်စာကျောင်းသူတွေလည်း မခေ ပါလား"

ပြီးတော့ သစ်ပင်ကိုမှီကာ အိပ်ပျော်နေသော ဖြူးသစ်ထွန်းဘက် တစ်ချက်လှည့်ကြည့်ရင်း . . .

"ဒီဝက်ကတော့ စားဖို့နဲ့ အိပ်ဖို့ပဲသိတယ်။ ဒါတွေ ခံစားတတ် မဲ့ကောင် မဟုတ်ဘူး"

ထိုစဉ်မှာပဲ . . .

"ဟိုမှာ . . . လာနေပြီ"

သူ့စကားအဆုံးမှာ မင်းဇင်အသံတိတ်သွား၏။ ပြီး အဆောင်ဝ ကို လှမ်းကြည့်ပြီး တစ်ချက်တုန်သွားသည်။ တကယ်ပါပဲ။ သူတို့စောင့် မျှော်နေသူ ပထမ ဂျီယာခေါ် ဆရာမလေးမှာ ကြိမ်ခြင်းလေးကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လက်တဆိုင်၊ ညာဘက်က ထီးအနီရဲရဲလေးကိုဆောင်းရင်း တစ်လှမ်းချင်း လျှောက်လို့လာနေပါပြီ။

ရှေ့တစ်လှမ်းစာက လွဲပြီး ဆရာမလေးမှာ ပတ်ဝန်းကျင်ကို ဂရုမစိုက်။ ကြွကြွချိချိ လျှောက်လှမ်းကာ မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေကို အစွမ်းကုန်သက်သေထူရင်း အားလုံးရဲ့အကြည့်တွေကို သိမ်းပိုက်လို့။

လှတာကို လှတယ်လို့တော့ သူပြောရဲပါသည်။

လုံးဝ မပိုပါ။ အင်္ဂလိပ်စာ ဂုဏ်ထူးတန်းကျောင်းသူ (သို့) အချိန်ပိုင်းနည်းပြဆရာမလေး ချိုသာမှာ သိပ်လှ၏။ ယောကျ်ားထဲက ယောကျ်ားပေမို့ မင်းဇင်နည်းတူ သူ ငေးသွားတာကိုလည်း ဝန်ခံပါသည်။

ဆရာမလေး သူတို့ရှေ့မှ ဖြတ်သွားပြီးကာမှ စစ်ရိပ် သတိဝင်သွားသည်။ သတိဝင်ဝင်ချင်း ဖြိုးသစ်ထွန်းကိုနှိုးတော့ . . .

"အီး . . . အီး . . . အဲ . . . အဲ . . ."

နှင့် တစ်ဖက်ကိုလှည့်ကာ ပြန်အိပ်ပျော်သွား၏။ မင်းဇင်က ကပျာကရာပင် ရေသန့်ဘူးကို အဖုံးဖွင့်ပြီး ဖြိုးသစ်ထွန်း မျက်နှာပေါ် လောင်းချတော့ . . .

မသာကို အုန်းရေလောင်းသလို ဆတ်ခနဲထထိုင်စဉ် . . .

"မင်းအလှည့်ရောက်ပြီ။ ဟိုမှာ . . . ဆရာမလေး"

⁂ ⁂ ⁂



## XVI

ဖြိုးသစ်ထွန်း အိပ်မှုန်စုံမွှားဖြင့် မျက်လုံးကို တစ်ချက်ပွတ်လိုက်သည်။ ပုံရိပ်တွေ နှစ်ထပ်ဖြစ်နေ၏။ နောက်တစ်ကြိမ်ထပ်ပွတ်တော့ မသဲကွဲသေး။ မျက်တောင်ကို လေးငါးခါ ပုတ်ခတ်ပုတ်ခတ်လုပ်ပါမှ မြင်ကွင်းက ကြည်လင်လာသလို ရှိသွားသည်။

ဒီတော့မှ ရှေ့မှာ တစ်လှမ်းချင်းလျှောက်နေသော ဆရာမလေးကို မြင်ရ၏။ ဆရာမလေးက အနီရောင်ဖဲထီးလေးကို ခပ်နိမ့်နိမ့်ဆောင်းရင်း ဟန်ချက်ညီညီ လျှောက်လှမ်းသွားနေပါသည်။ ဖြိုးသစ်ထွန်း အိတ်ကပ်ထဲမှ နားစွဲလေးကိုထုတ်ကာ ဆရာမလေးနောက်သို့ ခြေလှမ်းကျဲကျဲဖြင့် လိုက်သွားလိုက်သည်။

အိပ်ချင်စိတ် မပျောက်သေးလို့လား၊ လူပဲရှင်းနေလို့လား မသိ။ သူ့စိတ်တွင်းမှာ ကြောက်စိတ်မရှိ၊ အချိန်ပိုင်း နည်းပြတစ်ယောက်ဖြစ်သည်မို့ ဒုတိယဂျီယာလိုတော့ ကက်ကက်လန်အောင် ရန်ပြန်မတွေ့နိုင်ပါ။ ထို့ကြောင့်လည်း ကြောက်စိတ်အနည်းငယ် ကင်းလွတ်နေခြင်း ဖြစ်လောက်ပါသည်။

ခြေလှမ်းကျဲကျဲလှမ်းနေရာမှ မီလုမီခင်တွင် . . .

"တီချယ် . . တီချယ် . . ."



www.burmeseclassic.com

www.burmeseclassic.com

သူ့ခေါ်သံကြောင့် ရှေ့မှသွားနေသူ ဆရာမလေး လှည့်ကြည့်စဉ် ဖြိုးသစ်ထွန်းတွေဝေမနေဘဲ ပြောစရာရှိတာ ပြောချလိုက်ပါသည်။

"တီချယ့်နားဆွဲလေး ပြုတ်ကျသွားလို့ ပြန်လာပေးတာပါ"

"ဟင် . . ."

ပြောပြီးပြီးချင်းပင် သူ့စကား မှားသွားပြီဖြစ်မှန်း သိလိုက်ရသည်။ အကြောင်းက ဆရာမလေးရဲ့ နားနှစ်ဖက်စလုံးမှာ စိန်ပွင့်လေးတွေ တသွေးတမွေး စီခြယ်နေသည်ကို တွေ့ရ၏။ ဆရာမလေးက သူပေးသော နားဆွဲကိုကြည့်ကာ သူ့ကို အကဲခတ်သလို စူးစမ်းစဉ် . . .

ဖြိုးသစ်ထွန်း ကိုယ့်ကိုယ်ကိုယ် မလုံတော့စွာဖြင့် . . .

"ဩော် . . . ဒီလိုပါ . . . ဟိုနားမှာ ဒီနားဆွဲလေး ကျနေတာတွေ့လို့ တီချယ့်နားက ပြုတ်ကျသွားတယ်ထင်ပြီး လိုက်ကောက်ပေးတာပါ"

ဆရာမလေးက ကျေးဇူးတင်သလို ပြုံးကာ . . .

"အစ်မဟာ မဟုတ်ဘူးကွယ့်"

ချိုသာစွာ ပြောရင်း လှည့်ထွက်သွားလေပြီ၊ ဖြိုးသစ်ထွန်း ဘာဆက်လုပ်ရမှန်းမသိ။ ဒီလောက်နှင့် ဆုံးဖြတ်၍ မရသေးပါ။ ဒီထက်တိကျသေချာဖို့ လိုပါသေးသည်။ ထို့ကြောင့် ဆရာမလေးနောက်ကို ကမန်းကတန်း ပြေးလိုက်ရင်း . . .

"ဒါဆိုလည်း တီချယ်ရယ် . . . ဒီနားဆွဲလေး ယူသွားလိုက်ပါလား။ မိန်းကလေးဆိုတော့ တစ်ချိန်မဟုတ်တစ်ချိန် အသုံးဝင်နိုင်တယ်လေ။ ကျွန်တော်တို့က ယောကျ်ားလေးဆိုတော့ အသုံးမဝင် . . ."

"ဘာ . . ."

သူ့စကား မဆုံးလိုက်။ ဆရာမလေးရဲ့ ဒေါသတကြီး အော်ဟောက်သံ ထွက်လာပြီးနောက်မှာ သူ့စကား ထပ်မှားသွားပြန်ပြီဆိုတာ သိလိုက်ရတော့၏။ ဘယ်သူပြုတ်ကျသွားမှန်းမသိ။ ဘယ်ကနားဆွဲမှန်း မသိနှင့် ဆရာမလေးက ယူသွားမည်တဲ့လား။



ပြီးတော့ ဒီလို အပေါ်စားနားဆွဲလေးတစ်ဖက်က ဆရာမလေးလို မိန်းကလေးမျိုးအတွက် သူပြောသလို အသုံးဝင်လာမှာတဲ့လား။ မှားသွားပြန်ပါပြီ။

"မင်း ငါ့ကို ဘယ်လိုထင်လို့လဲ"

ဆရာမလေးက ဒေါသနှင့် ရှက်ဖွေ့တွေ တွဲစပ်ပါဝင်သော မျက်နှာအောင်းတစ်ခုနှင့် ရှေ့တစ်လှမ်းတိုးကာမေးတော့ သူ တုန်လှုပ်သွားရပါပြီ။ ဆရာမလေးမှာ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ ချက်ချင်းပြန်လှည့်၍ သူ့ကို ပါးချပ်ရိုးခန်း ဆွဲခေါ်သွားမည့်ဟန်တွေ အပြည့်ရှိနေ၏။

ဖြိုးသစ်ထွန်း အသက်ရှူမဝတော့။ ထွက်ပဲပြေးရမလား၊ ဒါမှမဟုတ် ဆရာမလေးကိုပဲ ခြေထောက်ဖက်တောင်းပန်ရမလား၊ ဝေခွဲမရစဉ်မှာပဲ သတိလက်လွတ်စွာ စကားတွေ အ,ထစ်ထစ် ထပ်ထွက်သွားပြန်၏။

"ဒီ . . . ဒီ . . . ဒီလိုပါ . . . ကျွန် . . . ကျွန်တော် ပြောတာက . . ."

"တော်တော့ . . ."

နှုတ်ခမ်းနှစ်လွှာ တိခနဲ ပိတ်သွားသည်။

"ဒါ ငါ့ဥစ္စာမဟုတ်ဘူး။ ဒါမျိုး အပေါ်စားဆန်တဲ့ ကလက်တက်တက် နားဆွဲတွေလည်း မပန်တတ်ဘူး။ လမ်းမှာကျနေတဲ့ နားဆွဲကို ကောက်ပန်ရလောက်အောင်လည်း ငါ မမွဲဘူး။ သဘောပေါက်လား"

"ဟုတ် . . . ပေါက် . . . ပေါက်ပါတယ်"

"အေး . . . သဘောပေါက်ရင် ပါးချပ်နဲ့ လှည့်အတိုင်မခံရခင် မင်း ငါ့ရှေ့က ထွက်သွားတော့"

ဖြိုးသစ်ထွန်းတစ်ယောက် ပုတ်သင်ညို အရှုံးပေး[illegible]အောင် ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် . . . ဟုတ်ကဲ့ပါ။ ဒါဆို ဒီနားဆွဲက . . ."

"လွှင့်ပစ်လိုက် . . ."

ကျယ်လောင်လွန်းသော အမိန့်သံကြောင့် သူ့တစ်ကိုယ်လုံး တုန်တက်သွားသလို သူမကတော့ အံကို တစ်ချက်ကြိတ်ပြီး ဘောက်ဆတ်ဘောက်ဆတ် လှည့်ထွက်သွားတော့သည်။

ဖြူးသစ်ထွန်းမှာ နားဆွဲလေးတစ်ဖက်ကိုကိုင်ပြီး ဘာလုပ်ရမှန်းမသိ ကြောင်ကျန်ရစ်ခဲ့သည်။ ပြီးတော့မှ သတိဝင်ကာ ဆရာမလေးပြောသလို နားဆွဲလေးအား ရောက်ချင်ရာရောက် အားကုန်ထည့်ပြီး လွှင့်ပစ်လိုက်ပါတော့သည်။

ထိုအဖြစ်အပျက် အစအဆုံးကို သစ်ပင်ကွယ်တစ်နေရာမှ စောင့်ကြည့်သူနှစ်ဦးရှိနေ၏။

သူတို့ကတော့ . . .

⁂



# XVII

စက်တင်ဘာ၏ မိုးကောင်းကင်က အုံ့မည်းမှုန်သီကာနေသည်။ အနောက်ဖက်ကောင်းကင်မှာ မိုးညှိနံ့ရှဲသော တိမ်တိုက်တွေ ထုနှင့်ထည်နှင့် နေရာယူထားကြ၏။ မနက်ခင်းက ပေါ့ပါးသပ်ရပ်ကာ အေးချမ်းမှုတို့ ရှန်းကြွနေသည်။

စစ်ရိပ်တစ်ယောက်တည်း ကန်တင်းတွင်ထိုင်ကာ ငေးချင်ရာငေးနေမိသည်။ စောသေးလို့လားမသိ။ ကန်တင်းသည် အနည်းငယ် ရှင်းလင်းတိတ်ဆိတ်နေ၏။ လူအနည်းငယ်သာရှိသည်။ ကျောင်းဝန်းထဲမှာလည်း လူများများစားစား မရှိသေး။

ဖယ်ရီကွင်းဘက်မှာတော့ ကျောင်းကားတွေ နှစ်စီးသုံးစီး ထိုးထားတာ တွေ့ရပါသည်။ စားပွဲတွင် ဆေးလိပ်တစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက်နှင့် စစ်ရိပ်ထိုင်နေတာ တော်တော်ကြာခဲ့ပြီ။ ကျောင်းသို့ ယခုလိုတစ်ခါမှ အစောကြီးမလာဖူး။ ဒီနေ့မှ ထူးထူးခြားခြားအစောကြီး ရောက်နေကာ တစ်စုံတစ်ယောက်ကို စောင့်မျှော်လျက်ရှိနေ၏။

"စိုင်းပြည့်ဖြိုးသန့် . . ."



www.burmeseclassic.com

www.burmeseclassic.com

သူစောင့်နေသော လူတစ်ယောက်မှာ ထိုနာမည်ပိုင်ရှင်ပါပဲ။ ခင်မင်ရင်းနှီးထားသူမဟုတ်။ တွေ့ဖူး၊ ဆုံဖူးထားသူမဟုတ်။ တိတိကျကျ ပြောရပါက လွန်ခဲ့သော ဆယ်နာရီဝန်းကျင်မှပင် စကားပြောဖူးခဲ့ခြင်းဖြစ်၏။ ပြီးတော့ ယနေ့မနက် (၈)နာရီခန့်တွင် ဤကန်တင်း၌ တွေ့ဆုံကြရန် ချိန်းဆိုခဲ့ခြင်းလည်း ဖြစ်ပါသည်။

ပထမနှစ်ကျောင်းသား။

တစ်ကျောင်းတည်း တက်နေခြင်းဖြစ်သည့်တိုင် ထုံးစံအတိုင်း စစ်ရိပ် ထိုကောင်လေးကို မသိပါ။ သူကလည်း သိလိမ့်မည်မဟုတ်။ ထူးတော့ ထူးဆန်းသည်။ ဂျီယာကို စိတ်ဝင်စားသူနှစ်ယောက်က တစ်ကျောင်းတည်းမှာ လာဆုံနေပါ၏။

ဟုတ်ပါသည်။ စစ်ရိပ်စောင့်မျှော်နေသူ စိုင်းပြည့်ဖြိုးသန့်မှာ ဂျီယာစာမေးပွဲတွင် တတိယမြောက် အောင်မြင်ထားသူ တစ်ယောက်ပါပဲ။ ပြီးတော့ ယခုကဲ့သို့ အောင်မြင်ထားသူတွေနှင့် လိုက်တွေ့ရသည်ကိုလည်း စိတ်ထဲမှာ စနိုးစနောင့်မဖြစ်မိ။ လွတ်လပ်သော လူတစ်ယောက်ပေမို့ သူလည်း ဂျီယာကို ကြိုးစားပိုင်ခွင့်ရှိပါသည်။

ပြီးတော့ ဂျီယာကိုယ်တိုင်လည်း ယခုချိန်ထိ လွတ်လပ်သော မိန်းကလေးတစ်ဦးဖြစ်ကြောင်း onlineမှ ကြော်ငြာအား မဖျက်သေးသည်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။ အောင်မြင်ထားသူ (၅) ဦးထဲမှ တစ်ယောက်ယောက်နှင့်သာ အဆင်ပြေသွားပါက onlineမှ ကြော်ငြာကို သေချာပေါက် ဖျက်ရမည်မဟုတ်ပါလား။

မနေ့က ကြိုးစားခဲ့သော ဂျီယာစစ်ဆင်ရေး ရှုံးနိမ့်သွားစဉ် စစ်ရိပ်နောက်တစ်ယောက်ကို ဦးတည်ချက် ပြောင်းလိုက်ခြင်းဖြစ်တော့၏။ မင်းခင်နှင့် ဖြိုးသစ်ထွန်းတို့၏ ကြိုးစားမှုအရ လက်ရှိ ဂျီယာနှစ်ဦးသည် သူနှင့်တစ်ညတာ စကားပြောခဲ့ဖူးသော ဂျီယာမဟုတ်ခဲ့ပါ။ အကြောင်းက ချိုသာဟူသော ပထမဂျီယာသည် နားကပ်ပန်တတ်ပေမဲ့ သူ့မှာရှိသော (ဂျီယာကျကျန်ခဲ့သော) နားစွဲမျိုးကို ပန်ဆင်တတ်သူမဟုတ်။ နည်းပြ (ကျူတာပေါက်စ) ပီပီ ဣန္ဒြေရှိရှိ ဝတ်စားနေထိုင်တတ်သူ ဖြစ်ပါသည်။

ပြီးတော့ သူမပုံစံက ရင့်ကျက်ပြည့်ဝနေသလို၊ တစ်ညတာ သူနဲ့ ဆုံခဲ့ဖူးသော ဂျီယာလို ကလေးဆန်တတ်သူမဟုတ်။

ဒုတိယ ဂျီယာ (ခေါ်) ပထဝီ ဒုတိယနှစ်ကျောင်းသူ ချမ်းမြေ့မှာတော့ ရှင်းပါသည်။ ခေတ်ဆန်သွက်လက်သည့် ဟန်ပန်အမူအရာရှိသမ့် နားစွဲပန်စရာ နားတွင် နားပေါက်မပါပါ။ သူကောက်ခဲ့ရသော နားစွဲလေးသည် နားပေါက်မပါဘဲ ပန်ဆင်လို့မရသည့် အမျိုးအစားတစ်ခုပင် မဟုတ်ပါလား။ ဒီလိုဆိုတော့ သူမကို ထည့်သွင်းစဉ်းစားစရာမလို။ ဂျီယာစာရင်းထဲမှ ထုတ်လိုက်ရုံသာရှိသည်။

လက်ရှိဂျီယာနှစ်ဦးစလုံးမှာ မဖြစ်နိုင်သည့်အတွက် ယခုကဲ့သို့ အောင်မြင်သူ နောက်တစ်ယောက်နှင့် တွေ့ဆုံရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။ စာမေးပွဲ အောင်ထားသူဖြစ်သည့်အတွက် ဘယ်လိုပဲဖြစ်ဖြစ် ဂျီယာနှင့် ဆုံခဲ့ရပေမည်။

သူနှင့်ဆုံခဲ့သည့် ဂျီယာကရော မည်သူဖြစ်မလဲ။

အရင်နှစ်ယောက်ထဲက တစ်ယောက်ပဲလား။ ဒါမှမဟုတ် နောက်ထပ် အသစ်တစ်ယောက်လား၊ ဆုံစဉ်ကရော ပထမလူတွေလို ကိုယ်အင်္ဂါ ချို့ယွင်းဟန်ဆောင်ထားမည်လား။

ကိုအောင်မြတ်သူပြသော ဓာတ်ပုံအရ ပထမဂျီယာ (ခေါ်) ချိုသာသည် မျက်လုံးကန်းနေသည်။ ကိုဇင်မောင်ထိုက်အပြောအရ ဒုတိယဂျီယာသည် စကားမပြောတတ်သည့် ဆွံ့အသူတစ်ယောက်၊ ယခုအလှည့်မှာရော မည်သို့နည်း။

သူ့အလှည့်ရောက်လာလျှင်ရော ထိုအတိုင်းပင် လုပ်ဦးမှာလား။

ဘာကြောင့်များ သူမတို့ အုပ်စုသည် ဤကဲ့သို့ ဟန်ဆောင်နေရပါသနည်း။ စဉ်းစားစရာတွေက များလွန်းလှ၏။




www.burmeseclassic.com

www.burmeseclassic.com

ညည်းတာမ်းအရ မေးခွန်းအားလုံး ဖြေဆိုနိုင်လျှင် ဂျီယာနှင့်တွေ့ရမှာဖြစ်ပေမဲ့ သူ မတွေ့ချင်သေး။ ဂျီယာဇာတ်ထုပ်ကို လိပ်ပတ်လည်အောင် ဖြေရှင်းချင်သေးသည်။ ပြီးတော့ သူတို့ရဲ့ လှည့်စားမှုတွေကို အနိုင်ယူချင်သေးသည်။

ပေါ့ပေါ့လေး သဘောထား၍မရတော့။

ပေါ့လျော့လျှင် ရှေ့ကလူတွေလို ခံသွားရမည်။ သူ အဖြစ်မခံနိုင်ပါ။ ဒီဇာတ်လမ်း၏ ဇာတ်သိမ်းကို သူရောက်အောင် သွားချင်သည်။ သူ့မှာရှိနေသော နားစွဲလေးရဲ့ပိုင်ရှင် ဂျီယာအစစ်နှင့် ဆုံချင်သည်။

ပြီးတော့ ဘာကြောင့် အခုလို ယောကျ်ားလေးများအား စနစ်တကျ လှည့်စားရတာနည်းဆိုတာကို အဖြေထုတ်ချင်သည်။ သိပ်တော့ လွယ်ကူမည်မဟုတ်။ ဂျီယာဟူသော ကြော်ငြာစာရဲ့ နောက်ကွယ်မှာ လူ ဘယ်နှစ်ယောက်ရှိနေသည်မသိ။

အမှားခံ၍မရ၊ တစ်ကွက်မှားပါက ရှေ့က လူတွေနောက်လိုက်သွားရမည်။ တစ်သက်လုံး နာမည်တပ်၍ မိန်းကလေးအုပ်စု၏ အဟားခံစရာ သတ္တဝါတစ်ကောင် ဖြစ်သွားလိမ့်မည်။ ဒီလိုဆိုတော့ . . .

စစ်ရိပ် ဆေးလိပ်ကိုသာ တစ်လိပ်ပြီးတစ်လိပ် ဖွာနေမိပါသည်။

ထိုခဏ . . .

"ကိုစစ်ရိပ်ဆိုတာ ထင်တယ်"

အသံကြောင့် လှည့်ကြည့်မိတော့ ရုပ်ရည်သန့်ပြန့် သားနားသည့် ကောင်လေးတစ်ယောက်။ လူငယ်ဆန်စွာ ဝတ်စားထားပြီး ကျောပိုးအိတ်လေးကို လွယ်ထား၏။ မြင်ဖူးမထားပေမဲ့ စစ်ရိပ် သဘောပေါက်လိုက်သည်။ ထို့ကြောင့် . . .

"ညီလေးက . . ."

"ကျွန်တော်က စိုင်းပြည့်ဖြိုးသန့်ပါ"

"ဟုတ်တယ် . . . ညီလေး၊ အစ်ကိုပါ။ စစ်ရိပ်ဆိုတာ အစ်ကိုပဲ"



ကောင်လေးက သူနှင့် မျက်နှာချင်းဆိုင်စားပွဲမှာ ဝင်ထိုင်၏။ လွယ်လာသော ကျောပိုးအိတ်ကိုချွတ်ကာ နံဘေးရှိ ခုံတစ်လုံးပေါ်တင်သည်။

"ညီလေး . . . တစ်ခုခုမှာလေ"

လူမှုရေးအရ သူလောကွတ်ပြုတော့ ကောင်လေးက ခေါင်းညိတ်ရင်း လိမ္မော်ရည်တစ်ခွက်ကို မှာသည်။ ဒီတော့မှ စစ်ရိပ်ကောင်လေးကို သေချာအကဲခတ်မိ၏။ ပိန်ပိန်သွယ်သွယ်နှင့် မိန်းမချောချောသောလူငယ်လေးတစ်ယောက်ပါပင်။ ကောင်လေးပုံစံကြည့်ရတာ အနည်းငယ် စိတ်ကျဉ်းကြပ်နေပုံပေါ်သည်။

ပြီးတော့ သူ့ကိုလည်း ရှိန်နေသလိုရှိ၏။ ထို့ကြောင့် သူကပင် စတင်မိတ်ဆက်လိုက်ပါသည်။

"အစ်ကို့နာမည်ကတော့ ညီလေး သိပြီးသားဖြစ်မှာပါ။ အစ်ကိုက မြန်မာစာနောက်ဆုံးနှစ်က။ ဒီနားက အဆောင်တစ်ခုမှာနေတယ်။ ရန်ကုန်သားတော့ မဟုတ်ဘူး။ နယ်ကနေ ကျောင်းလာတက်တာ"

"ဟုတ်ကဲ့ . . . အစ်ကို၊ ကျွန်တော်က ဓာတုဗေဒ ပထမနှစ်ကပါ"

ထိုစဉ်မှာပင် မှာထားသော လိမ္မော်ရည်လာချ၍ သူတို့စကားစ အနည်းငယ်ပြတ်သွားသည်။ စားပွဲထိုး ပြန်ထွက်သွားတော့မှ . . .

ကောင်လေးက လိမ္မော်ရည်ကို တစ်ငုံငုံရင်း . . .

"အစ်ကို . . . ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာက . . ."

"ဂျီယာနဲ့ပတ်သက်ပြီး စကားပြောချင်လို့"

စိုင်းပြည့်ဖြိုးသန့်ဆိုသူကောင်လေး မျက်နှာတစ်ချက်ပျက်သွား၏။ ပြီးတော့ မည်သူ့ကိုမျှမကြည့်ဘဲ ကန်တင်းအပြင်ဘက်ကို တွေတွေကြီး ငေးသွားလေသည်။ စက္ကန့်မလပ် အကဲခတ်နေသူမို့ ကောင်လေးရဲ့ ပျက်ယွင်းမှုအတိုင်းအတာကို အတန်အသင့် နားလည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ညက အစ်ကို Online မှာ ပြောခဲ့သလိုပေါ့ကွာ။ ညီလေးနဲ့ ပတ်သက်ခဲ့တဲ့ ဂျီယာအကြောင်းကို လေ့လာချင်တာ"

"အစ်ကို ဘာလုပ်မလို့လဲ"

ဘွေတွေကြီးငေးနေရာမှ ကောက်ခါငင်ခါထမေးတော့ စစ်ရိပ်ပြုံးကာ . . .

"အစ်ကိုကိုယ်တိုင်လည်း ဂျီယာစာမေးပွဲကို ပါဝင်ဖြေဆိုသူတစ်ယောက် ဖြစ်နေလို့"

"ဗျာ . . ."

"ဟုတ်တယ် . . . ။ အစ်ကို မေးခွန်း (၃) ခု ဖြေပြီးသွားပြီ"

ကောင်လေးက သူ့ကို ဆတ်ခနဲလှမ်းကြည့်သည်။ သူ ခေါင်းညိတ်ပြကာ ဆက်ပြောသည်။

"အစ်ကို မေးခွန်း (၃) ခုဖြေပြီးသွားချိန်မှာ ဂျီယာနဲ့ပတ်သက်ပြီး လွဲချော်မှုတွေ အများကြီးတွေ့ခဲ့ရတယ်။ အဲဒါကြောင့် ကျန်တဲ့မေးခွန်း (၂) ခုကို ဆက်မဖြေဘဲ ဂျီယာအကြောင်း စုံစမ်းနေတာ"

"ဘာတွေလွဲမှားနေလို့လဲ အစ်ကို"

စစ်ရိပ် သက်ပြင်းတစ်ခုကိုပြုရင်း . . .

"ညီလေးစိတ်ထင် Online မှာ ဂျီယာ ဘယ်နှယောက်ရှိတယ်ထင်လဲ"

ကောင်လေးက မျက်မှောင်ကြုတ်ကာ . . .

"ဟစ်ယောက်တည်းလေ . . . ။ ကြော်ငြာထားတာတော့ တစ်ယောက်တည်းပဲ။ နာမည်တူတွေရှိရင်တော့ မသိဘူး"

စစ်ရိပ် ခေါင်းယမ်းပြလိုက်၏။

"မဟုတ်ဘူး . . . ။ အစ်ကိုပြောတာက ကြော်ငြာထားတဲ့ ဂျီယာနာမည်နောက်မှာ လူဘယ်နှယောက်ရှိတယ်ထင်လဲ မေးတာ"

"တစ်ယောက်တည်းပဲ နေမှာပေါ့။ သူ့အိမ်ထောင်ဖက်ကို စိတ်ကြိုက်ရွေးချယ်ချင်လို့ Online မှာ တင်ထားတာ။ ကျွန်တော်နဲ့ တွေ့ခဲ့တာလည်း တစ်ယောက်တည်းပဲ"



စစ်ရိပ် ပြုံးမိလိုက်သည်။ ဂျီယာ့ဇာတ်ထုပ်ကို ဒီကောင်လေး မသိသေးဘူးဆိုတာ သေချာပါသည်။

"မဟုတ်ဘူး . . . ။ အစ်ကို့မျက်စိရှေ့မှာတင် ဂျီယာနှစ်ယောက် ဖြစ်နေတယ်"

"ဗျာ . . ."

"ဟုတ်တယ်။ အစ်ကိုသိရသလောက် ညီလေးနဲ့မတွေ့ခင်ထိ ဂျီယာနှစ်ယောက်။ ပထမတစ်ယောက်က အင်္ဂလိပ်စာ ဂုဏ်ထူးတန်းကျောင်းသူ။ နောက်တစ်ယောက်က ပထဝီ ဒုတိယနှစ်က"

ကောင်လေး ပါးစပ်ဟောင်းလောင်း ပွင့်သွားပါသည်။ ပြီးတော့ မယုံကြည်နိုင်မှု အရိပ်အယောင်တွေလည်း မျက်နှာမှာ အထင်းသားပေါ်လွင်လာကာ . . .

"ဟုတ်ရဲ့လားဗျာ . . . အဲလိုမျိုး ရှိလို့လား"

"အစ်ကို မင်းကိုမလိမ်တာတော့ သေချာတယ်"

ကောင်လေးစကား မပြောနိုင်တော့။ သူ့မျက်နှာကို တအံ့တသြကြည့်နေသည်။ သူ့မျက်နှာအနေအထားကို ကြည့်ပြီးလည်း ကောင်လေး စကားဆက်ရန် မဝံ့မရဲ ဖြစ်သွားပုံရသည်။

"မင်း စိတ်ဝင်စားမယ်ဆိုရင်တော့ အစ်ကိုသိထားသလောက် ပြောပြမယ်။ ယုံတာမယုံတာကတော့ မင်းအပိုင်းပေါ့"

အများကြီး မပြောလိုက်ရ။ စိုင်းပြည့်ဖြိုးသန့်ဟူသော ကောင်လေးမှာ သူ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်လာပါသည်။ ထိုင်နေသောခုံကို သူ့ဘက်သို့ အနည်းငယ်တိုးရွှေ့ရင်း . . .

"စိတ်ဝင်စားတယ် . . . အစ်ကို၊ ကျွန်တော့်ကို ပြောပြပါ"

ဒီတော့မှ စစ်ရိပ် ခုံကိုကျောမှီထိုင်ရင်း ဂျီယာနှင့်ပတ်သက်သမျှ အားလုံးကို ဖြည်းဖြည်းအေးအေး ပြောပြလိုက်သည်။ ဂျီယာ့စာမေးပွဲကို အောင်မြင်ထားသူတစ်ယောက်မို့ ထိုအကြောင်းတို့အား ဒီကောင်လေး လည်း သိသင့်သည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်မြတ်သူနှင့် တွေ့ခဲ့ပုံ၊ သူ့ဆီက ဂျီယာ့ဓာတ်ပုံရခဲ့ပုံ။ ကိုစင်အောင်ထိုက်နှင့်တွေ့တော့ ဂျီယာချင်း ကွဲလွဲနေပုံ၊ ဂျီယာနောက်တစ်ယောက်ရှိနေပုံ၊ နောက်ပြီး ဂျီယာနှစ်ဦးလုံးမှာ ကိုယ်အင်္ကျီတွဲ့ဟန်ဆောင်ထားပုံတွေကို ပြောပြလိုက်သည်။

ပထမ ဂျီယာသည် မျက်လုံးကန်း၍ ဒုတိယဂျီယာသည် စကားမပြောတတ်ကြောင်း၊ ဒါပေမဲ့ ထိုအခြင်းအရာတို့မှာ လုံးဝမဟုတ်ကြောင်း၊ ဟန်ဆောင်မှုသက်သက်ဖြစ်ကြောင်း၊ ထိုလိမ်ညာမှုများကို သိချိန်တွင် ကိုအောင်မြတ်သူတို့နှစ်ဦးမှာ လက်လျှော့သွားကြောင်း။

ဘာကြောင့် ထိုကဲ့သို့ သူမတို့ လိမ်ညာသည်ကိုတော့ မသိကြောင်း၊ ထိုကိစ္စကို သူသေချာစုံစမ်းနေကြောင်းစသဖြင့် စစ်ရိပ်စီကာပတ်ကုံး ပြောပြလိုက်ပါသည်။

အတိတ်ကရှိခဲ့သော သူနှင့်ဂျီယာဓာတ်လမ်းနှင့် နားစွဲလေးကိုအရင်းပြုပြီး ဂျီယာအတုအစစ် စုံစမ်းခဲ့ပုံတွေကိုတော့ သိပ်မဆိုင်သဖြင့် ချန်လှပ်ထားခဲ့သည်။ စစ်ရိပ်သိချင်တာသည် ဒီကောင်လေးနှင့်ဆုံခဲ့သော ဂျီယာမှာ မည်သူလဲဆိုတာပင် မဟုတ်ပါလား။

စကားဆုံးတော့ . . .

"ဟာ . . . ကျွန်တော် ဒီအကြောင်းတွေကို လုံးဝမသိခဲ့ဘူး"

"အေး . . . ငါလည်း အဲဒီလိုပဲထင်လို့ မင်းကိုပြောပြတာပြီးတော့ မင်းဆီကလည်း သိချင်တာ နည်းနည်းရှိတယ်"

"ပြောပါ . . . အစ်ကို၊ အစ်ကို ဘာသိချင်တာလဲ။ ကျွန်တော် ဘာပြောပြရမလဲ"

စစ်ရိပ် စုတ်တစ်ချက်သပ်ကာ . . .

"မင်းနဲ့ဂျီယာ ဆုံတွေ့ခဲ့တဲ့ ပုံရိပ်အားလုံး"

ကျောင်းထဲသို့ ဖယ်ရီကားတစ်စီး ဟွန်းသံရှည်ကြီးဆွဲကာ မောင်းဝင်လာသည်။ ကားပေါ်မှာ ကျောင်းသား/သူတွေ အပြည့်အသိပ် ထိုင်လာကြသည်ကို တွေ့ရ၏။ အနောက်ဘက်ကောင်းကင်မှာ အရင်လို အုံ့မှိုင်းမနေတော့။



လေပြင်းရဲ့ ခေါ်ဆောင်ရာကို မိုးတိမ်တွေ လွင့်ပါသွားကြပြီဖြစ်သဖြင့် ကြည့်ရတာ လင်းချင်းနေသည်။ နေရောင်က ခရေရွက်တို့ကိုဖြတ်ကာ ဆိုင်ဝတွင် ဖြာကျလျက်ရှိနေ၏။ ဆိုင်ထဲသို့ ကျောင်းသူတစ်အုပ် ဝင်လာပါသည်။ လှတပတနှစ်ယောက်နှင့် ပုံမတူမန်းမကျ သုံးယောက်ဖြစ်သည်။

ဆိုင်ထဲမှာ အရင်လိုမဟုတ်တော့။ စားပွဲပြည့်လုအောင် စည်ကားလို့နေပါပြီ။

ခရေရွက်၊ ကဲ့ကော်ပန်း၊ ထမင်းချိုင့်ဖွင့်သံ၊ လိမ္မော်ရည်တစ်ခွက်၊ ဆေးလိပ်ငွေ့၊ ရယ်မောသံများ၊ ဆောင်းဦးလှိုင်၏ ကျောင်းသားဘဝ သီချင်း၊ ချာလီရေမွှေးနံ့၊ မီးခိုးနံ့၊ တစ်ချက်တစ်ချက်ရတတ်သည့် သနပ်ခါးပန်း စတာစတာတွေနှင့် ကျောင်းတော်ကြီးက သက်ဝင်ခုတ်မောင်းလို့နေပြီ။

သူတို့စားပွဲဝိုင်းလေးကတော့ ယခုတိုင် တိတ်ဆိတ်ဆဲ။

ထိုတိတ်ဆိတ်မှုကို စတင်ဖြိုခွဲလိုက်သူက တတိယမြောက် အောင်မြင်သူ။

"ကျွန်တော်နဲ့တွေ့ခဲ့ပုံက ဆန်းတော့ဆန်းတယ်။ ဒါပေမဲ့ ကိုစစ်ရိပ်ပြောပြတဲ့ ကျွန်တော့်ရှေ့ကနှစ်ယောက်နဲ့ ယှဉ်ရင်တော့ သိပ်မဆန်းတော့ဘူး"

"မင်းဟာက ဘယ်လိုကြီးလဲကွ"

"ဒီလိုပါ . . . ။ ကိုစစ်ရိပ်သိတဲ့အတိုင်း ကျွန်တော် မေးခွန်း (၅) ခုလုံးကို ဖြေလိုက်နိုင်တယ်။ စာမေးပွဲ အောင်သွားတယ်ပေါ့။ အဲဒီမှာ စည်းမျဉ်းအရ ဂျီယာနဲ့ကျွန်တော် ပထမဆုံးအကြိမ်တွေ့ရတယ်။ တွေ့ဖို့ချိန်းတဲ့နေရာက လူရှင်းတဲ့ စားသောက်ဆိုင်လေးတစ်ဆိုင်မှာ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ တွေ့ချင်နေတဲ့လူဆိုတော့ ချိန်းတဲ့နေရာတို့ နာရီဝက်လောက်စောပြီး ရောက်သွားတယ်ဗျ။ ဒါပေမဲ့ ချိန်းထားတဲ့အချိန်လွန်သွားတဲ့ထိ သူ ရောက်မလာဘူး။ နောက်ထပ်နာရီဝက်လောက်အချိန်ကြာပြီးသွားမှ ရောက်လာတယ်။ တွေ့တွေ့ချင်း ကျွန်တော် မျက်လုံးပြူးသွားတာပဲ"

"ဘာဖြစ်လို့လဲ"

"ဂျီယာဆိုတဲ့ မိန်းကလေးက ကျောင်းမှာ ကျွန်တော်မြင်ဖူးပြီးသား မိန်းကလေးတစ်ယောက်ဖြစ်နေတယ်။ ပြီးတော့ သူ့ပုံစံက ကျွန်တော်မြင်ဖူးထားတာနဲ့ လုံးဝမတူတော့ဘူး။ မြင်ရတာ ယုံတောင် မယုံနိုင်ဘူးဗျာ"

"ဘယ်လိုပုံစံဖြစ်နေလို့လဲ"

"ဝှီးချဲပေါ်မှာထိုင်ရတဲ့ အောက်ပိုင်းသေသူတစ်ယောက် ဖြစ်နေတယ်"

"ဟေ . . . "

"ဟုတ်တယ် . . . ။ ကျွန်တော်နဲ့တွေ့ခဲ့တဲ့ ဂျီယာက အောက်ပိုင်းသေနေတယ်"

"မြတ်စွာဘုရား . . . "

စစ်ရိပ် ဘုရားတမိလိုက်တော့၏။ ဘယ်လိုတွေပါလိမ့်။ ပထမက မျက်စိမမြင်၊ ဒုတိယက ဆွံ့အ၊ တတိယက အောက်ပိုင်းသေ၊ ဟုတ်မှဟုတ်တော့ရဲ့လား။

"အဲတော့ မင်းတို့ ဘယ်လိုဆက်ဖြစ်ကြလဲ"

"အစ်ကို ခုန ပြောခဲ့တဲ့အတိုင်းပေါ့။ ရှေ့က လူတွေလိုပါပဲ။ သူက ကိုယ်အင်္ဂါချို့တဲ့တဲ့ ဒုက္ခိတတစ်ယောက်ဖြစ်နေလို့ သူနဲ့ လက်ထပ်ဖို့ကို ကျွန်တော့်ဘက်က စဉ်းစားပါပေါ့"

"ဒါနဲ့ပဲ အရင်နှစ်ယောက်လို မင်းတို့ဇာတ်လမ်း ပြီးသွားကြရောလား"



ကောင်လေးက ခေါင်းကို ညင်သာစွာ ယမ်း၏။ ပြီးတော့ တစ်စုံတစ်ရာအား ထမ်းပိုးထားရသလို သက်ပြင်းပူကြီးတစ်ရပ်ကို မှုတ်ထုတ်သည်။ သူ၏ မျက်ဝန်းတို့မှာ မှုန်သီကာနေ၏။ ကန်တင်းပြင်ကို ငေးရင်း ပြောရန်စကားစ ရှာမရသလို ဖြစ်နေပါသည်။

မျက်ဝန်းတွင်လည်း ဝမ်းနည်းမှုလိုလို၊ နာကျင်မှုလိုလိုကို တွေ့ရသည်။ အတော်ကြီးကြာအောင် တိတ်ဆိတ်သွားပြီးတော့မှ . . .

"မပြီးပါဘူး . . . အစ်ကိုရယ်၊ လွယ်လွယ်နဲ့ ဘယ်ပြီးမှာလဲ။ အမှန်အတိုင်း ပြောရရင် အခုချိန်အထိ ရှေ့ဆက်ဖို့ ကျွန်တော် ကြိုးစားနေတုန်းပါ"

ထူးခြားသွားသော စကားအသွားအလာကြောင့် စစ်ရိပ် စိတ်ဝင်စားသွားစဉ် . . .

"သူဟာ ဒုက္ခိတတစ်ယောက်ဖြစ်တဲ့အတွက် လက်ထပ်ဖို့ကို စဉ်းစားပါလို့ ပြောတုန်းက ကျွန်တော် ဘာပြန်ပြောခဲ့လဲ သိလား"

" × × × × × "

"လက်ခံတယ်လို့ ကျွန်တော်ပြောခဲ့တာ"

"ဟေ . . . "

သူ မျက်လုံးပြူးသွားသည်။

"အောက်ပိုင်းသေနေလို့ တစ်သက်လုံးပဲ ဝှီးချဲပေါ် နေရပါစေ။ ဒုက္ခိတတစ်ယောက်ကို လက်ထပ်လို့ ပတ်ဝန်းကျင်က ဘယ်လိုပဲ ကျွန်တော့်ကို ပြစ်တင်ရှုတ်ချပါစေ။ သူနဲ့ လက်ထပ်လိုက်လို့ ဒုက္ခဆိုးတွေ ဘယ်လိုပဲ ကြုံတွေ့ရပါစေ ကျွန်တော် လက်ခံနိုင်ပါတယ်။ ရင်ဆိုင်ရဲပါတယ်။ သူ့ကို တစ်သက်လုံးပျော်အောင် ထားနိုင်ပါတယ်လို့ကို ပြောခဲ့တာ . . . အစ်ကို။ ဒါပေမဲ့ သူ လုံးဝ လက်မခံခဲ့ဘူး"

"ဟေ . . . ဘာဖြစ်လို့လဲ"

ကောင်လေးက ချက်ချင်းစကားမဆက်နိုင်။ ရင်ထဲမှာ စို့နင့်လာသလို ခေါင်းကိုယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီစကားတွေကိုလည်း ကျွန်တော် ပေါ့ပေါ့လေးပြောခဲ့တာ မဟုတ်ပါဘူး ဘုရားရှေ့မှာ သစ္စာဆိုရဲလောက်အောင် လေးလေးနက်နက်ပြောခဲ့တဲ့ စကားတွေပါ။ ဒါပေမဲ့ ကျွန်တော် ဘယ်လောက်ပြောပြော လက်မခံခဲ့ဘူး။ ကတိတွေ ဘယ်လောက်ပေးပေး အရာမရောက်ခဲ့ဘူး။ နောက်ဆုံးတော့ အဲဒီနေ့တွေ့ဆုံမှုက မဖြစ်နိုင်ပါဘူးဆိုတဲ့ စကားနဲ့ပဲ အဆုံးသတ်ခဲ့ရတယ်"

စစ်ရိပ် စဉ်းစားသွားလေပြီ။ အောက်ပိုင်းသေသူတစ်ယောက်ကိုတောင် ရိုးမြေကျပေါင်းသင်းရဲသည့် ဒီကောင်လေးစိတ်ဓာတ်က လေးစားချင်စရာ။ ဒီလိုလူမျိုးတစ်ယောက်ကို ထိုမိန်းကလေး ဘာကြောင့်ငြင်းခဲ့တာလဲ။ ထိုစဉ်မှာပဲ စစ်ရိပ် တစ်စုံတစ်ရာကို ဆက်စပ်တွေးမိသွားသည်။ ချက်ချင်းပင် . . .

"မင်းနဲ့ဆုံခဲ့တဲ့ ဂျီယာက တကယ်အောက်ပိုင်းသေနေတာရော ဟုတ်ရဲ့လား"

ကောင်လေးမှာ 'ဟက်'ခနဲ ရယ်၏။ ပြီးတော့ မချိပြုံးတစ်ခုကို ပြုကာ . . .

"ရှေ့ကလူတွေအတိုင်းပဲပေါ့ . . . အစ်ကိုရာ၊ ဟန်ဆောင်မှု သက်သက်ပါပဲ။ နောက်တစ်နေ့မှာ အကောင်းပကတိအတိုင်း ကျောင်းမှာတွေ့ရတယ်"

"အဲဒီတော့ . . ."

"ကျွန်တော် လိုက်ရှင်းတာပေါ့။ ဒေါနဲ့မောနဲ့ ကျွန်တော့်စကားလုံးတွေကို သူက အေးအေးလေးပဲ တုံ့ပြန်တယ်။ ညကပဲ ဆေးဆရာကောင်းနဲ့တွေ့လို့ ခြေထောက်တွေ ပြန်ကောင်းသွားတာတဲ့"

စစ်ရိပ် ရင်ထဲမှာ ဖျန်းခနဲဖြစ်သွား၏။ ဒါဟာ ယောကျ်ားလေးတစ်ယောက်ကို လှလှပပ ပညာပေးမှုတစ်ခုပါပဲ။ အောက်ပိုင်းသေနေတာတောင် ကျေကျေနပ်နပ် လက်ထပ်ယူရဲပါသည်ဟူသည့် လူတစ်



ယောက်ကို ဤမျှထိ လုပ်ဖို့မကောင်း။ လူကို စော်ကားရုံတင်မဟုတ်။ စေတနာနှင့် မေတ္တာတရားကိုပါ စော်ကားခံလိုက်ရသလို ဖြစ်နေသည်။

စစ်ရိပ်မနေနိုင်တော့ အံကိုကြိတ်ရင်း ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ဘယ်သူလဲ"

အဖြေစကားတစ်ခု ကောင်လေး နှုတ်မှ ခပ်တိုးတိုးထွက်လာ၏။ ဒါပေမဲ့ ထိုအဖြေမှာ နှစ်ဖက်သွားဓားတစ်လက်လို ထက်မြက်တိကျလှသည်။

"မုန်းမမ"

* * *



www.burmeseclassic.com

www.burmeseclassic.com

# XVIII

အတွေးပေါင်းများစွာနှင့် စစ်ရိပ်ကန်တင်းထဲမှ ထွက်လာခဲ့ပါသည်။ တတိယဂျီယာက မုန်းမမဆိုပါသလား။ ပြီးတော့ အောက်ပိုင်းသေဟန်ဆောင်ထားသည်တဲ့။

အရင်ကတည်းက ပေါ့လျော့ရန် မဖြစ်မှန်းသိသော စိတ်က ပိုမိုလေးနက်ကာ သွားပါသည်။ နောက်ပြီး သူ့ကိုယ်သူလည်း မေးခွန်းတချို့မေးမိသည်။ သူ ဘာဆက်လုပ်မှာလဲ။ ရှေ့က နှစ်ယောက်လိုပဲ မုန်းမမကို စမ်းသပ်မှာလား။

လွယ်ကူမည် မထင်တော့ပါ။ မုန်းမမသည် ထိုကိစ္စမျိုးနှင့်ပတ်သက်ပါက လေ့ကျင့်ရည်ဝနေသော တိုက်စစ်မှူးတစ်ဦးပင် မဟုတ်ပါလား။

စစ်ရိပ် စာသင်ဆောင်များရှိရာကိုသာ ဦးတည်လာခဲ့သည်။ အခု ဂလောက်ဆို မင်းဇင်နှင့်ဖြိုးသစ်ထွန်း အခန်းတွင်း ရောက်နေလောက်ပြီ။ ပြီးတော့ သူနှင့်ပါလာမည့် သတင်းထူးတစ်ခုကို စောင့်မျှော်နေလောက်ပြီ။ မြန်မာစာ စာသင်ခန်းများရှိရာ အဆောင်တွင်းလှမ်းဝင်တော့ စိတ်မှာ ထင့်ခနဲဖြစ်သွား၏။



သူ့ကို တစ်ယောက်ယောက် စောင့်ကြည့်နေသလိုမျိုး စိတ်ထဲမှာ မသိုးမသန့်။ ထို့ကြောင့် ခြေလှမ်းကိုရပ်ရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်တော့ . . . ။

အရာအားလုံးက ပုံမှန်လည်ပတ်ပုံအတိုင်း သက်ဝင်လှုပ်ရှားနေသည်။ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရ။ ထို့ကြောင့် စိတ်ကိုလျှော့ရင်း ဆက်လျှောက်လာတော့ ကော်ရစ်တာ ထောင့်ချိုးသို့အရောက် . . .

"ဟင် . . ."

သူ့အား စူးစိုက်ကြည့်နေသူ မိန်းကလေးတစ်ယောက်။ လုံးဝထင်မှတ်မထားပါ။

"မုန်းမမ . . . "

အမှတ်မထင် နာမည်ခေါ်သံတစ်ခု သူ့နှုတ်မှ အလိုလိုထွက်သွားသည်။ လှမ်းနေသောခြေလှမ်းတို့ပင် မဆီမဆိုင် တုံ့နှေးသွားသလို။ ဒါပေမဲ့ သူမကတော့ သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာပါသည်။ မျက်နှာချင်းဆိုင် အနေအထားကိုရောက်တော့ သူမက လက်မှာကိုင်လာသည့်အရာကို ကမ်းပေးရင်း . . .

"ရော့ . . . ကျွန်မငှားသွားတဲ့ ရှင့်အကျႌ"

မျက်နှာဟန်ပန်၊ လေယူလေသိမ်းက တော်တန်ရုံ ယောကျ်ားတစ်ယောက်ကို ပစ်လဲသွားစေလောက်သည်။ ထိုအမူအရာတွေကြောင့် သူ အနည်းငယ် ကြောင်အ,သွားတော့ . . .။

"ရော့လေ . . . "

ဒုတိယမြောက်လေသံကလည်း ညို့ငင်မှုပေါင်းများစွာ ပျော်ဝင်လို့။ စစ်ရိပ် ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်၏။ အန္တရာယ်အငွေ့အသက်တွေ တလှုလှု လွင့်လာနေပြီ။ သတိထိန်းလိုက်သည်နှင့် လူက လိုချင်သောပုံစံကို အံဝင်ခွင်ကျဖြစ်သွားရကာ . . .

"အခုလို လျှော်ဖွတ်၊ မီးပူထိုးပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူမက နှစ်လိုဖွယ်ကောင်းအောင် ပြုံးရင်း . . .

"ရပါတယ် ကိစ္စမရှိပါဘူး။ ကျွန်မကသာ ရှင့်ကို ကျေးဇူးတင်ရမှာပါ"

"ဘာအတွက်လဲ"

သူမက ပြန်မပြော။ လက်တွင်ပတ်ထားသော အကောင်းစားနာရီကို ငုံ့ကြည့်ကာ လူတစ်ယောက်ကို သိမ်းပိုက်နိုင်လောက်သည့် နှုတ်ခမ်းနှစ်လွှာကို ခပ်ဖွဖွကိုက်ရင်း . . .

"ဗိုက်တောင်ဆာလာပြီ။ အင်းယားမှာ ရခိုင်မုန့်တီ သွားသောက်ရအောင်"

"ဗျာ . . ."

ဖြုန်းစားကြီးမို့ သူကြောင်သွား၏။ သူ့ပုံစံကိုကြည့်ကာ သူမက ပုရိသတိုင်းကို သိမ်းပိုက်နေကျ နှင်းဆီရောင်အပြုံးနှင့် . . .

"ဩော် . . . ရှင် အချိန်ရရင် အင်းယားမှာ မုန့်တီသွားသောက်ဖို့ ဖိတ်ခေါ်တာပါ"

ပုံစံက သူမ ဖိတ်ခေါ်ရင် ဘယ်ယောကျ်ားမှ ငြင်းမှာမဟုတ်ဟု တစ်ဖက်သတ် အထင်ကြီးနေသောပုံစံ။ စစ်ရိပ် သူမကို စိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက်သည်။

ခက်ပါရဲ့ . . . ဒီမိန်းမ ဘာကြောင့်များ ကိုယ့်ကိုယ်ကိုယ် အဲလောက် အထင်ကြီးနေရတာလဲ။ တစ်ဆက်တည်း ဆိုသလိုပင် တစ်ချိန်က ကြားဖူးခဲ့သော စကားအချို့ နားထဲမှာ ပြန်ကြားယောင်လာသည်။ ဝါရင့်ကျောင်းသားဟောင်းကြီး ကဗျာဆရာ 'မိုးရေ' ပြောဖူးခဲ့သော စကားများ။

"သူ့ကိုစိတ်ဝင်စားလို့ ကပ်လာသမျှ လူတိုင်းကို ကောင်းကောင်း ပညာပေးတတ်တယ်။ သူ့ဘက်ကစပြီး စိတ်ဝင်စားရင်တော့ အင်းယားမှာ ရခိုင်မုန့်တီသောက်ဖို့ ဖိတ်ခေါ်တတ်တယ်"



ရင်တွင်၌ လျှို့ဝှက်စွာ ပြုံးမိသွားသည်။ ဒါဟာ သူ့ကိုသွေးဆောင်မို့ ကြိုးစားလိုက်တာလား။ ဒီတစ်ယောက်ကိုတော့ လူစားထိုး၍ မဖြစ်နိုင်တော့ပါ။ သူကိုယ်တိုင်ပင် ကိုင်တွယ်ဖြေရှင်းမှ ဖြစ်တော့မည်။ မင်း ငါ့ကို ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ဖိတ်ခေါ်လိုက်တာလဲ . . . မိန်းကလေး။

"မုန်းမမရေ . . . မင်းနဲ့ငါ တွေ့ကြပြီပေါ့"

စစ်ရိပ် 'ဟက်' ခနဲ တစ်ချက်ရယ်ကာ . . .

"ကောင်းပြီလေ . . . သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

# XIX

အင်းယားရေပြင်က ကြည်လင်ငြိမ်သက်နေသည်။ ဈေးဆိုင်တန်းနှင့် ခပ်ဝေးဝေးမှာ ရေဝမ်းဘဲနှစ်ကောင် ကူးလူးပြေးလွှားနေ၏။ မနက်ခင်းပင် ရှိသေးပေမဲ့ ဝီရိယကောင်းသူတွေကတော့ ခုံတန်းလျားတွေပေါ် ရောက်လို့နေပါပြီ။ တချို့လည်း ထီးကိုယ်စီဆောင်းကာ ကန်ပေါင် ဟိုဘက်ဒီဘက် လမ်းသလားနေကြ၏။

သူတို့နှစ်ဦးကတော့ ရေကန်စပ် စားပွဲတစ်လုံးတွင် ထိုင်ကာ တိတ်ဆိတ်လျက်ရှိနေသည်။ စားပွဲပေါ်မှာက ကော်ဖီတစ်ခွက်၊ ဆေးလိပ်တစ်ပွဲနှင့် ရခိုင်မုန့်တီ တစ်ပန်းကန်၊ မုန်းမမမှာ မုန့်တီကို ဟုတ်တိပတ်တိ စားသည်မဟုတ်။ ဖွန်းကို မလွှတ်တမ်းကိုင်ရင်း အကြောင်းမဲ့ မွှေနေသည်။

သူကတော့ ကန်ရေပြင်ကိုသာ ငေးနေမိ၏။ ထိုစဉ်မှာပင် မုန့်တီပန်..ကန်ကို အကြောင်းမဲ့ မွှေနေရာမှ မုန်းမမ စကားစလာသည်။

"ရှင့်ကို အများကြီး ကျေးဇူးတင်ပါတယ်"

ကန်ရေပြင်ကို ငေးနေရာမှ မုန်းမမကို လှမ်းကြည့်ကာ . . .

"ဘာအတွက်လဲ"



"ကျွန်မကိုကူညီခဲ့လို့။ တကယ်တော့ ရှင်လုပ်ခဲ့တာမဟုတ်မှန်း ကျွန်မ သိပါတယ်။ ရှင်နဲ့အတူပါလာတဲ့ ဝဝနဲ့တစ်ယောက် လှမ်းပစ်လိုက်တာ"

စစ်ရိပ် ထိုစကားကိုကြားတော့ အံ့သြသွား၏။ ထို့ကြောင့် . .

"သိရဲ့သားနဲ့ ဘာလို့ ကျွန်တော့်ကို ပြဿနာလာရှာတာလဲ"

သူ့အမေးကြောင့် မုန်းမမမျက်နှာမှာ အားနာသိုဝ်တို့ ပေါ်သွားကာ . . .

"အဲဒါက ဒီလိုပါ။ ကျွန်မရောက်တဲ့အချိန်မှာ ရှင့်ဘေးနားက လူ မရှိတော့ဘူးလေ။ ပြီးတော့ လူတွေအများကြီးလည်း ဝိုင်းကြည့်နေကြပြီ။ ကျွန်မ အင်္ကျီမှာလည်း မဆလာတွေနဲ့။ အဲတော့ ကျွန်မလည်း ရှက်ရှက်နဲ့ လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပါ။ ကျွန်မ တကယ်တောင်းပန်ပါတယ်။ ရှင့်ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်"

ထိုကဲ့သို့ ရိုးရိုးသားသား တောင်းပန်တော့လည်း စိတ်ဆိုးရန် မသင့်တော့ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကိုတော့ ကူညီရန် သင့်သည်ပဲ။

"အရင်နေ့တွေက ရှင့်ကို ကျွန်မ လာရှာပါသေးတယ်။ ဒီနေ့လည်း ကျောင်းရောက်တာနဲ့ ရှင် ရှိ မရှိ အခန်းကို လာကြည့်တာပါ။ မတွေ့လို့ ပြန်မို့ပြင်တော့မှ ရှင် အဆောင်ထဲဝင်လာတာကို မြင်တာ"

"အင်္ကျီပြန်ပေးဖို့ပေါ့"

"အခုလို ကျေးဇူးတင်စကားပြောချင်တာလည်း ပါပါတယ်"

စစ်ရိပ် နှုတ်ခမ်းကို တစ်ချက်မဲ့ရင်း မှာထားသော ဆေးလိပ်ပွဲကို လက်လှမ်းတော့ . . .

"ဖြစ်နိုင်ရင် ဆေးလိပ်မသောက်ပါနဲ့လား။ ကျွန်မ ဆေးလိပ်နံ့ မခံနိုင်လို့"

ပခုံးကို ဟန်ပါပါတွန့်မိ၏။ ပြီး ဘူးထဲမှ ဆေးလိပ်တစ်လိပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ကာ နှုတ်ခမ်းမှာတေ့ရင်း မီးညှိသည်။ သူ့လုပ်ကိုင်ပုံတွေကို မုန်းမမတ အကြောင်းသားဖြစ်ကာ ကြည့်နေတော့ . . .

"အဲဒါဆိုလည်း မင်း ဝိုင်းပြောင်းထိုင်လိုက်လေ။ ငါကတော့ ဆော်ပီးသောက်ရင် ဆေးလိပ်ပါမှရတယ်။ မဟုတ်ရင် တစ်ခုခုလိုနေသလို ခံစားရလို့"

ပြောပြောဆိုဆို ဆေးလိပ်ကို ရှိုက်သွင်းရင်း မီးခိုးတွေ မှုတ်ထုတ်တော့ . . .

"ရှင်ကတော့လေ"

တိုးတိုးဆိုရင်း သူ့ကို နှုတ်ခမ်းကိုက်ကာ ကြည့်သည်။ စစ်ရိပ် ထိုအကြည့်၏ အဓိပ္ပာယ်ကို သဘောပေါက်လိုက်ပါသည်။ ကောင်မလေးရေ . . . မင်း တိုးဝင်လာပုံက ပေါ်တင်ကြီးပါလား။ သူ ကြားဖူးခဲ့သော မုန်းမမမှ ဟုတ်ပါလေစ။

"ရှင် ဘယ်မှာနေတာလဲ"

"ကျောင်းနားက အဆောင်တစ်ဆောင်မှာ"

"ဒါဆို ရှင်က နယ်ကပေါ့"

သူ ခေါင်းညိတ်ပြတော့ . . .

"ဘယ်နယ်ကလဲ"

သူ့ရဲ့ မွေးရပ်မြေ တောင်ပေါ်မြို့လေးကို ပြောပြတော့ သူမ မျက်လုံးလေးဝိုင်းအောင် အံ့သြသွားပါသည်။ အခြေအနေအရပ်ရပ်ကို သတိမပြတ်ရှိနေသူမို့ သူမပုံစံပြောင်းသွားတာ စစ်ရိပ် သတိထားမိလိုက်သည်။ ထို့ကြောင့် မေးခွန်းတစ်ခုကို ကောက်ခါငင်ခါ မေးလိုက်၏။

"မင်း ရောက်ဖူးလို့လား"

သူမက သွက်သွက်လက်လက်ပင် . . .

"ရောက်ဖူးတာပေါ့။ အေးချမ်းပြီး အရမ်းပျော်စရာကောင်းတဲ့ မြို့လေးပဲ။ ရှင် အဲဒီကို မပြန်ဘူးလား"

စစ်ရိပ် ခေါင်းကို ခပ်လေးလေးယမ်းကာ . . .



"မပြန်ဖြစ်သေးဘူး။ လူတစ်ယောက်ကိုတွေ့မှ ပြန်မယ်လို့ ဆုံးဖြတ်ထားလို့"

ဒုတိယအကြိမ်မြောက် မျက်လုံးလေး ဝိုင်းသွားသည်။ ပြီး သူ့မျက်နှာကို အကဲခတ်သလို လှမ်းကြည့်ရင်း . . .

"ရှင် ဘယ်သူ့ကို ရှာနေတာလဲ"

"မိန်းကလေးတစ်ယောက်။ လွန်ခဲ့တဲ့ New Year ညက ငါ့ရဲ့ ဇာတိတောင်ပေါ်မြို့လေးမှာ ဆုံခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို လိုက်ရှာနေတာ"

"ရှင် . . . "

သူမ နှုတ်မှ ထွက်လာသည်ကား အာမေဍိတ်သံတိုးတိုး။ နောက်ပြီး သူမမျက်နှာမှာ အရောင်မျိုးစုံ ဖြတ်ပြေးကာသွား၏။ စစ်ရိပ် အခြေအနေကို အကဲခတ်ရင်း စကားကို ဆက်လိုက်သည်။

"ငါတို့ရပ်ကွက်အစွန် တောင်ကုန်းလေးပေါ်မှာ ခြံကျယ်ကြီးတစ်ခြံရှိတယ်။ အဲဒီမှာ ပိုင်ရှင်လင်မယားနှစ်ယောက်ပဲနေတယ်။ ငါတို့ ဟိုးငယ်ငယ်လေးကတည်းက New Year ညတွေဆို အဲဒီခြံကြီးထဲမှာ သွားကစားနေကျပေါ့။ လွန်ခဲ့တဲ့နှစ်က သွားကစားရင်း အဲဒီမှာ မိန်းကလေးတစ်ယောက်နဲ့ ဆုံခဲ့တယ်။ ဒါပေမဲ့ သူဘယ်သူဆိုတာ ငါမသိခဲ့ဘူး"

သူ့စကားတို့အား မုန်းမမ စိတ်ဝင်တစား နားထောင်နေသည်ကို တွေ့ရ၏။ ပြီး သူ့ကိုလည်း တအံ့တသြကြည့်နေသည်။

"မျက်လုံးမှာ အဝတ်စည်းထားတဲ့အတွက် သူ့ကို ငါမမြင်ရဘူး။ သူကလည်း ငါ့ကိုမြင်ရမှာမဟုတ်ဘူး။ ကစားနည်းစည်းကမ်းအရ နှစ်ယောက်လုံးရဲ့မျက်လုံးကို အဝတ်စည်းထားရတယ်။ ပြီးတော့ အဲဒီအဝတ်ကိုလည်း သတ်မှတ်ချိန်မရောက်မချင်း မဖယ်ရဘူး။ သူနဲ့ငါ တစ်ယောက်ကိုတစ်ယောက် မသိပါဘဲ အဲဒီညက စကားတွေအများကြီး ပြောဖြစ်ကြတယ်။ ပြီးတော့ သတ်မှတ်ချိန်မရောက်ခင် သူက ထပြန်သွား



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ **အဲဒီအချိန်တစ်ပြီး** ငါ သူ့ကို တွေ့လိမ့်နိုးနိုးနဲ့ ရှာနေခဲ့တာ အခု ထိပဲ"

**မုန်းမမ** စကားမပြောနိုင်တော့ပါ။ သူ့ကိုသာ အမိပွာယ်ပေါင်း များစွာနှင့် ကြည့်နေသည်။ နှုတ်ခမ်းများပင် တဆတ်ဆတ်တုန်နေသလို၊ **မုန်းမမက** နှုတ်ခမ်းကိုကိုက်ရင်း အားယူကာ ပြောသည်။

"ရှင် သူ့ဆီက ဘာမှမသိခဲ့ရဘူးလား။ ဥပမာ သူ့ရုပ်ရည်၊ **နေရပ်**လိပ်စာ၊ ဖုန်းနံပါတ် ဒါမှမဟုတ် ဆက်သွယ်လို့ရမဲ့ တစ်ခုခုပေါ့"

စစ်ရိုပ် သက်ပြင်းကိုချကာ ခေါင်းယမ်းသည်။

"ဟင့်အင်း . . .သူ့နာမည်ကလွဲပြီး ကျန်တာ ဘာတစ်ခုမှ ငါ မသိခဲ့ဘူး"

မုန်းမမခန္ဓာကိုယ် ဆတ်ခနဲတုန်သွားကြောင်း သတိထားမိလိုက် သည်။ ပြီး အလျှင်စလိုဖြင့် . . .

"ဘယ်သူလဲ၊ သူ့နာမည်က ဘယ်လိုခေါ်လဲ"

"ဂျိယာ . . . "

မုန်းမမ မျက်မှောင်ကြုတ်သွားပါသည်။ ပြီးတော့ . . .

"အခုရော သူ့ကို တွေ့ပြီလား"

"တွေ့ပြီ။ ဒါပေမဲ့ လူကိုတော့မဟုတ်ဘူး။ နာမည်ကိုတွေ့တာ။ ဒါနဲ့ မင်း Internet သုံးလား"

သူမ ခေါင်းညိတ်ရမလို၊ ခေါင်းခါရမလို ဝေခွဲမရဖြစ်သွား၏။ စစ်ရိုပ် မသိကျိုးကျွံပြုရင်း စကားကိုဆက်တော့ . . .

"online ရဲ့ ပုဂ္ဂိုလ်ရေး ကြော်ငြာကဏ္ဍမှာ သူ့နာမည်ကို ငါ တွေ့ထားတယ်။ နည်းနည်းတော့ ဆန်းတယ်ကွ။ သူ့ကို လက်ထပ်ချင် သူတွေက မေးခွန်း (၅) ခု ဖြေပေးရမယ်တဲ့"

"အဲဒီတော့ . . ."

"ငါ (၃) ခု ဖြေပြီးသွားပြီ"



# XX

"ရှင့်ကို ကျွန်မ မှတ်မိပြီ"

(GA)

"အစတုန်းက မသိဘူးဆို"

(SY)

"သြော် . . . ဒါကတော့ရှင် . . . ကျွန်မက မိန်းကလေးပဲ။ ရှက်နေတော့ ထိန်းရသေးတာပေါ့။ တော်ကြာ ရှင်မဟုတ်ဘဲနဲ့ တခြား တစ်ယောက်က ကျွန်မကို အကြောင်းလာရိုက်ရင် ဘယ်လိုလုပ်မလဲ"

(GA)

မင်းဇင်နှင့် ဖြိုးသစ်ထွန်းတို့နှစ်ဦးမှာ ဘယ်လိုလဲဟုသည့်သဘော သူ့ကို မေးဆတ်ပြကြပါသည်။ စစ်ရိုပ် ခေါင်းပြန်ညိတ်ရင်း ဆက်ရိုက် လိုက်၏။

"အခုရော . . . ငါ့ကို ဘယ်လိုလုပ် မှတ်မိသွားတာလဲ"

(SY)

"သြော် . . . ဒါကတော့ ရှင်ပြောထားတဲ့ အကြောင်းအရာ တွေပေါ် မူတည်ပြီး လက်ခံလိုက်တာပေါ့"

**(GA)**



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို လွန်ခဲ့တဲ့ New Year ညက မင်းနဲ့ ဆုံခဲ့တဲ့လူဟာ ငါ ဆိုတာ သေချာတယ်ပေါ့"

(SY)

"ရှင့်အဖြေတွေက သက်သေပဲလေ။ ဒါနဲ့ နေပါဦး။ ရှင်ကရော ကျွန်မကို ဘာကိစ္စလိုက်ရှာနေတာလဲ"

(GA)

စစ်ရိုပ် အနည်းငယ် စဉ်းစားလိုက်သည်။ အမှန်အတိုင်းပဲ ဖြေရမလား။ ဒါမှမဟုတ် အဆင်ပြေတာ တစ်ခုခုပဲ ပေါ့ပေါ့ပါးပါးပေးလိုက်ရမလား။ နောက်ဆုံးတော့ မထူးတော့ပြီမို့ အမှန်အတိုင်းပဲ ရိုက်ထည့်လိုက်ပါသည်။

"မင်းကို စိတ်ဝင်စားလို့"

(SY)

"ဟုတ်ရဲ့လား . . . ။ ရှင်နဲ့ကျွန်မက ရုပ်လည်း မြင်ဖူးထားတာ မဟုတ်ဘူး။ တစ်ယောက်အကြောင်းတစ်ယောက်လည်း သိတာမဟုတ်ဘူး။ ဆုံခဲ့တဲ့အချိန်ကလည်း ခဏလေး။ ဒီအချိန်ပိုင်းလေးလောက်နဲ့ အသံပဲကြားခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်သွားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ မယုံနိုင်စရာပဲ"

(GA)

"စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာအတွက် စကားတစ်ခွန်းကလည်း လုံလောက်ပါတယ်။ ရယ်သံတစ်ချက်ကလည်း လုံလောက်ပါတယ်။ ဒါမှမဟုတ် အသက်ရှူသံနွေးနွေးလေး ခံစားရရုံနဲ့လည်း ပြီးပြည့်စုံပါတယ်"

(SY)

"သေချာပြီလား"

(GA)



"လွန်ခဲ့တဲ့ နှစ်ကတည်းကပါ"

(SY)

ပြီးသွားလေပြီ။ သူ့စကားတွေ တော်တော်ထိရောက်သွားသည် ထင်၏။ တစ်ဖက်မှ စာပြင်ဆက်မလာတော့။ ထို့ကြောင့် သူ့ဘက်က ပင် နောက်ထပ် စစ်ဆင်ရေးတစ်ခုကို စတင်လိုက်သည်။

"ဒါပေမဲ့ မင်းကို တစ်ခုမေးချင်တယ်။ အဲဒီညတုန်းက အချိန်မစေ့ခင် မင်း ဘာကြောင့် ပြန်သွားတာလဲ"

(SY)

"ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့် အိမ်ပြန်သွားတာပါ"

(GA)

ကိုယ်ရေးကိုယ်တာဆိုသည်ကြောင့် စစ်ရိုပ် ဆက်မေးရန် မသင့်တော့။ ဒါပေမဲ့ လိုအပ်တာကိုတော့ မေးခွန်း ထပ်ထုတ်ကြည့်သည်။

"မင်းပြန်သွားတော့ မင်းထိုင်ခဲ့တဲ့နေရာမှာ ပစ္စည်းလေးတစ်ခု ကျနေခဲ့တယ်။ အဲဒါ ဘာလဲ သိလား"

(SY)

တစ်ဖက်မှ အတန်ကြာ တိတ်ဆိတ်သွားပါသည်။ စစ်ရိုပ် ရင်ခုန်စွာဖြင့် တက်လာမည့်စာကို စောင့်ကြည့်မိသည်။ မင်းဇင်နှင့် ဖြိုးသစ်ထွန်းမှာလည်း သူ့အတိုင်း . . .

"ခစ် . . . ခစ် . . . ခစ် . . . ဘာလဲ၊ ရှင်က ကျွန်မကို မယုံလို့ ပြန်စမ်းသပ်တာလား။ သိပ်သိတာပေါ့ရှင် . . . ကျကျန်သွားတာ ကျွန်မရဲ့ နားကွင်းလေးတစ်ဖက်ပေါ့"

(GA)

"ဟင် . . ."

"ဟာ . . ."

မင်းဇင်နှင့် ဖြိုးသစ်ထွန်းတို့ဆီမှ ထွက်လာသောအသံ။ သူကတော့ တက်လာသောအဖြေကို ကြည့်ရင်း မျက်မှောင်ကြုတ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကိုလည်း ကျွန်မ မေးရပါဦးမယ်။ online မှာ ကြော်ငြာထားတဲ့ ဂျီယာတာ ကျွန်မမှန်း ဘယ်လိုလုပ်သိလဲ"

(GA)

"မင်း နာမည်ကို သိထားတယ်လေ"

(SY)

"နာမည်တူတာဆိုရင် ဘယ်လိုလုပ်မလဲ"

(GA)

"အဟင်း . . . ဟင်း . . . မင်းလည်း ငါ့ကိုစမ်းတာပေါ့။ နာမည်တူတာ မဟုတ်ပါဘူးကွာ။ မင်းမှမင်း အစစ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီညမှာ ငါတို့ပြောခဲ့တဲ့ စကားတွေနဲ့ အခုမင်းမေးထားတဲ့ မေးခွန်းတွေနဲ့က တော်တော်များများ တူနေတယ်လေ"

(SY)

"သြော် . . . သြော် . . . ဒါကြောင့်ကိုး"

(GA)

"ကဲ . . . အဲဒါတွေ ထားလိုက်ပါတော့။ ငါတို့နှစ်ယောက် ပြန်ဆုံပြီဆိုတော့ အပြင်မှာ ဘယ်တော့တွေ့ကြမလဲ"

(SY)

"ဟိုး . . . ဟိုး . . . ဆရာကြီး မလောနဲ့လေ။ စာမေးပွဲမှ ရှင် မအောင်သေးဘဲ။ စည်းမျဉ်းအရ မေးခွန်း (၅) ခုလုံး ဖြေနိုင်မှ ဂျီယာနဲ့ တွေ့ရမှာ။ ရှင်ဖြေဖို့ (၂) ခုကျန်သေးတယ်"

(GA)

စစ်ရိပ် သက်ပြင်းကို ချလိုက်၏။ ဒီကောင်မလေး တကယ် မလွယ်ပါလား။ ထို့ကြောင့် . . .

"ကောင်းပြီလေ . . . ဖြေဆိုတော့လည်း ဖြေရတာပေါ့"

(SY)

"နံပါတ်ဘယ်လောက်လဲ"

(GA)



"(5)"

(SY)

"OK . . . စောင့်နေမယ်"

(GA)

စစ်ရိပ် နှုတ်ခမ်းကိုကိုက်ရင်း တစ်ခါက ဖြေထားဖူးသော အဖြေကိုပဲ ပြန်ရေးပေးလိုက်သည်။

"နံပါတ် (5) မေးခွန်းကို ဖြေရရင်တော့ ချစ်သူအပေါ်မှာ ငါ အများကြီး မျှော်လင့်မထားပါဘူး . . . တစ်ခုပဲ"

(SY)

"ဘာလဲ . . ."

(GA)

"ငါ့ကို တစ်သက်လုံး ချစ်နေဖို့"

(SY)

ပြီးတော့ စိတ်ထဲမှလည်း စကားတိုးတိုးဆိုမိသည်။ မင်းသာ တကယ်ဂျီယာဖြစ်မယ်ဆိုရင် အခုလောက်ဆို ငါ့အချစ်တွေကို နားလည်သင့်ပါပြီ . . . ကောင်မလေးရယ်။

ထို့နောက်တော့ စစ်ရိပ်လက်ချောင်းတွေ နှလုံးသားတစ်ခုကို ချိန် ရွယ်ပစ်လွှတ်လိုက်တော့၏။

"ကဲ . . . မေးခွန်းအားလုံး ဖြေပြီးပြီဆိုတော့ တွေ့ဖို့အချိန်ကိုသာ ပြောတော့"

(SY)

"အဲ . . . လူလည်မကျနဲ့။ ဖြေဖို့တစ်ခု ကျန်သေးတယ်လေ။ နံပါတ်(1) မေးခွန်း၊ ရှင် ကျွန်မကို အကြောင်းရေ (၁၀၀) ပါတဲ့ စာစီစာ ရှည်တစ်ပုဒ် စပ်ပြရဦးမယ်"

(GA)



www.burmeseclassic.com

www.burmeseclassic.com

"အိုး . . . အိုး . . . မင်းက တကယ်သတိမေ့လွယ်တဲ့ မိန်းကလေးပဲကွ။ ငါတို့ဆုံခဲ့တဲ့ New Year ညက မင်းကို အဲဒီကဗျာရှည် ရွတ်ပြပြီးသားလေ။ မေ့သွားပြီလား"

(SY)

"မရဘူး . . . အခု ထပ်ရေးပြရမယ်"

(GA)

"မင်းကတော့ ကွိုင်ပဲ။ အဲဒီကဗျာရှည်ကြီးကို စာနဲ့ရေးပြရင် မိုးလင်းသွားလိမ့်မယ်။ ဒီလိုလုပ်၊ တွေ့တဲ့နေ့မှ နောက်တစ်ခေါက် ထပ်ရွတ်ပြမယ်။ ဘယ်လိုလဲ"

(SY)

တော်တော်ကြာသွား၏။ လက်ခံရန် သင့်မသင့် စဉ်းစားနေဟန်တူပါသည်။ စစ်ရိပ်မှာတော့ ရင်တထိတ်ထိတ်။ Yes (or) No ကို နှလုံးပေါက်မတတ် စောင့်စားလျက်။

ကြာသည်ဆိုတာထက် ပိုကြာသွားပြီးကာမှ စာတစ်ကြောင်း ရောက်လာသည်။

သူ စောင့်နေသော အဖြေပါပဲ။

"Saturday (10:00) PM . . . (. . . . .) coffee shop"

ရောက်လာသောစာကို ကြည့်ရင်း မင်းဇင်က တိုးတိုးမှတ်ချက်ပြုသည်။

"တကယ်ပဲ မုန်းမမက မင်းရဲ့ဂျီယာ ဖြစ်နေမလားမသိဘူး"

ဖြိုးသစ်ထွန်းကလည်း တစ်ခွန်း ဝင်ပြော၏။

"စစ်ရိပ် . . . သူမှာတော့ နားပေါက်လည်းပါတယ်။ နားရွက်လည်း ပန်တတ်တယ်နော်"



## XXI

တကယ်တော့ အချစ်သည် ကြိုတင်မထင်မှတ်ထားမှုတွေဖြင့် လှလှပပ လွဲချော်မှားယွင်းတတ်သော အဖြူရောင်နယ်ရုပ်တစ်ရုပ် ဖြစ်ပါသည်။ အချစ်ကိုတိုက်စစ်ဖွင့် တိုက်စရာမလို ခံစစ်ဦးစားပေးကစားရန်လည်း မသင့်။ တစ်ဦးအမှားကို တစ်ဦးကချောင်းပြီး အလဲထိုးစားပစ်ရန်လည်း မလိုပါ။

မှားယွင်းမှုနောက်ကို အသာမျှောလိုက်ရုံဖြင့် အမှန်ကို ပြန်ရှာတွေ့နိုင်သော ခပ်ညံ့ညံ့သီအိုရီတွေဖြင့် ဖြစ်တည်နေသော အရာသည် အချစ်ဖြစ်သည်။

တကယ်တော့ သူ့ကို ရှေ့တိုးဖို့ နေရာလဲပေးသူမှာ မုန်းမမပင် ဖြစ်၏။ တစ်လနေလို့ အင်းယားကန်ပေါင်ကို တစ်ခါမရောက်သော သူသည် မုန်းမမ ကောင်းမှုဖြင့် နှစ်ရက်ဆက်တိုက် ရောက်လာရ၏။ ဒီနေ့လည်း အခန်းရှေ့တိုင်အောင် လာရောက်ခေါ်ငင်သည်က တစ်ကြောင်း၊ သူကိုယ်တိုင်ကလည်း ဘုရင်မတစ်ပါး၏ ခြေ့ကွက်အမှားကို စောင့်ကြည့်ချင်တာက တစ်ကြောင်းတို့ကြောင့် လိုက်ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလာသည် နေ့တနင့် ဘာမှမကွာပဲ သူ့အလှနှင့်သူ ရှိနေသည်။ ဓာတ်တင်ဘာ ရက်စွဲနှင့်အညီ ကန်ရေပြင်ပေါ် မိုးပေါက်မိုးမှုန်တွေ တဖွဲဖွဲကျဆင်းနေ၏။ ထီးဝိုင်းလေးတစ်ခုအောက်မှာ ဘုရင်မတစ်ပါးနှင့် နယ်ရုပ်လေးတစ်ရုပ် စကားပြောနေသည်။

"ဒါဆို ရှင်တို့ မနက်ဖြန် တွေ့ကြတော့မှာပေါ့"

ခေါင်းညိတ်ပြတော့ သူမက ဝမ်းသာအားရပုံစံဖြင့် . . .

"ရှင် မပျော်ဘူးလား"

"ပျော်တာပေါ့။ တော်တော်လည်း အံ့သြတယ်"

"ဘာဖြစ်လို့လဲ"

"ငါ သူ့ကိုရှာနေတာ တစ်နှစ်ပြည့်တော့မယ်။ သတင်းအစအနလုံးဝမရခဲ့ဘူး။ တွေ့မဲ့တွေ့တော့လည်း လုံးဝထင်မှတ်မထားတဲ့ နေရာမှာ လာတွေ့တယ်။ online ရဲ့ ပုဂ္ဂိုလ်ရေးရာကြော်ငြာကဏ္ဍမှာ၊ သူ့ကို လက်ထပ်ချင်ရင် စာမေးပွဲဖြေရမယ်တဲ့။ အထူးအဆန်းပဲ"

"လူချင်းတွေ့ရင် ရှင် ပိုအံ့သြမယ်ထင်တယ်"

သူမက ရှေ့ရေးကို ကြိုမြင်သလိုမျိုး အဓိပ္ပာယ်ပါပါပြောသည်။ ပြီးတော့ . . .

"ဘာလို့ အဲလိုကြော်ငြာထားတယ်ဆိုတာကိုရော ရှင် မသိချင်ဘူးလား"

စစ်ရိုပ် မထုံတက်သေးပြုံးကာ . . .

"အဲဒါကိုတော့ လူချင်းတွေ့မှပဲ မေးတော့မယ်"

ထိုစကားကြောင့် သူမက ပခုံးကို ဟန်ပါပါတွန့်သည်။ ပြီးတော့ အပြုံးနှင့်အတူ ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ ဘာကြောင့်မှန်းမသိ။ ဒီနေ့ မုန်းမမပုံစံကြည့်ရတာ အရင်နေ့တွေထက် သွက်လက်ပေါ့ပါးနေသည်။

"ဒါနဲ့ . . . ဂျီယာဆိုတဲ့အဓိပ္ပာယ်ကိုရော ရှင်သိလား"

"သိတာပေါ့။ ဂျီယာ (GAEA)ဆိုတာ ပထမဦးဆုံးပေါ်ထွက်လာ



တဲ့ ကမ္ဘာမြေကြီးကို စောင့်ရှောက်တဲ့ နတ်မိမယ်တစ်ပါးရဲ့ နာမည်ပဲ"

"သြော် . . ."

ထို့နောက်မှာတော့ သူတို့နှစ်ဦး၏ ဆက်ဆံရေးသည် ပြယ်လွင့်ဆိတ်ငြိမ်ကာ သွားတော့၏။ တစ်ဦးနှင့်တစ်ဦး စကားမဆိုမိကြတော့။ မုန်းမမက ကန်ရေပြင်ကို အကြောင်းမဲ့ငေးနေကာ သူကတော့ ကန်ပေါင်မှ ခုံတန်းလျားလေးတွေကို တစ်ခုချင်း လိုက်ရေနေမိသည်။

အချိန်တစ်ခု ကြာသွားပြီးတော့ မုန်းမမက တိတ်ဆိတ်မှုကို မနှစ်မြို့သည်ထင်၏။ အိတ်ထဲမှ ဖုန်းကို တစ်ချက်ထုတ်ကြည့်ပြီး . . .

"ဆယ်နာရီတော်ကျော်နေပြီ၊ ကျောင်းထဲ ပြန်သွားရအောင်"

"ငါကတော့ ဒီမှာပဲ ဆက်ထိုင်နေတော့မယ်။ မင်းသွားချင် သွားလေ"

သူမစကား အပယ်ခံရသည့်အတွက် အောင့်သက်သက်အကြည့်တစ်ခု သူ့ထံ ရောက်လာသည်။ စစ်ရိုပ် မသိချင်ယောင်ဆောင်နေလိုက်သည်။

"ကောင်းပြီလေ"

ဟုဆိုကာ သူမ ထရပ်တော့ . . .

"သြော် . . . ဒါနဲ့ . . . မင်း ဖုန်းနံပါတ် ဘယ်လောက်လဲ"

ဘာလိုင်းကြီး လွဲသွားသောစကားကြောင့် သူမ ကြောင်တောင်တောင် ဖြစ်သွားသည်။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XXII

ကားပေါ်ကဆင်းတော့ သူမ ရင်တွေခုန်နေသည်။ ဒီနေ့သည် စနေနေ့။ စစ်ရိပ်နှင့်တွေ့ရန် ချိန်းဆိုထားသည့် နေ့၊ တွေ့ဆုံရန် အချိန် အနည်းငယ်လိုသေးပေမဲ့ ချိန်းဆိုရာနေရာကို သူမ ရောက်လာခဲ့ပြီ။

ကားကို ပါကင်တွင်ရပ်ကာ တံခါးကိုလော့ချပြီးတော့ Tower ကြီးတစ်ခုအတွင်းသို့ သူမ ဝင်လာခဲ့ပါသည်။ စစ်ရိပ်နှင့်တွေ့ဆုံရန် ချိန်းဆိုထားသော ဆိုင်သည် ထို Tower ကြီး၏ အပေါ်ဆုံးထပ်တွင် ဖွင့်ထားသော ကော်ဖီဆိုင်ဖြစ်သည်။

ဓာတ်လှေကားရှေ့ရောက်တော့ မအားသေးသည်မို့ ခဏစောင့်နေရသေး၏။ ဓာတ်လှေကားရောက်လာတော့ အတွင်းကိုဝင်ကာ အပေါ်ဆုံးထပ်ကို နှိပ်လိုက်သည်။ တအိအိ တရိပ်ရိပ်နှင့် ဓာတ်လှေကားက တစ်ထပ်ပြီးတစ်ထပ် တက်သွားပါသည်။

အထပ်နီးလာလေ၊ ရင်ခုန်လေ ဖြစ်လာရ၏။ သူ ရောက်များ ရောက်နေပြီလား။ သူမကို ဂျီယာအဖြစ်တွေ့ရလျှင်တော့ အံ့သြသွားမှာ သေချာသည်။ အခြေအနေပေးပါက မကြာမီမှာပင် သူနှင့်သူမ ချစ်သူတွေ ဖြစ်သွားလောက်သည်။ အတွေးနှင့်အတူ ရင်တွေခုန်နေမိ၏။



online မှာကတည်းက သူမကို စိတ်ဝင်စားကြောင်း စစ်ရိပ်ဖွင့်ပြောပြီးသားပင် မဟုတ်ပါလား။ အပေါ်ဆုံးထပ်ကိုရောက်တော့ ဆိုင်တွင်းမဝင်သေးပဲ Tiolet ကို အရင်ဝင်လိုက်၏။

မှန်ရှေ့မှာ အချိန်အတော်ကြာအောင် ကိုယ့်ကိုယ်ကိုယ်စစ်ဆေးမိပါသည်။ မျက်လုံး၊ မျက်ခုံး၊ မျက်တောင်၊ ပါးပေါ်တင်ထားသော မိတ်ကပ်၊ ခပ်ရဲရဲအရောင်တင်ထားသော နှုတ်ခမ်း၊ စိတ်တိုင်းကျ ပုံသွင်းလာသော ဆံပင်၊ ကိုယ်နေဟန်ထား၊ ပြောရန်စကားအချို့၊ ဆွဲဆောင်မှုရှိသောအကြည့်နှင့် ညို့ဓာတ်ပါသော ရယ်မောသံစတာတွေကို အချိန်ယူ စစ်ဆေးပြီးကာမှ ယုံကြည်မှုရှိသော ခြေလှမ်းတွေနှင့် ဆိုင်တွင်းဝင်လိုက်ပါသည်။

တံခါးဖွင့်ပေးသော waiter လေးမှအစ ဆိုင်တွင်းရှိ ပုရိသအားလုံးရဲ့အကြည့်တွေ သူမထံ စုပြုံရောက်လာသည်။ အဓိပ္ပာယ်မျိုးစုံပါသော မျက်ဝန်းတွေက သူမ လှမ်းသော ခြေလှမ်းတိုင်းလိုလိုမှာ ပါလာကြ၏။

နှုတ်ခမ်းကို တွန့်ကွေးရင်း လမ်းလျှောက်လျက်မှ တစ်ဆိုင်လုံးကို ဝေ့ဝဲအကဲခတ်လိုက်သည်။ စစ်ရိပ် ရောက်မနေသေးပါ။ ကိစ္စမရှိ။ ချိန်းထားချိန်ရောက်ဖို့ လိုနေသေးသည်။ ထို့ကြောင့် ပြင်ပရှုခင်းကို မြင်နိုင်လောက်သည့် စားပွဲတစ်လုံးကို ဦးတည်ကာ လျှောက်လှမ်းသွားလိုက်၏။

ယခုချိန်အထိ ပုရိသတို့ရဲ့ မျက်ဝန်းတွေ သူမနောက်မှာပါလာသေးကြောင်း အလိုလို ခံစားရသည်။ ဒီလောက်ဆိုလျှင်ဖြင့် ကိုယ့်ကိုယ်ကိုယ် စိတ်ချသွားလေပြီ။

ဒီအလှ၊ ဒီညို့ငင်မှုတွေရဲ့ ကွန်ယက်ကနေ ရှင် ဘယ်လောက်ထွက်ပြေးနိုင်မလဲ စစ်ရိပ်။

ဖြစ်နိုင်လျှင် နောက် ဆယ့်ငါးမိနစ်လောက်ကို ကျော်ကြည့်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စားပွဲမှာ ထိုင်ပြီးတော့ juiceတစ်ခွက် မှာလိုက်၏။

ဖုန်းကို ဖွင့်ကြည့်မိတော့-ဆယ်နာရီထိုးရန် ဆယ့်ငါးမိနစ်အလို။

တစ်ချက်ချင်း ပြေးနေသော ဂဏန်းတို့ကိုကြည့်ပြီး နှုတ်ခမ်းတို့ ဖိကိုက်ထားမိသည်။

ရင်တွင်းမှာ မွန်းကြပ်သလို၊ ဒါမှမဟုတ် နလုံးခုန်မြန်နေသလို။

တစ်စုံတစ်ရာအတွက် ဆန္ဒစောနေသလို။

သေချာတာကတော့ သူမ ရင်ခုန်နေ၏။



## XXIII

နာရီကိုကြည့်တော့ ဆယ်နာရီထိုးပြီး ငါးမိနစ်။

ဘယ်လိုဖြစ်တာလဲ။ ဒီအချိန်ဆို ချိန်းဆိုမှုတစ်ခုအတွက် ရောက်သင့်နေပါပြီ။ တစ်ဘဝလုံးနှင့်ပတ်သက်သော တွေ့ဆုံမှုတစ်ခုအတွက် အချိန်လေးစားဖို့တော့ ကောင်းသည်။ သူမ ရောက်နေတာပင် မိနစ်နှစ်ဆယ်ပြည့်ပြီ။ ယခုအချိန်ထိ စစ်ရိုပ် အရိပ်အယောင်ကို မမြင်ရသေး။

ဒါပေမဲ့လည်း ငါးမိနစ်လောက်စွန်းခြင်းသည် မပြောပလောက်သေးသည်မို့ ကော်ဖီ Juice သောက်ရင်းသာ ဆက်စောင့်နေလိုက်ပါသည်။

ဆယ်နာရီ ဆယ်မိနစ်။

သူမ ရင်ခုန်သံတွေ လှုပ်ရှားစပြုလာပြီဖြစ်သည်။ နေရာပဲ မှားနေတာလား။ သေချာရေးပေးလိုက်သည်မို့ မှားရန်မရှိပါ။ စစ်ရိုပ်လို လူတစ်ယောက်အတွက်လည်း ဤနေရာကို မလာတတ်စရာမရှိ၊ ဒါဆို ဘာလို့ မရောက်သေးတာလဲ။

ပြောတော့လည်း တစ်နှစ်လုံးလုံး ရှာခဲ့သည်တဲ့။ သူမကို [illegible] ဝင်စားပါသည်ဟုလည်း အတိအလင်း ပြောထားသည်။ ဒါကို [illegible] တွေ့ဆုံရာမှာ ဘာကြောင့် နောက်ကျနေရတာလဲ။ သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကလေးတန်မှဲ့ အစောကြီး ကြိုရောက်နေသေးသည်။ သူက ဘာကြော အချိန်မီ မလာရတာလဲ။

အကြောင်းတစ်စုံတစ်ရာကြောင့် နောက်ကျတာလား။ ဒါ မဟုတ် တမင်တကာ နောက်ကျခံနေတာလား။

စစ်ရိပ် . . . ရှင် ဘယ်လိုလူလဲ။

သူ ဖန်ခွက်ကိုင်ထားသော လက်တွေပင် အနည်းငယ် တုန် ရီလာသလို။ ကြိုလာခဲ့သမျှ ယောက်ျားလေးများအားလုံး သူမကို ထို ကဲ့သို့ မလုပ်ဖူး။ သူမကပင် အကြိမ်ကြိမ် ပညာပေးခဲ့တာများသည်။ ခုမှ . . .

နာရီတွေက အဆက်မပြတ် လည်ပတ်နေသည်။ လူက ငြိမ် နေပေမဲ့ အချိန်ကတော့ မငြိမ်ပါ။ မည်သူ့ကိုမျှ ဘက်မလိုက်၊ မျက်နှာ သာမပေးဘဲ သူ့အလုပ်သူ ဆက်လုပ်နေသည်။

ဆယ်နာရီ နှစ်ဆယ်။

သူမ နှုတ်ခမ်းကို ဖိကိုက်လိုက်ချိန်မှာ စားပွဲပေါ်တင်ထားသော ဖုန်းမှာ မြည်လာလေတော့သည်။ အံကိုကြိတ်ရင်း လှမ်းယူကြည့်တော့ မရင်းနှီးသော နံပါတ်တစ်ခု။ ဒါပေမဲ့ . . .

"ဟယ်လို . . ."

ဆောင့်ကြီးအောင့်ကြီး ထွက်သွားသော သူမ အသံနောက်မှာ–

"မင်း ဘာလို့ လိမ်ရတာလဲ"

အနိုက်အတန့်တော့ သူမကြောင်သွား၏။ ပြီးတော့မှ အသံကို ကျက်မိကာ . . .

"ရှင် ဘယ်သူလဲ"

"စစ်ရိပ် . . ."

တိကျသော နာမည်တစ်ခုကို ကြားလိုက်ရပြီးချိန်မှာတော့ သူမ တုန်လှုပ်သွားတော့သည်။ ဒါပေမဲ့ အသံကို တတ်နိုင်သမျှ ငြိမ်အောင် ထိန်းကာ . . .



"ရှင် ဘာတွေပြောနေတာလဲ။ ဘာလို့ နောက်ကျနေတာလဲ။ ကျွန်မ ရောက်နေတာ ကြာနေပြီ"

စစ်ရိပ် ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်ကာ . . .

"ဟား . . . ဟား . . . မင်းမရောက်ခင်ကတည်းက ငါရောက် နေတာပါကွာ။ မင်း ငါ့ကို ဘယ်လိုအကွက်တွေနဲ့ လှည့်စားဦးမလဲဆို တာ သိချင်လို့ စောင့်ကြည့်နေတာ"

"ဘာရှင့် . . ."

ဖုန်းထဲမှ သူမအသံကို ကျယ်လောင်စွာ ကြားရသည်။ ပြီးတော့ ဆက်ခနဲ မတ်တတ်ရပ်ကာ ဦးခေါင်းကို ဘယ်ညာဝှေ့ယမ်းရင်း . . .

"ဘယ်မှာလဲ . . . ရှင် ဘယ်နေရာမှာ ထိုင်နေတာလဲ"

"အဲလို လိုက်ကြည့်မနေနဲ့။ မင်း ငါ့ကို တွေ့ရမှာ မဟုတ်ဘူး။ အခုမှ ဖုန်းခေါ်ရတာလည်း တခြားကြောင့်မဟုတ်ပါဘူး။ ငါနဲ့ဆုံခဲ့တဲ့ တကယ့်ဂျိုယာအစစ်များ ထပ်ရောက်လာဦးမလား စောင့်ကြည့်နေတာ ပါ။ မိနစ်နှစ်ဆယ်ကျော်တာတောင် ထပ်ရောက်မလာတော့မှ မင်းကို ဖုန်းခေါ်လိုက်တာ"

သူမ ပြန်ထိုင်ကျသွား၏။ ပြီးတော့ ဖုန်းထဲမှာ ခပ်တိုးတိုးပြော သည်။

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မက ဂျိုယာလေ"

စစ်ရိပ် 'ဟက်' ခနဲ ရယ်လိုက်ကာ . . .

"ဟုတ်လား . . . တစ်ခုဆိုးတာက ငါဟာ ကိုအောင်မြတ်သူ တို့၊ ကိုဇင်မောင်ထိုက်တို့၊ စိုင်းပြည့်ဖြိုးသန့်တို့လို မဟုတ်တာပဲ။ ဒါနဲ့ မင်းကိုကြည့်ရတာ အကောင်းကြီးပဲ။ ကိုယ်အင်္ဂါတစ်ခုခုလည်း ချို့ယွင်း မနေပါဘူး။ ဘယ်လိုဖြစ်တာလဲ။ မင်းတို့သီအိုရီအရ ဒီလိုတွေ့တဲ့နေ့ တွေမှာ ကိုယ်အင်္ဂါချို့တဲ့ဟန်ဆောင်ရမှာလေ"

"ရှင် . . . ရှင် ဒါတွေကို . . ."

စစ်ရိပ် ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အံ့ဩသွားရင် တောင်းပန်ပါတယ်။ ငါ သူတို့နဲ့ တွေ့ပြီးသွားပါပြီ၊ မင်းတို့ ဘာကြောင့် အခုလို လုပ်ရတယ်ဆိုတဲ့ ရည်ရွက်ချက်ကို မသိသေးမဲ့ မင်းတို့ဟန်ဆောင်သမျှတွေကိုတော့ အားလုံးသိထားတယ်။

အဲဒါကြောင့်လည်း ချိန်းထားတဲ့နေရာကို အစောကြီးလာပြီး မင်း ဘယ်လိုဟန်ဆောင်မှုတွေနဲ့ ဝင်လာမလဲ စောင့်ကြည့်နေတာ"

" × × × × × "

"ဘယ်လိုလဲ . . . မှန်းမမ၊ ငါပြောတာတွေ မှန်ရဲ့လား"

သူမ စကားမဆိုနိုင်တော့ ဖုန်းကိုင်လျက် ကြက်သေသေသွားလေပြီ။

"အဲဒါတွေ ထားလိုက်ပါတော့။ ပြီးခဲ့တာတွေက ငါနဲ့မဆိုင်ပါပါဘူး။ အခု ငါနဲ့ ဆိုင်တာကိုပဲ မေးတော့မယ်။ လွန်ခဲ့တဲ့နှစ် New Year ညက ငါနဲ့ဆုံခဲ့တဲ့ ကောင်မလေးက မင်းပါလို့ ဘာကြောင့် လိမ်ရတာလဲ"

"မလိမ်ပါဘူး။ ရှင်နဲ့ဆုံခဲ့တာ ကျွန်မပဲလေ"

"လုံးဝမဟုတ်ဘူး"

"ရှင် ဘာနဲ့သက်သေပြမလဲ"

"တစ်အချက် ငါတို့ဆုံခဲ့တဲ့ ညက ကဗျာမရွတ်ခဲ့ဘူး။ အဲဒါကို မင်းမသိတော့ Chatting မှာ ငါပြောတာကို လက်ခံခဲ့တယ်။ နှစ်အချက်ကတော့ မင်းရဲ့အသံပဲ"

မှန်းမမ တိတ်ဆိတ်ကာသွား၏။ ဖုန်းကို နားနှင့်ကပ်ပြီး အသက်မဲ့သွားသလို . . .

"မင်း မတွေးမိလိုက်တာ ဂျီယာ့အသံကို ငါ နားနဲ့ဆတ်ဆတ်ကြားဖူးခဲ့တယ်ဆိုတဲ့ အချက်ပဲ။ အဲဒီတစ်ချက်တည်းနဲ့ မင်းနဲ့ဂျီယာဟာ လုံးဝ ကွဲလွဲသွားပြီ။ ငါ နားထောင်ဖူးခဲ့တဲ့ ဂျီယာ့အသံက မင်းနဲ့မတူဘူး။ မင်းလို ရုပ်ရည်ကြောင့်ဖြစ်တဲ့ မာနတွေ၊ အတိုင်းထက်အလွန် ကိုယ့်



ကိုယ်ကိုယ် ယုံကြည်ကိုးစားလွန်းမှုတွေ မပါဘူး။ အသံ colour ချင်းလည်း မတူဘူး။ ကဲ . . . မင်း ဘာပြင်းဦးမလဲ"

သူမ တိတ်၍တိတ်ကာ သွားပါတော့သည်။ ပြောစရာမရှိတော့ပါ။ နှုတ်ခမ်းကို ဖိကိုက်လိုက်မိ၏။ မျက်လုံးအိမ်မှာ အရည်ကြည်တချို့ ရစ်ဝဲလာသည်။ ရင်ခွင်၏ တစ်ထောင့်တစ်နေရာက ခံပြင်းနေသလို။ ဒါမှမဟုတ် ဝမ်းနည်းနေသလို . . .

တဆစ်ဆစ် နာကျင်နေသလို . . .

"မင်းကို နောက်ဆုံးအနေနဲ့ မေတ္တာရပ်ခံပါတယ်။ ငါနဲ့ဂျီယာကို တွေ့ခွင့်ပေးပါ။ ငါ သူ့ဆီကို သွားပါရစေ"

သူမ အံကိုကြိတ်လိုက်မိ၏။ မျက်ရည်တချို့ ပါးပြင်ပေါ် ဖြတ်စီးကျလာသည်။

"ရှင် . . . တကယ် သူ့ဆီသွားမလို့လား"

"အသေအချာပဲ"

"နောင်တရလိမ့်မယ်နော်"

စစ်ရိပ် ပြုံးလိုက်မိ၏။ ထိုအပြုံးက တစ်ဘဝစာ သေချာနေသည့်အပြုံး။

"စစ်မှန်တဲ့ နှလုံးသားတစ်ခုအတွက် နောင်တဆိုတာ မရှိဘူး"

ဝမ်းနည်းမှုကို အားတင်းထိန်းချုပ်ထားရပုံမျိုးနဲ့ စကားတချို့ထွက်လာသည် ။

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

သူမ မြင်ကွင်းမှပျောက်သွားသည်ကို အစအဆုံး ကြည့်နေလိုက်ပါသည်။ မုန်းမမ၏ ခြေလှမ်းတို့သည် ဝင်လာတုန်းကလို တက်ကြွမှု မရှိတော့။

မတတ်နိုင်ပါ။

အချစ်ဆိုသည်ကား မှားယွင်းမှုနောက်ကို မျောလိုက်ရုံဖြင့် အမှန်ကို ပြန်ရှာတွေ့နိုင်သော ခပ်ညံ့ညံ့ သီအိုရီတစ်ခုပင် မဟုတ်ပါလား။

စစ်ရိပ် အခန်းတွင်းမှ ထွက်လိုက်၏။

ခေတ္တခဏနေထိုင်ခွင့်ပေးသော ဆိုင်မန်နေဂျာကို ကျေးဇူးတင်စကားပြောရဦးမည်။ ပြီးတော့ ကားလက်မှတ်တစ်စောင် စီစဉ်ရမည်ဖြစ်၏။

နောက်တစ်ခုက ငှားထားသော ဖုန်းကိုလည်း ကိုအောင်မြတ်သူထံသို့ ပြန်ပေးရဦးမည်ဖြစ်ပါသည်။

ᨏ ᨏ ᨏ



နောက်တစ်ရက်ကြာပြီးသော် . . .



www.burmeseclassic.com

www.burmeseclassic.com

## XXIV

အဝေးပြေးကားကြီးတစ်စင်း၊ နယ်မြို့လေးတစ်မြို့၏ ဂိတ်တွင်း သို့ ဝင်လာလေသည်။ ကားရပ်ရပ်ချင်း ကားပေါ်မှ အရမ်းကာရော မျ ဆင်းသွားသူတစ်ယောက်ရှိ၏။

ထိုလူအား ကားပေါ်မှ လူတွေရော၊ ဂိတ်တွင်းမှ လူတွေက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။

သူကတော့ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ တစ်နေရာဆီသို့ ဦးတည် ၍ . . .

ᨀ ᨀ ᨀ



## XXV

စစ်ရိပ် ကိုယ့်မြို့ကိုယ့်ရွာ ပြန်ရောက်ပြီဖြစ်ပေမဲ့ မပျော်နိုင်အား ပါ၊ အိမ်သို့လည်း မသွားချင်သေး။ (အကြောင်းမကြားဘဲ ရောက်လာ သော သူ့ကိုတွေ့လျှင်တော့ အဖေနှင့်အမေ အကြီးအကျယ် အံ့အားသင့် နေလိမ့်မည်) သူငယ်ချင်းများရှိရာသို့လည်း မသွားချင်။

လောလောဆယ် လူတစ်ယောက်ကို အရမ်းတွေ့ချင်နေသည်။ သူသွားချင်နေသည်ကလည်း ထိုတစ်ယောက်ဆီသို့ပဲ ဖြစ်၏။ ထို့ကြောင့် သူ၏ခြေလှမ်းတို့ကို ခြံကြီးတစ်ခြံဆီသို့ ဦးတည်လိုက်ပါသည်။

ထိုခြံကြီးက သူတို့ရပ်ကွက်အစွန်း တောင်ကုန်းလေးပေါ်မှာ ရှိ နေသော ဧရာမခြံကျယ်ကြီး။

ခြေကို သွက်သွက်လှမ်းနေရာမှ ရန်ကုန်မှမထွက်ခင် ပြောလိုက် သောစကားတွေ နားတွင်းမှာ ပြန်လည်ကြားယောင်လာ၏။ သူတို့ တက္ကသိုလ်ကြီးတွင် အင်္ဂလိပ်စာ ဂုဏ်ထူးတန်းတက်၍ အချိန်ပိုင်းနည်းပြ တာဝန်ကို ထမ်းဆောင်နေသူ ဆရာမလေးချိုသာကိုယ်တိုင် မှာကြားလိုက် သောစကားတွေ။



www.burmeseclassic.com

www.burmeseclassic.com

"တကယ်တော့ ကျွန်မရယ်၊ မုန်းမမရယ်၊ ချမ်းမြေ့ရယ်၊ ပိုးပိုးရယ်ဟာ ညီမ ဝမ်းကွဲတွေပေါ့။ ပိုးပိုးရဲ့နာမည်အရင်းက ပိုးဥတဲ့။ ပိုးဥလေးဟာ အရမ်းသနားဖို့ကောင်းတာ။ ကျွန်မတို့ ညီအစ်မတွေထဲမှာ အငယ်ဆုံးနဲ့ သနားဖို့ အကောင်းဆုံးပဲ။ ပိုးဥက တစ်ဦးတည်းသော သမီး။

လွန်ခဲ့တဲ့နှစ် New Year ဝန်းကျင်က သူတို့မိသားစုသုံးဦး ဘုရားဖူးထွက်ကြတယ်လေ။ ဘုရားဖူးထွက်ရင်းနဲ့ ရှင့်ရဲ့ ဇာတိမြို့မှာ ခဏဝင်နားတာပဲ။ သူတို့နားခဲ့တဲ့အိမ်က ကျွန်မတို့ ဦးလေးလင်မယားရဲ့အိမ်လေ။ အဲဒီမှာ New Year ညနဲ့ ကြုံလို့ ပိုးပိုးက ရှင်တို့ကစားပွဲကို ဝင်ကစားတာ။ ဦးလေးလင်မယားရဲ့ ခြံကျယ်ကြီးထဲမှာ ကစားရင်း ရှင်နဲ့ ဆုံခဲ့တာပေါ့။

ကစားပွဲမပြီးခင် ပိုးပိုး ပြန်သွားရတဲ့အကြောင်းက သူတို့တွေ ညတွင်းချင်း ခရီးဆက်တာလေ။ ဒါပေမဲ့ ကံမကောင်းခဲ့ဘူး။ မိုးမလင်းခင်မှာပဲ ကားချင်းတိုက်မိပြီး ပိုးပိုးရဲ့မိဘနှစ်ပါး ဆုံးသွားတယ်။ ပိုးပိုးက အောက်ပိုင်းသေသွားတယ်"

"ဗျာ . . ."

"ဟုတ်တယ် . . . အဲဒီမှာ ဦးလေးလင်မယားက သားသမီးမရှိတော့ ပိုးပိုးကို ခေါ်ယူမွေးစားလိုက်တယ်။ ပိုးပိုးကလည်း စိတ်အားငယ်ပြီး ဒီကို လုံးဝပြန်မလာတော့ဘူး။ အောက်ပိုင်းသေသွားတော့ ကျောင်းလည်း ဆက်တက်လို့ မရတော့ဘူး။ သူကိုယ်တိုင်ကလည်း တက်ချင်စိတ် မရှိတော့ဘူး"

"အဲဒီတော့ . . ."

"online က ကိစ္စတွေက ပိုးပိုးအတွက် ကျွန်မတို့ ညီအစ်မသုံးယောက်ပေါင်းပြီး လုပ်ပေးကြတာပါ။ အဓိကကတော့ ပိုးပိုးရဲ့ နောင်ရေးအတွက်ပေါ့။ ပြီးတော့ ပိုးပိုးကို ဆေးကုပေးချင်တယ်။ ကျွန်မတို့ ဆရာဝန်တွေနဲ့ တိုင်ပင်ကြည့်ပြီးသွားပြီ။ ပိုးပိုးရဲ့ရောဂါဟာ အချိန်ယူဆေးကုရင် ပြန်ကောင်းလာနိုင်တယ်။



ဒါပေမဲ့ ပိုးပိုးကို ဆေးကုခံဖို့ လုံးဝပြောလို့မရဘူး။ အဲဒါကြောင့် ကျွန်မတို့တွေ ရှာဖွေရေးလုပ်ရတာပါ။ ပိုးပိုးကို တကယ်ချစ်မယ်၊ အနွံတာခံနိုင်မယ်။ ပိုးပိုးကလည်း ပြန်ချစ်လာမယ်ဆို သူ့စကားနားထောင်ပြီး ဆေးကုခံလာနိုင်တယ်လေ။ အဲဒါကြောင့် . . ."

ဇာတ်လမ်းတစ်ခုရဲ့ အတိမ်အနက်ကို စစ်ရိပ် လုံးဝ သဘောပေါက်သွားခဲ့သည်။

"ဒါဆို ကျွန်တော့်ရှေ့က အောင်ထားတဲ့လူတွေက"

"သူတို့တွေကတော့ ပိုးပိုးနဲ့ အဆင်မပြေနိုင်လို့ ကျွန်မတို့တွေ ဟန်ဆောင်ရှင်းထုတ်လိုက်တာပါ။ ရှင့်ကိုတော့ ကျွန်မညီမ မုန်းမမကိုယ်တိုင်ထောက်ခံလို့ အချိန်မီ အကြောင်းစုံ လာရှင်းပြတာ"

"သြော် . . ."

ဇာတ်ရည်လည်သွားပေပြီ။ ထိုခဏမှာတော့ . . .

"ကဲ . . . ကားလည်း ထွက်တော့မယ်။ ကျွန်မလည်း ပြန်လိုက်ဦးမယ်။ နောက်ဆုံးအနေနဲ့ တစ်ခုပဲမှာချင်ပါတယ်။ ကျွန်မညီမလေးကို စောင့်ရှောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com

# XXVI

"ဗျို့ . . . အိမ်ရှင်တို့ . . . အိမ်ရှင်တို့ . . ."

ခြံဝမှ သူ့ခေါ်သံကြောင့် အိမ်ထဲမှ တုံ့ပြန်သံတစ်ခု ထွက်လာသည်။

"ဘယ်သူလဲဟေ့ . . ."

"ကျွန်တော်ပါ"

သူ့စကားဆုံးတော့ အိမ်ထဲမှ လူကြီးတစ်ယောက် ခပ်သွက်သွက် ထွက်လာ၏။ မမှတ်မိဘဲ ဘယ်ရှိပါလိမ့်၊ ဦးဖိုးညိုပါ။ သူတို့ရဲ့ သက်ရင့်မြားနတ်မောင်ကြီး၊ ခြံတံခါးအနီးကိုရောက်တော့ ဦးဖိုးညိုက . . .

"မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော် ဦးထွန်းမင်း၊ ဒေါ်ခင်ဖြူဝင်းတို့ရဲ့သားပါ။ နာမည်က စစ်ရိပ်"

ဦးဖိုးညိုက သူ့ကို ခြေဆုံးခေါင်းဆုံး သေချာကြည့်၏။ ပြီးတော့ . . .

"လာရင်း ကိစ္စက . . ."

"ကျွန်တော့်ကို ချိုသာနဲ့ ချမ်းမြေ့တို့က လွှတ်လိုက်တာပါ"



"သြော် . . . တူမလေးတွေ လွှတ်လိုက်တာပဲ"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော ဒေါ်တင်တင်အေးက နောက်ဖက်မှ ဝင်ပြောသည်။ အကြောင်းစုံကို ဒေါ်တင်တင်အေး သိပြီးလောက်ပြီထင်၏။ ဒါပေမဲ့ ဦးဖိုးညိုကတော့ . . .

"ချိုသာတို့က သူ့ကို ဘာလုပ်ဖို့ လွှတ်လိုက်တာလဲ"

နားမလည်စွာ ဇနီးဖြစ်သူဘက်လှည့်မေးတော့ . . .

"ဂျီယာနဲ့တွေ့ဖို့ပါ"

"ဟေ . . ."

သူ့အပြောကြောင့် ဦးဖိုးညို မျက်မှောင်ကြုတ်သွားသည်။ ပြီးတော့ ဒေါ်တင်တင်အေးဘက်လှည့်ကာ 'ဘာလဲ' ဟူသည့်သဘော မေးငေါ့ပြ၏။ ဒေါ်တင်တင်အေးကတော့ သူ့ကို ပြုံးကာကြည့်ရင်း . . .

"ဝင်ခဲ့ပါကွယ် . . . မင်းကိုလည်း သမီးပိုးပိုးက စောင့်နေတာပါ"

ခြံတံခါးကြီးနှစ်ချပ် ပွင့်သွား၏။ သူ အတွင်းကိုဝင်လိုက်တော့ ဒေါ်တင်တင်အေးက တစ်နေရာကို လက်ညိုးညွှန်ပြရင်း . . .

"သမီးပိုးပိုး . . . ဟောဟိုက ချယ်ရီပင်ကြီးအောက်မှာ ထိုင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

# XXVII

တစ်ချိန်က သူတို့နှစ်ဦး စကားထိုင်ပြောခဲ့သည့် ချယ်ရီပင်ကြီးလား။ ဟုတ်မဟုတ် မသေချာပေမဲ့ ကောင်မလေးတစ်ယောက် ထိုင်နေတာတော့ သေချာပါသည်။

ဗိုးချဲလေးပေါ်တွင် အဖြူရောင်ဝတ်စုံလေးကို လွှလွှခြုံရင်း ထိုင်နေသူတစ်ယောက်။ ဆံပင်လေးတွေက နက်မှောင်ပျော့ဖတ်ကာ နောက်သို့ ဖြောင့်စင်းကျနေသည်။ နောက်ဖက်မှာ သူရောက်နေတာကို သူမ သတိပြုမိပုံမပေါ်ပါ။

"ဂျိုယာ . . ."

တိုးသဲ့သဲ့ ခေါ်ယူသံအဆုံးမှာ နောက်ဖက်သို့ ဆတ်ခနဲ လှည့်လာသော မျက်နှာလေးတစ်ခု။

တစ်ခါမှ မမြင်ဖူးခဲ့သော ကောင်မလေးတစ်ယောက်ပါ။

ဒါပေမဲ့ ထိုကောင်မလေးကိုတော့ တစ်ခါမှ မချစ်ဖူးခဲ့သော အချစ်တွေနှင့် သူ ချစ်မိခဲ့ပါသည်။

ဟုတ်ပါတယ်။

ဒါဟာ သူ့ရဲ့ဂျိုယာပါပဲ။

ဒါမှမဟုတ် ဖြူလျော့အားငယ်နေသော ပိုးဟပ်လေးတစ်ကောင်ပေါ့။



"သူက ပိုးပိုးကို လက်ထပ်ချင်တယ်ပေါ့"

ခေါင်းညိတ်ပြတော့ မယုံကြည်နိုင်သလို တစ်ခွန်းဆိုသည်။

"ပိုးပိုးက ဒုက္ခိတနော်"

သူ ပြုံးကာ ကဗျာတစ်ပုဒ် ရွတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီညကပေါ့ . . .
လောကပါလနတ်မင်းဟာ
ကောင်းကင်ကို စုံကိုင်ညှစ်ပြီး
တိမ်မည်းတွေ ဖောက်ခွဲချလိုက်တယ်။

ကြယ်တွေ မကြွေခဲ့ပါဘူး။
တေလေတစ်ယောက်ရဲ့ ရာဇဝင်မှာ
မှန်တိုင်းတွေ ကဆုန်ပေါက်
တောင်ဖြိုမိုးတွေသာ တိုးလျှိုပေါက် ကျဆင်းခဲ့ရတယ်။

သားတစ်ယောက် မွေးဖွားဖို့
ဘယ်ရက္ခစိုးထံ အမေ အမွေးတိုင်ထွန်းခဲ့တယ် မသိဘူး။
ငါ့ရဲ့ အသချေ်မှတ်တမ်းမှာ
သုညနဲ့ မဲပြူးတွေချည်း။
စိကာပတ်ကုံး
ထုံမွှမ်းလို့ . . .



သုညကို ခွဲဝေသုံးသူတွေအတွက်
အာလူးတစ်လုံးလည်း
အဆာပြေခဲ့ပါတယ်။

အာလူးကို မုန်းခဲ့တဲ့ငါ
ဗန်ဂိုးနဲ့ ဆုံပြီးနောက်မှ
စားကောင်းတတ်မှန်း သိလာတယ်။
ဗန်ဂိုးရေ . . .
ဖြစ်နိုင်ရင် နောက်တစ်ပုံ ထပ်ဆွဲဦး . . .ဟဲ့
နင့်အာလူးက ဘီလူးတွေအတွက်
မလောက်ငဘူး . . .

ငါကတော့ နားရွက်မဖြတ်ရဲပါဘူး
ဒါပေမဲ့ . . .
ယုံကြည်ချက်အတွက် ဘယ်နတ်ဆိုး
ရှေ့မှောက်မှာမှ
ဒူးမထောက်၊ လက်မမြှောက်ခဲ့ဘူး



www.burmeseclassic.com

www.burmeseclassic.com

ငါယုံကြည်ရာ ငါလုပ်တယ်
ခံယူချက် မသေသ၍
အသက်တွေက အခါခါသေလည်း
ငါ . . .
နောက်ဆုတ်မှာတော့ မဟုတ်ဘူး။
လုပ်ပြီးရင်း လုပ်နေမယ် . . . ။

ခြသေ့်ကြီးက ငိုနေတယ်
သစ်ပင်ကြီးက အဖော်မဲ့လို့
ဘုရားရှိခိုးကျောင်းက သွေ့ခြောက်ဖျော့တော့ . . .
တစ်ခါတလေတော့လည်း
မိခင်တစ်ယောက်ရဲ့ ငိုညည်းသံကို ကြားမိတယ်။

"ဩော် . . . ငှါရင်သွေးတွေ
ဘယ်ရပ်၊ ဘယ်ဌာနေမှာ နေကြရပါလိမ့်
အဆင်ပြေပါ့မလား . . .
ငါ့ရင်ခွင်မှာလို ပျော်ပါ့မလား . . .
ပညာရေး တတ်လာကြပါ့မလား . . ."



အမေရေ . . .
ကျွန်တော်တို့မှာ တွေးတတ်တဲ့ ဦးနှောက်တွေမရှိတော့ဘူး
အလွတ်ကျက်တဲ့
အခွံချည်းသက်သက်သာ ကျန်တော့တယ်
ပညာတတ်ချင်စိတ်မရှိတော့ဘူး
စာမေးပွဲအောင်ချင်စိတ်သာရှိတော့တယ်

ငှါအမေရဲ့ ဝမ်းပန်းတနည်းငိုသံကို ကြားရတယ်။
. . . . . . . . . . . . . . .
. . . . . . . . . . . . . . .

ကံ့ကော်တန်းတို့ သွေ့ခြောက်နေပြီ။
ခရေပင်က သက်ပြင်းတွေချ။

ဩော် . . .
အနောက်လေတိုက်တဲ့ဘဝတွေ . . .



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်တဲ့ အနုပညာကို
ဘာကြောင့် ချို့တဲ့ထားရတာလဲ၊
ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းစစ်တော့
ထမင်းရည်ပူစည်းတွေက ပြောင်လှောင်ပြ၊
ကြယ်တွေကိုကြည့်ပြီး ငါ အားကျတယ် . . .။

နောက်ဆုံးတော့လည်း
လမ်းထိပ်က ဂျစ်ပစီတွေလို
ဒုက္ခကို သီချင်းလုပ်ဆိုတဲ့ အကျင့်တစ်ခု
မမွေးမြူဘဲ ငါ ရခဲ့ပြီ။

လူငယ်တစ်ယောက်ရဲ့ လောင်းလှေဦးကို
ဓားထစ်တွေ ထုံမွှမ်း
ကြိုးမစုံဘဲ တီးပါစေ
အသံထွက် ရယ်တတ်တယ်ဆိုတာ
လောကသိအောင် ပြောရမယ် . . .



ကြည့်စမ်းပါဦး . . . မြို့ပြင်က သက်ရှည်ပင်ကြီးကို
ကိုယ့်ကိုယ်ကိုယ် ထူမတ်
လက်ရုံးကို ပြိုင်းပြိုင်းလွှင့်
လေနဲ့မိုးကို အစဉ်သဖြင့် ရယ်နေတယ်။

‘ရှိ . . .”
လေချွန်သံကြားရင် လာကြပါ
ငါတို့တွေ သူ့ကို ဂုဏ်ပြုရအောင်

မှောင်သော လောကစံရေ . . .
ငါ့ကို ညှာမနေနဲ့
မင်းနဲ့ ဆုံတိုင်း သက်ရှည်ပင်ကြီးကို
သတိရနေတယ်။

ဒုက္ခဆိုတာ အရိုက်ကြမ်းတဲ့ ဆရာ
ကျောကုန်းတွေ အသားမာတက်ပေမဲ့
ငါ အပြုံးမပျက်ပါဘူး
မင်းနဲ့ ငါတွေ့ကြမယ်။



www.burmeseclassic.com

www.burmeseclassic.com

ငှါတောင်ပံတွေ မရပ်သ၍
ဝေး၍ ဝေး၍ ပျံနေမယ်
တစ်နေ့တော့ ရောက်ရမှာပေါ့
အကန့်သတ်တွေ လွန်တဲ့ တစ်နေရာ . . . .

အဲ့ဒီမှာ . . .
လမင်းရဲ့ အရိပ်နဲ့ အေးချမ်းမှုတွေရှိတယ်
လောကရဲ့ အောင်မြင်မှုနဲ့
ဆရာသခင် သွားရာလမ်း
ကြိုက်ရာတစ်ခုကို ငါ ရွေးနိုင်တယ်
(နှစ်မျိုးရွေးလည်း ရတယ်)

အမှောင်ပြီးရင် အလင်းလာတယ်
မုန်တိုင်းပြီးရင် လေပြည်လာတယ်။



BURMESE CLASSIC .com

ကဲ . . . လောကစံရေ
ရှောင်နိုင်အောင် ရှောင်ပေတော့ . . .
ဒီတစ်ခါ . . . ငါ့အလှည့်ပဲ . . .

. . . . . . . . . . . . .
. . . . . . . . . . . . .
. . . . . . . . . . . . .
. . . . . . . . . . . . .
. . . . . . . . . . . . .

. . . . . . . . . . . . .
. . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

နိဂုံး

(သို့)

မုန်းမမ၏ ရှင်းတမ်း



မိုးအကုန် ဆောင်းအကူးပေမို့ တောင်ပေါ်မြို့လေးရဲ့ မနက်ခင်းက ဖြူလွှမှုန်သီနေသည်။ နှစ်တိုင်းလိုလို ဤမြို့လေးမှာ တခြားနေရာဒေသများထက် ဆောင်းအဝင်စောတတ်၏။

ယခုလည်း ကြည့်ဦး . . . ။ နှင်းပွင့်ဖွေးဖွေးတို့က လေနှင်ရာနှင့်အတူ ဝေ့ဝဲလွင့်ပျံနေကြသည်။ ကောင်းသော မနက်ခင်းပါပဲ။ မင်္ဂလာအပေါင်းနှင့် ခြံရံသက်ဆင်းလာသော ဆောင်းဝတ်ရုံလေးတစ်ခုပါ။

စည်တော်ယွန်းသံကိုတော့ မကြားရ။ ဒါပေမဲ့ ရယ်သံလွင့်လွင့်လေးကိုတော့ နှင်းမှုန်တွေကြားမှာ တိမ်တိမ်တိုးတိုး ကြားရပါသည်။ ကောင်လေးက ကောင်မလေးပခုံးကို ဖေးမတွဲကူကာ လမ်းလျှောက်နေ၏။ ကောင်မလေးက သူမ၏ခြေလှမ်းတို့ကို တည့်မတ်သွက်လက်အောင် ကြိုးစားပြီး လျှောက်လှမ်းနေသည်။

လမ်းလျှောက်ကျင့်နေခြင်း ဖြစ်ရပေမည်။

ထိုမြင်ကွင်းအား သစ်ပင်ကွယ်တစ်နေရာမှ ကြည့်ရှုနေသူတစ်ဦးလည်းရှိသေး၏။

ကြည့်နေရာမှ မျက်ရည်တစ်စက်က နှင်းဝတ်မှုန်တို့ကြားကို ချင်းနင်းကျဆင်းသွားသည်။ နှုတ်ခမ်းကိုကိုက်ကာ သူမ ကြိုးစားပြုံးလိုက်သ၏ ။

ကြည့်စမ်းပါဦး . . . ။



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့ ချစ်လှစွာသော ညီမလေးမှာ ပြုံးလို့ပျော်လို့၊ ချစ်သူရဲ့ ဖေးမကူတွဲမှုမှာ ကြည်နူးသက်ဝင်လို့။

ယခုတော့ သူမ၏ချစ်လှစွာသော ညီမလေးမှာ လွန်ခဲ့သော တစ်ချိန်က ပျောက်ဆုံးခဲ့သည့် နားစွဲလေးကို ပြန်ရှာတွေ့ခဲ့ပါပြီ။

ပြီးတော့ တစ်ဘဝစာ လက်ဝယ် ပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ သူမကရော . . .

တစ်ချိန်က ထိုနားဆွဲလေးကို သူမ ရယူဖို့ ကြိုးစားခဲ့ဖူးပါသည်။

ဒါပေမဲ့ . . .

ချစ်သူ . . .

ခေါ်ခွင့်ရှိရင်တော့ ထပ်ကာထပ်ကာ ခေါ်နေချင်ပါသေးတယ် ကွယ်။


BURMESE CLASSIC .com

ᨒ ᨒ ᨒ

**သိုးဆောင်း**

မြန်မာစံတော်ချိန် နံနက်ဆယ်နာရီ
ငါးဆယ်မိနစ် ရှိပါပြီခင်ဗျာ။






www.burmeseclassic.com